# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၄၅)

# ချင်းပြည်နယ်အား ဦးစားပေးအစီအစဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

# ဒေသခံများကလည်း ကိုယ်ထူကိုယ်ထဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့နှင့် ထန်တလန်မြို့ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရုန်းတောင် အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရုန်းတောင်ပြိုကျမှုကြောင့် တော်လှန်ရေးကန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်နေမှုနှင့် ရေရှည်လုံခြုံစိတ်ချနိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် နိုင်ငံတော်က ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းဘဏ္ဍာရန်ပုံငွေများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အသုံးပြုရန်လိုကြောင်းနှင့် ဒေသခံပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေ

*စာမျက်နှာ ၃ ကော်လံ ၁* ❁





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တာဝန်ရှိသူများ ရာဇဖြိုဟ် ရေလှောင်တမံ ရေယူအဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်**

(သတင်းစဉ်)

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# တောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာန

လာမည့် တောင်သူလယ်သမားနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာန (Call Center) ကို ဖွင့်လှစ်ပေးရန် စီစဉ်နေကြောင်း သိရှိရပါသည်။ တိုင်းပြည်၏ အဓိကလိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးမည့် အစီအစဉ်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ အဆိုပါတောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာနသည် တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကြုံတွေ့ရလျက်ရှိသော အခက်အခဲများ ဖြေရှင်းနိုင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများကို ဖြေကြားဖြန့်ဝေသွားမည်ဟု သိရှိရပါသည်။

တောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာနက ဖြေကြားဖြန့်ဝေသွားမည့် ကိစ္စရပ်များကို ကဏ္ဍအလိုက်တင်ပြရပါက အပင်ရောဂါများ၊ နည်းပညာများ၊ ဓာတ်မြေသြဇာ ဆေးဝါးအသုံးပြုမှု၊ ဈေးကွက်အခြေအနေနှင့် သိရှိလိုသော စိုက်ပျိုးရေးဗဟုသုတများ ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များကို တာဝန်ယူဖြေကြားသွားမည့် ဌာနဖြစ်၍ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်တို့သည် ကျယ်ပြန့်ကြီးမားပါသည်။ တောင်သူလယ်သမားရေးရာမေးဖြေဗဟိုဌာနက ဖြေကြားချက်တို့သည် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများအပေါ် အကျိုးသက်ရောက်စေမည်ဖြစ်၍ ကျွမ်းကျင်ပညာရှင်များကသာ ဖြေကြားရှင်းလင်းသင့်ပါသည်။ ပညာရှင်တို့၏ ပြန်လည်ဖြေကြားချက်များ တိကျပြည့်စုံမှုရှိစေရန်အတွက် ချက်ချင်းပြန်လည်ဖြေကြားမည်ဆိုသောအချက်နှင့် နှစ်ဆယ့်လေးနာရီ ပြန်လည်ဖြေကြားမည်ဆိုသော အချက်တို့ကို ပြန်လည်သုံးသပ်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

တောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာနသည် ကျယ်ပြန့်သော လုပ်ငန်းတာဝန်တို့ကို ထမ်းဆောင်ရမည်ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အလားတူလုပ်ငန်းတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ FM ရေဒီယိုအပါအဝင် အသံလွှင့်ဌာနများ၌ စိုက်ပျိုးရေးဆိုင်ရာ အမေးအဖြေကဏ္ဍများကို ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ အမေးအဖြေကဏ္ဍများတွင် တာဝန်ယူဖြေကြားလျက်ရှိသော ပညာရှင်တို့၏ အကူအညီ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရယူသင့်ပါသည်။ တောင်သူလယ်သမားရေးရာ မေးဖြေဗဟိုဌာန၏ ဖြေကြားချက်များအပေါ် ပညာရှင်တို့၏အကူအညီဖြင့် ခြုံငုံသုံးသပ်၍ သင့်တော်ရာအကြောင်းအရာများကို ရုပ်မြင်သံကြား နှင့်ရေဒီယိုတို့မှ ပြန်လည်ထုတ်လွှင့်ပေးနိုင်ပါက တိုင်းပြည်အတွက် အကျိုးများမည် ဖြစ်ကြောင်း လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်သင်တန်း ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် အတန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ဈေးရောင်းပွဲ၊ ကရာတေးသရုပ်ပြပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

### ထင်သာမြင်သာပြုပြင်စရာ

## ကန်ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာ ကမ်းပြိုမှုကြောင့် ဒေသခံတို့ အန္တရာယ်ကြုံတွေ့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာသည် အုပ်ချုပ်ရေးနယ်မြေအရ ကန်ကြီးထောင့်မြို့နယ် ကမ်းနံဘေး၌ တည်ရှိသည်။ ကျေးရွာငါးရွာပါဝင်သည့် ကျေးရွာအုပ်စုကြီးဖြစ်ပြီး ဒေသခံရွာသူရွာသား၊ ကျောင်းသား ကျောင်းသူတို့မှာ ပုသိမ်မြို့သို့ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားထား၍ ကျောင်းတက်ကျောင်းဆင်း သွားလာနေကြရသည်။

ယခင်က သင်္ဘောဆိပ်၊ စက်လှေဆိပ် တံတားများရှိခဲ့သော်လည်း မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းနားနေထိုင်သည့် အိမ်ခြေ ၅၀ ကျော်နှင့် တံတားများ ပြိုကျပျက်စီးဆုံးရှုံးမှု နှစ်ကြိမ်ခံခဲ့ရသည်။

ယခုနှစ်တွင်လည်း ကမ်းပြိုကျမှု ထပ်မံဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူတို့မှာ သွားရေးလာရေး အန္တရာယ်ကြုံတွေ့နေရသည်ကို ပုံတွင်မြင်တွေ့ရသည့်အတိုင်း ထင်သာမြင်သာပြုပြင်စရာ တင်ပြလိုက်ရပါသည်။

**ပုသိမ်-လှကြည်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၈၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၇ ・ ၂၄ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၀၀ |

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့၊ နမ့်စန်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၃ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဟားခါးမြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်

❁ ရှေ့ဖုံးမှ

သည့်လုပ်ငန်းများ ဖြစ်ရန်လိုကြောင်း ပြောကြားပြီး ရန်းတောင်မြေဆီလွှာကြွခိုင်ရေးအတွက် ရှင်သန်ဖြစ်ထွန်းနိုင်သည့် အပင်များ စိုက်ပျိုးရန် မှာကြားသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း**

ထို့နောက် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာအရှင် တေဇောသာရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဟားခါးနှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်းသို့ ရောက်ရှိကြရာ သိက္ခာတော်ရဆရာတော် ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ သိက္ခာတော်ရဆရာတော် ပေါလ်သုမ်ကျဲအိုက နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအတွက် ကောင်းချီးမင်္ဂလာဆုတောင်းပေးပြီး နိုင်ငံတော်သမ္မတက ဟားခါးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဆရာတော် ၁၀ ပါးအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား နွေးနွေးထွေးထွေး လိုက်လံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး တိုးချဲ့လူနာဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ ဟားခါးမြို့နယ်လူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ပြောကြားသည်။

**လိုအပ်ချက်များ တင်ပြ**

တွေ့ဆုံပွဲတွင် ဟားခါးမြို့ မြို့မိမြို့ဖ ဦးရှုန်မန်းက ဟားခါး-မတူပီ-ပလက်ဝလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဟားခါးမြို့တွင်းလမ်းများအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဟားခါးမြို့တွင် အစိုးရသစ်ခွဲစက်နှင့် သစ်အရောင်းဆိုင်ဖွင့်လှစ်ပေးရေး၊ ဟားခါးမြို့အတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရေး၊ ဟားခါးမြို့တွင် နည်းပညာတက္ကသိုလ်ဖွင့်လှစ်ပေးရေး၊ ဟားခါးမြို့ ဆေးရုံကြီးအား ခုတင် ၅၀၀ ဆံ့အဖြစ် အဆင့်မြှင့်တင်ပေးရေးတို့ကို လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုက တွန်းဇန်၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များနှင့် ရိခေါဒါ၊ လိုင်လင်းပီ၊ ရေဇွာ၊ ဆမီးမြို့များ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာ မြင့်ထွေး၊ ဒေါက်တာအောင်သူ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

**သွားရောက်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟားခါးကောလိပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြပြီး ထန်တလန်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးလိုက်လံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထန်တလန်မြို့နယ်လူထုနှင့် မြို့နယ်ခန်းမ၌ တွေ့ဆုံရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရမ်ခါက ထန်တလန်မြို့နယ်အတွက် မဟာဓာတ်အားလိုင်းသွယ်တန်းပေးရေး၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းအား အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရေး၊ ဌာနပေါင်းစုံ စုပေါင်းရုံးတည်ဆောက် ပေးရေး၊ အစိုးရဌာနနှစ်ခု ဖြည့်စွက်ဖွင့်လှစ်ပေးရေး၊ သောက်သုံးရေရရှိရေးအတွက် ရေလှောင်တမံ တည်ဆောက်ပေးရေး၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းနှင့် ဘေ့နုမြစ်ကူးတံတား အကောင်အထည်ဖော် ဆောင်ရွက်ပေးရေး၊ ဟားခါး-ထန်တလန်လမ်းအား ၁၈ ပေ အကျယ် ကတ္တရာလမ်းခင်းပေးနိုင်ရေး၊ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တည်းခိုရိပ်သာနှင့် အဆင့်မီခန်းမ တည်ဆောက်ပေးရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

**ဖြည့်ဆည်းပေးမည်**

ထို့နောက် နိုင်ငံတော်သမ္မတက ချင်းပြည်နယ်အား ဦးစားပေးအစီအစဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံများအနေဖြင့်လည်း ကိုယ်ထူကိုယ်ထဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရိုးရာလက်မှုလုပ်ငန်းများကိုလည်း တီထွင်ကြံ့ဆမှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်းခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြံ့ဆဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြန်လည်တူးဖော်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ထူးကဲ မိုးရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ရေလှောင်တမံအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေ၊ သဘာဝတောင်ပြိုရေကန်ကျိုးပေါက်မှုမှ ကာကွယ်ရန်အတွက် နုန်းဖမ်းဆည်များ တည်ဆောက်ခဲ့မှုအခြေအနေ၊ သဘာဝတောင်ပြိုရေကန်ကျိုးပေါက်မှုကြောင့် နုန်းဖမ်းဆည်များပျက်စီးမှုနှင့် ရာဇဂြိုဟ်ရေလှောင်တမံအတွင်း ရုတ်တရက်ရေအလုံးအရင်းဝင်ရောက်မှုအခြေအနေ၊ ရေယူအဆောက်အအုံရှေ့နုန်းစုပ်ထုတ်မှုနှင့် သစ်လုံးများဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများ ပြုပြင်ဖော်ထုတ်ခြင်းနှင့် ရေပေးမြောင်း၊ ရေနုတ်မြောင်းများ ပြုပြင်တူးဖော်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရာဇဂြိုဟ်ရေလှောင်တမံ ရေယူအဆောက်အအုံနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေအားလျှပ်စစ် စက်ရုံရှိ နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။ **(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရန်းတောင်အခြေအနေအား ကြည့်ရှုကြစဉ်**
(သတင်းစဉ်)

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံစာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဟောင်း မစ္စတာ ဝါတာနာဘေးနှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရာတေးဒိုနှင့် လုံ့စွပ်ထိုးအားကစားများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် အငြိမ်းစားယူသွားကြသည့် မြန်မာ့တပ်မတော်သားများအတွက် အိမ်တွင်းမှုလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သင်တန်းပေးရေးနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံစာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဟောင်း မစ္စတာ ဝါတာနာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# ပဲခူးတံတားတည်ဆောက်ရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်း ပြုပြင်မွမ်းမံရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ နံနက် ၉ နာရီတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား အလတ်စား စီးပွားရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး၊ မက်ခရိုစီးပွားရေးကို အထောက်အပံ့ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာရေးအတွက် ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ သီလဝါအထူးစီးပွားရေးဇုန်ကို အဆင့်မြင့်အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ဆောင်ရွက်ပေးမည့်ကိစ္စ၊ ပဲခူးတံတားတည်ဆောက်ရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းပြုပြင်မွမ်းမံမည့်ကိစ္စ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဆက်သွယ်မှုခိုင်မာစေရေး၊ မှန်ကန်သည့်မူဝါဒများရေးဆွဲရေးတို့တွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Singapore Institute of International Affairs (SIIA) ၏ ဥက္ကဋ္ဌ Mr. Simon Tay နှင့် အဖွဲ့အား နံနက် ၁၀ နာရီခွဲတွင် တွေ့ဆုံခဲ့ပြီး SIIA ၏ အထူးအစီရင်ခံစာကိစ္စများ၊ ဘဏ္ဍာရေးကဏ္ဍနှင့် စီးပွားရေးလမ်းညွှန်ချက် အစီရင်ခံစာကိစ္စများ၊ 2nd ASEAN Myanmar Forum ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# တိုင်းဒေသကြီးဝန်ကြီး ကျေးလက်တံတား တည်ဆောက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၂၁**


ပြည်မြို့နယ် တောင်ကုန်းကျေးရွာပြည်သူများနှင့် အနီးဝန်းကျင်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မွမ်းမံ) ရန်ပုံငွေဖြင့် ယင်းကျေးရွာအဝင် ကျေးလက်လမ်းမပေါ်၌ တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၃၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၂၅ ပေရှိ ဘိုးပိုင်သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးအောင်ကျော်လူ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးပြည်မှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဩစတြေးလျရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံ ဒုတိယရဲချုပ် Mr.Neil Gaughan ဦးဆောင်ပြီး အာရှ (ပေကျင်း) မန်နေဂျာ Commander Glen McEwen, AFP မှ အကြီးတန်းဆက်ဆံရေးအရာရှိ Mr.Jared Taggart ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်အား လာရောက်တွေ့ဆုံသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေအခြေအနေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကဏ္ဍ၊ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကဏ္ဍများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် Community-Based Policing ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဩစတြေးလျရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က ဩစတြေးလျရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရေး စက်မှုဇုန်အဆင့် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ၌ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်အရ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရေး စက်မှုဇုန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သည်။

" ILO ဘက်က နည်းပညာရပ်ပိုင်းဆိုင်ရာတွေနဲ့ ပြည်ပနိုင်ငံတွေက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တွေကိုပြောပါတယ်၊ ဒါ့အပြင် စက်မှုဇုန်တွေက ကလေးအလုပ်သမားပြဿနာတွေကို ဖြေရှင်းဖို့နည်းလမ်းတွေနဲ့ ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်မြှင့်တင်ဖို့အကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးနဲ့ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေတဲ့အပေါ် ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်" ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်က ယနေ့ ဆွေးနွေးမှုအပေါ် ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ILO Convention 182 (အဆိုးရွားဆုံးပုံစံ ကလေးအလုပ်သမားခိုင်းစေမှုပြဋ္ဌာန်းချက် ) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမေရိကန်နိုင်ငံ အလုပ်သမားဌာန၏ ငွေကြေးအထောက်အပံ့၊ ILO ၏ နည်းပညာအကူအညီတို့ဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လေးနှစ်တာစီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ကလေးအလုပ်သမားပပျောက်ရေးသည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲဖော်ထုတ်ရန် ILO အကြံပေးအရာရှိ Ms, Birgitte က ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်အတွက် အဓိကအကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အကြံပြုမေးခွန်းလွှာများ ပေးပို့ပြီး ဆွေးနွေးကောက်ယူခဲ့သည်။

အကြံပြုစစ်တမ်းများအရ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရန် အလုပ်အကိုင်နှင့် အလုပ်သမားဈေးကွက်၊ အဓမ္မခိုင်းစေမှုနှင့် လူကုန်ကူးမှု၊ ပညာရေးနှင့် သက်မွေးသင်တန်းဆိုင်ရာကိစ္စရပ်များ၊ ဦးစားပေးမှု၊ လူမှုရေးဆိုင်ရာအကာအကွယ်ပေးမှုနှင့် သက်သာချောင်ချိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ဦးစားပေးမှုများ၊ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် စိုက်ပျိုးရေးမူဝါဒများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် တုံ့ပြန်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ မူဝါဒရေးရာ ခြုံငုံသုံးသပ်မှုများကိုအခြေခံရန် လိုအပ်ကြောင်း သိရသည်။

အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲရေးကော်မတီများဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ သဘောထားအမြင်များကို ရယူနိုင်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မူကြမ်းရေးဆွဲရေးအဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်တို့ရှိ စက်မှုဇုန်များမှ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုရလဒ်များအပေါ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ထပ်မံကျင်းပပြုလုပ်ကာ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (မူကြမ်း) ကို ရေးဆွဲဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။
**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ဒေါ်ခင်ကြည်ဆေးရုံ(ဇဟန်းအမျိုးသမီးဆေးရုံ)ကို မွမ်းမံတည်ဆောက်



**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက လှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဇဟိုအသင်းက တာဝန်ယူဆောင်ရွက်သည့် ဇဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံ အဆောက်အအုံ မွမ်းမံတည်ဆောက်မှု ရတနာ ပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ယင်းဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြင့်သောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ဇနီးနှင့် ဆေးရုံအုပ်ကြီး ဒေါ်သင်းယုဇော်တို့ တက်ရောက်ပြီး နှစ်ထပ်အဆောက်အအုံအတွက် ပန္နက်တော်တင်ပေးသည်။

“ကျွန်တော်တို့ ဒီဆေးရုံကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တရုတ်အစိုးရရဲ့ ငွေကြေးပံ့ပိုးပေးမှု၊ တိုင်းဒေသကြီးအစိုးရရဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေနဲ့အတူ ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးအဖြစ် မွမ်းမံတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောက်လုပ်တဲ့နေရာမှာ ရှေးမူမပျက် မူလအဆောက်အအုံကို မွမ်းမံတည်ဆောက်ပြီး အသစ်အနေနဲ့ နှစ်ထပ်ဆောင်တစ်ခုကိုလည်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တရုတ်-မြန်မာပူးပေါင်းဆက်ဆံရေးဇဟိုအဖွဲ့က တာဝန်ယူတည်ဆောက်ပြီး ၂၀၁၇ ခုနှစ်ဇူလိုင် ၁၉ ရက်မတိုင်မီ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က အခမ်းအနားတွင် ပြောကြားသည်။

တရုတ်အစိုးရအနေဖြင့် အဆိုပါဆေးရုံကို မွမ်းမံတည်ဆောက်ပေးမည့်အပြင် ဆေးရုံ၌ ခန့်ထားမည့်ဆရာဝန်၊ သူနာပြုများကိုလည်း တရုတ်အစိုးရ၏ အထောက်အပံ့ဖြင့် နိုင်ငံရပ်ခြားသို့ ပညာသင်စေလွှတ်နိုင်ရေးနှင့် ဆေးရုံ၌ လိုအပ်သည့် ပစ္စည်းကိရိယာများ၊ ဆေးပစ္စည်းများကိုလည်း ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ ယင်းဆေးရုံကြီးကို အဆင့်မြှင့်မွမ်းမံဖွင့်လှစ်ပြီးပါက ကုသရေးဆေးရုံအပြင် သားဖွားကလေးအထူးကုသင်တန်းများကိုလည်း ပို့ချပေးသည့် အဓိကဆေးရုံကြီးဖြစ်လာစေရန် မျှော်မှန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါက်တာ သာထွန်းကျော်က ဆက်လက်ပြောကြားသည်။

ယင်းဆေးရုံသည် ယခင်ကမီဝပ်ဂျီကိုဝါ(စ်)ဂျီခန်းမအမည်ဖြင့် ၁၉၃၃ ခုနှစ် ဩဂုတ် ၂၂ ရက်က အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၃၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် အမျိုးသမီးနှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သို့လွှဲပြောင်းပေးအပ်ခဲ့ပြီး မီဝပ်ဂျီကိုဝါ(စ်)ဂျီခန်းမအမည်ကို တာဝါလိန်းအမျိုးသမီးဆေးရုံဟု အမည်ပြောင်းလဲ၍ သားဖွားဆေးရုံအဖြစ် အသုံးပြုခဲ့ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်က ဆေးရုံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း ဒေါ်ခင်ကြည်ဆေးရုံအဖြစ် လူသိများလာခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်းစိုး(မြန်မာ့အလင်း)**

# ပြည်မြို့အနီး ဧရာဝတီမြစ်ကြောင်းအတွင်း တိုင်းထွာမှုများပြုလုပ်

**ပြည် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီး ဧရာဝတီမြစ်ကြောင်းအတွင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန (နေပြည်တော်)မှ မြစ်ကြောင်းသောင်ထွန်းနေမှုအခြေအနေနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တိုင်းထွာမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့၏ ယခင်တိုင်းထွာမှုမှတ်တမ်းများအရ ပြည်မြို့ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ပြီး မတ်စောက်မှုများတွေ့ရကြောင်း၊ ထို့အပြင် ညောင်ဦးစခန်း၌ တိုင်းတာခဲ့ရာတွင်လည်း မြစ်ကြောင်းမှာ တစ်ခုတည်းမရှိတော့ဘဲ မြစ်လယ်၌ သောင်ထွန်းမှုများ ဖြစ်ပေါ်ကာ ဧရာဝတီမြစ်အခြေအနေမှာ ထိန်းသိမ်းမှုများပြုလုပ်သင့်ပြီး ထိန်းသိမ်းမှုမပြုလုပ်ပါက မြစ်ကောသွားနိုင်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သောင်ထွန်းလာမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးလာမှုများအပြင် သောင်ထွန်းမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် ရေရှည်တွင် ဧရာဝတီမြစ်ကြီး ပျောက်ကွယ်သွားနိုင်ကြောင်း၊ မြို့နယ်အလိုက် ကမ်းပါးထိန်းသိမ်းမှုများအပြင် မြစ်ထဲ၌ သောင်ပေါ်လာလျှင် တူးပေးသင့်လျှင်တူးပေးရန်လိုအပ်ကာ ဧရာဝတီမြစ်ကြီး ရေရှည်တည်တံ့ရန်အတွက် လုပ်သင့်သည်ဟု ယူဆကြောင်း နေပြည်တော် မိုးလေဝသနှင့်ဇလဗေဒဌာန ဦးစီးအရာရှိ ဦးမျိုးထွန်းဦးက ပြောကြားသည်။ ဧရာဝတီမြစ်ရေတိုင်းထွာမှု လုပ်ငန်းများကို မြစ်ကြီးနား၊ ညောင်ဦး၊ မကွေးနှင့်ပြည်တို့၌ တိုင်းထွာရေးစခန်းများအဖြစ် မြစ်ရေအမြင့်၊ ထုထည်နှင့်ရေစီးနှုန်း၊ မြစ်အကျယ်၊ မြစ်ကြမ်းပြင်အနက်၊ ရေအပူချိန်၊ သဲနုန်းပို့ချမှုတို့ကို တိုင်းထွာခဲ့ပြီး ရရှိသောအချက်အလက်များကို မြစ်ကြောင်းနှင့်ဆိုင်သည့် ဌာနများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို Ayarwady Integrated River Basin Management Project(AIRBM) က ပြုလုပ်သည့် လုပ်ငန်းများထဲမှ လုပ်ငန်းစုတစ်ခုဖြစ်ပြီး ချင်းတွင်းမြစ်တွင်လည်း မုံရွာ၊ ခန္တီးမြို့တို့၌ တိုင်းထွာမှုများ ပြုလုပ်ခဲ့သေးကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



✻ *ကျော်ဖုံးမှ*

အရင်ဆွေးနွေးတာပါ။ ၂၀၁၆ ဇန်နဝါရီမှာလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာတုန်းကလည်း ကျွန်တော်တို့မှ (၈) ချက်ကို တင်သွင်းခဲ့ပါတယ်”ဟု ပြောကြားသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သယံဇာတကဏ္ဍလေးခုအတွက် ဆွေးနွေးရန် UPDJC မှ မူအဖြစ်ချမှတ်ပေးထားပြီး လာမည့် (၂၁) ရာစုပင်လုံတွင် ရလဒ်တစ်စုံတစ်ရာရရှိစေရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အနည်းဆုံး အခြေခံမူရရှိရန်အဆင့်အထိ ရရှိရန်မျှော်လင့်သည်ဟု ဖေဖော်ဝါရီလဆန်းပိုင်းက ပြုလုပ်သည့် UPDJC အစည်းအဝေးတွင် ဆွေးနွေးထားသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းကိုယ်စားပြု CNDJC ညှိနှိုင်းရေးမှူး ဆလိုင်းကျုံးလျှန်ထောင်းက “ထန်တလန်မှာ ကျင်းပမယ့်ဆွေးနွေးပွဲက ဒီတစ်ခေါက်တည်းအတွက် မဟုတ်ဘဲ လာမယ့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲအတွက် ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုချမှတ်သွားမလဲဆိုတာကို ဆွေးနွေးမှာပါ။ ကျွန်တော်တို့ ရည်မှန်းထားတာက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားတွေအားလုံး သဘောတူထားတဲ့အပေါ်မှာ ချင်းအမျိုးသားတွေအနေနဲ့ ဘယ်လိုမျိုးစဉ်းစားချက်တွေ ပေးနိုင်မလဲဆိုတာ အလေးပေးဆွေးနွေးမှာပါ။ ဆွေးနွေးမှုကထွက်လာတဲ့ မတူညီတဲ့ သဘောထားတွေကို စုစည်းပြီး UPDJC အောက်မှာရှိတဲ့ သက်ဆိုင်ရာလုပ်ငန်းကော်မတီကိုတင်သွင်းပြီး အဲ့ဒီကနေတစ်ဆင့် (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကိုတင်သွင်းဖို့ ကြိုးပမ်းသွားမှာပါ”ဟု ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် ပြုလုပ်သည့် တိုင်းရင်းသားညီလာခံက သဘောတူချမှတ်ထားသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူ (၈) ချက်တွင် အချုပ်အခြာအာဏာသုံးရပ်ပိုင်းခြားခွဲဝေမှု၊ တန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုအခွင့်အရေးအာမခံချက်၊ ဒီမိုကရေစီနှင့် ကျား၊ မ တန်းတူရေး၊ ဘာသာရေးကိုအခြေမခံသည့် နိုင်ငံတော်ဖြစ်ရေး စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

ချင်းနိုင်ငံရေးပါတီများကိုယ်စားပြု CNDJC ညှိနှိုင်းရေးမှူး ဦးပိုင်ဆာ့ခ် (ချင်းဒီမိုကရေစီအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ) က “ထန်တလန်ဆွေးနွေးပွဲမှာ အဓိကကတော့ နိုင်ငံရေးခေါင်းစဉ်အောက်က ဆွေးနွေးမှာပါ။ အချုပ်အခြာအာဏာသုံးရပ်ကိစ္စ၊ တန်းတူညီမျှမှုကိစ္စ၊ ဘာသာရေးကိုအခြေမခံတဲ့ နိုင်ငံတော် ဖြစ်လာဖို့ကိစ္စ၊ ဒီမိုကရေစီအရေးနဲ့ ကျား၊ မ တန်းတူရေးကိစ္စ စတဲ့ကိစ္စရပ်တွေကို အဓိကထားဆွေးနွေးမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

ချင်းပြည်နယ်၌ ကျင်းပမည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ချင်းကိုယ်စားလှယ်များအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းနှင့် NCA နှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မည်ကဲ့သို့ဆက်လက်ကျင်းပသွားမည်ဆိုသည့် အချက်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် ထန်တလန်တွင် ကျင်းပမည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွင် ဖိတ်ကြားရေးအတွက် ချင်းအမျိုးသားတပ်ဦး (CNF) မှ ၁၅၀၊ ချင်းနိုင်ငံရေးပါတီများမှ ၁၅၀၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းမှ ၁၅၀ ဖိတ်ကြားခွင့်ရရှိပြီး ပါဝင်သင့်ပါဝင်ထိုက်သောပုဂ္ဂိုလ်များ မကျန်စေရန်အတွက် ပူးတွဲကော်မတီမှ ၅၀ ဖိတ်ကြားသွားမည်ဖြစ်သည်။

ရမ်းကုလ်ကျုံး(CNF)က “ချင်းပြည်နယ်မှာ မြို့နယ် ကိုးမြို့နယ်ရှိပါတယ်။ ချင်းပြည်နယ် ပြင်ပမှာ ချင်းလူမျိုးနေထိုင်တဲ့ မြို့နယ် ၂၀ ကျော်လောက်ရှိပါတယ်။ စစ်ကိုင်း၊ မကွေး၊ ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မန္တလေး အဲ့ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ချင်းတွေကိုလည်း ပါဝင်စေချင်တဲ့အတွက် မြို့နယ် ၃၀ ကျော်လောက်က ချင်းကိုယ်စားလှယ် ၅၀၀ လောက်ကို တက်ရောက်ဖို့ စီစဉ်ထားပါ တယ်။ လေ့လာသူအနေနဲ့ ၁၀၀ လောက်လက်ခံဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားတွေက နိုင်ငံတကာမှာ ပျံ့နှံ့နေပါတယ်။ ကျွန်တော်တို့က အွန်လိုင်းသဘောမျိုးနဲ့ ဖွင့်ထားပြီး စာတွေလက်ခံပေးမယ်။ အမေရိကန်နိုင်ငံ တစ်ခုတည်းမှာတင် ချင်းတိုင်းရင်းသား ၆၀၀၀၀ လောက်ရှိနေပါတယ်။ သူတို့ရဲ့အသံတွေ ကျွန်တော်တို့က ယူဖို့လိုပါတယ်။ လေ့လာသူတွေအနေနဲ့ မတက်ရောက်နိုင်ရင်တောင် စာတင်ဖို့ လက်ခံပါမယ်”ဟု ပြောကြားသည်။

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

# ပဲခူးမြို့မစျေးကြီး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်



**ပဲခူး ဖေဖော်ဝါရီ ၂၁**

ပဲခူးမြို့မစျေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီက ပဲခူးမြို့မစျေးကြီး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် စည်ပင်ဝန်ထမ်းများ၊ စျေးအကျိုးဆောင်အဖွဲ့ဝင်များ၊ စျေးသူစျေးသားများ တက်ရောက်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြ မီးငြိမ်းသတ်မှုတို့ကို လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**



# စလင်းမြို့နယ် လေးအိမ်စုကျေးရွာ၌ အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ်ရှိ အဘိုး ဦးမိုးအေး ယခုထက်ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာနေထိုင်လျက်ရှိ

သတင်း - ဇင်ဦး
(မြန်မာ့အလင်း)
ဓာတ်ပုံ-
သီဟစည်သူ

အသက် ၁၁၆ နှစ်အရွယ်ရှိ အဘိုး ဦးမိုးအေး၏ ဇာတာခွင်ကို တွေ့ရစဉ်

**စလင်း ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျွန်းရင်းအုပ်စု လေးအိမ်စုကျေးရွာ၌ အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ်ရှိ အဘိုး ဦးမိုးအေးမှာ ယခုထက်ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာ နေထိုင်လျက်ရှိသည်။

လေးအိမ်စုကျေးရွာ ဇာတိချက်မြှုပ်ဖြစ်သော အဘိုး ဦးမိုးအေးသည် မွေးဖွားစဉ်အချိန်မှစ၍ အသက် ၇၅ နှစ်အထိတိုင် ခားမဦးချ လယ်ယာလုပ်ငန်းလုပ်ကိုင်ကာ ယခု အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ်အထိတိုင် ကျန်းမာစွာ နေထိုင်လျက်ရှိနေသည်။ ဦးမိုးအေးကို လေးအိမ်စုကျေးရွာနေ အဖ ဦးထွန်းဇံ၊ အမိ ဒေါ်သန့်တို့က “ဇေယျတုသက္ကရာဇ် ၁၂၆၂ ဒီဃ ၄၈၄ ရဿန္ဒိန်သူရိယမာဿမိဿရာသီ စန္ဒြာ မာသဝေါယက်သ လပြည့်ကျော် ၂ ရက် တနင်္လာနေ့ နေမွန်းတံ ၂ ချက်တီးအချိန် ရတနာသုံးပါးဦးထိပ်တင်လျက် မာတာမိခင် သတ္တိ့သားရတနာကို ဖွားသန့်စင်သည်။ အမည်သည် ခေါ်စရာ သော်ကား မောင်ကျော်တင် ဇာတာအာယုဒီဃံသုခံ”ဟု ဇာတာခွင်အရ မြန်မာသက္ကရာဇ် ၁၂၆၂ ခု ကဆုန်လဆုတ် ၂ ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့ပြီး တနင်္လာနေ့ မွန်းတိမ်းတွင် မွေးဖွားခဲ့သဖြင့် ငယ်နာမည် မောင်ကျော်တင်ဟု အမည်တွင်ခဲ့သည်။ သို့သော်လည်း မိုးတွင်းအချိန်ဖြစ်၍ ၎င်းမွေးဖွားချိန်တွင် မိုးများအေးချမ်းစွာ ရွာသွန်းခဲ့သဖြင့် မိဘများက ချစ်စနိုးဖြင့် မောင်မိုးအေးဟု ခေါ်တွင်သဖြင့် ဦးမိုးအေးအမည်သာ တွင်ခဲ့သည်။

### ပြေးလွှားခဲ့ရ

ငယ်စဉ်အချိန်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ စာပေသင်အံကာ မိဘများနှင့် လယ်ယာလုပ်ကိုင်ရင်း ဂျပန်ခေတ်အရောက်တွင် ဂျပန်ချွေးတပ်အဆွဲခံရကာ ရခိုင်ပြည်နယ်သို့ ရောက်ဖူးခဲ့ကြောင်း၊ ဂျပန်ခေတ် ပုံးဆန်၊ အမြောက်ဆန်များအကြား ပြေးလွှားခဲ့ကြရပြီး လေယာဉ်သံကြားသည်နှင့် တောတွင်းသို့သာ အပြေးဝင်ခဲ့ရကြောင်း အဘိုး ဦးမိုးအေးက ပြောကြားသည်။ ချွေးတပ်အငှားလိုက်ချိန်တွင် ရခိုင်ရိုးမ တောင်ကြောပေါ်တွင် နှစ်လနှင့် ခြောက်ရက်တာ အလုပ်လုပ်ခဲ့ရကြောင်း ပြောပြသည်။

### ငယ်ဘဝအကြောင်းပြောပြ

“ငယ်ငယ်တုန်းက ဂျပန်ခေတ် ချွေးတပ်ဆွဲလို့ ပါသွားဖူးတယ်။ ချွေးတပ်လိုက်သွားတော့ အခု အနောက်ဘက်ရိုးမကြားထဲမှာ လမ်းတွေဖောက်ရတယ်။ ဖျားတဲ့သူတွေလည်း ဖျားကြနာကြတယ်။ အဘလည်း အဲဒီမှာ နှစ်လနဲ့ ခြောက်ရက်ကြာတယ်။ အဲဒီအချိန်မှာပဲ သုံးရက်လောက်ဖျားခဲ့သေးတယ်။ ချွေးတပ်ထဲမှာက ဆရာဝန်တစ်ယောက်၊ ဆရာမတစ်ယောက်ပါတယ်။ ဆရာဝန်ကြီးမရှိချိန်မှာဆိုရင် ကျန်တဲ့ဆရာမတစ်ယောက်ကိုတောင် အဘိုးတို့ စခဲ့နောက်ခဲ့ကြသေးတယ်။ သူ့နာမည်က မသိန်းတဲ့။ သူလည်းမနေသာပါဘူး လိုက်ခဲ့ရတာပဲ။ ဆေးကုတယ်ဆိုပေမယ့် ဆေးကတစ်မျိုးပဲပါပါတယ်။ ချောင်းဆိုးလည်း ကွီနိုင်၊ ဗိုက်နာလည်း ကွီနိုင်၊ မျက်စိနာလည်း ကွီနိုင်၊ ဘာပဲဖြစ်ဖြစ် ကွီနိုင်ဆေးပဲပေးတယ်၊ မစွံပါဘူး။ အဲဒီမှာ အဘိုးတို့ကို အစောင့်ကျတဲ့ ဂျပန်ကြီးမှာ သမီးနှစ်ယောက်ရှိတယ်။ အဲဒါကို အဘိုးတို့က ဂျပန်ကြီး သမီးနှစ်ယောက်ရှိတာ တစ်ယောက်ကျုပ်ပေးဆိုတော့ ဂျပန်ကြီးက အားကြီးကောင်းဗျား လို့ပြောတယ်။ အဘိုးနဲ့အတူ ခုနစ်ယောက်သွားကြတာ အခု



အဘိုး ဦးမိုးအေးနှင့် အသက် ၁၀၀ပြည့်ချိန် ၂၀၀၀ ပြည့်နှစ်က အစိုးရမှ ပေးအပ်ခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်ကို တွေ့ရစဉ်

တော့ မရှိကြတော့ဘူး။ အဘိုးတစ်ယောက်ပဲ ကျန်တော့တယ်။ အပြန်ကျချွေးတပ်ပြန်လက်မှတ်နဲ့ ပုဆိုးတစ်ထည်ပါ လက်ဆောင်ရခဲ့တယ်”ဟု ၎င်းတို့ ချွေးတပ်အငှားလိုက်ခဲ့ရပုံအကြောင်း ငယ်ဘဝကို ရယ်ကာမောကာ ပြောပြသည်။

ချွေးတပ်အငှားလိုက်ချိန် အမ်းတောင်ကြားလမ်းဖောက်လုပ်သည့်နေရာ၌ အလုပ်လုပ်ခဲ့စဉ်က စားသောက်ခဲ့ရပုံကိုလည်း “ချင်းတောင်ပေါ်မှာ အလုပ်လုပ်တော့ ဘာဟုတ်မလဲကွာ နံကနံနဲ့ ရခိုင်ငါးပိနဲ့ ချင်းတွေလာရောင်းတဲ့ လက်တစ်ညှိုးလောက်ရှိတဲ့ ငရုတ်သီးတောင့်နဲ့ပဲ စားရတယ်”ဟုပြောပြသည်။

လေးအိမ်စုကျေးရွာ၌ တောင်သူလယ်ယာလုပ်ကိုင်ချိန်တွင် ၎င်းတို့ငယ်စဉ်အချိန်က စပါးတစ်တင်းလျှင် ငွေငါးပဲ၊ ခြောက်ပဲ၊ နှမ်းတစ်တင်း ဆယ့်ငါးကျပ်၊ ပဲကြီးတစ်တင်း ငါးကျပ်သာရကြောင်း တစ်နှစ်လျှင် နှမ်းတစ်ရာ၊ တစ်ရာ့ငါးဆယ်ခန့် ရရှိခဲ့ဖူးကြောင်း အဘိုး ဦးမိုးအေးက ပြောပြသည်။

### ကျန်းမာစွာနေနိုင်

အဘိုးဦးမိုးအေး လူပျိုဖြစ်ချိန်တွင် ၎င်းနှင့် တစ်ရွာတည်းနေ ဒေါ်ခင်ပုနှင့် အကြောင်းပါခဲ့ကာ သားသမီးရှစ်ယောက် မွေးဖွားခဲ့သော်လည်း ဦးတင်အုန်း၊ ဒေါ်ခင်အုန်းနှင့် ဦးဟန်သောင်းတို့ သုံးယောက်သာ အဖတ်တင်ခဲ့ကြောင်း သိရသည်။ ဦးတင်အုန်းမှာ အသက် (၇၀)၊ ဒေါ်ခင်အုန်းမှာ အသက် ၅၄ နှစ်အရွယ်တွင် ဆုံးပါးခဲ့ပြီး ဦးဟန်သောင်းမှာ အဘိုးနှင့်အတူ နေထိုင်လျက်ရှိကာ ၎င်းတို့၏ သားသမီး သုံးယောက်၊ မြေးဆယ်ယောက်နှင့် မြစ်ခြောက်ယောက်တို့ဖြင့် မျိုးဆက်သုံးဆက်တိုင် သက်ရှည်ကျန်းမာစွာ နေထိုင်လျက်ရှိသည်။

### ထောက်ပံ့ငွေရရှိ

အဘိုး ဦးမိုးအေး အသက် ၁၀၀ ပြည့်ချိန် ၂၀၀၀ ပြည့်နှစ်က ဂုဏ်ထူးဆောင်လက်မှတ်တစ်ခုနှင့် ထောက်ပံ့ငွေကျပ် နှစ်သိန်း ရရှိခဲ့ကြောင်း၊ ယင်းနောက်တွင် ဌာနဆိုင်ရာနှင့် စေတနာရှင်များ လှူဒါန်းသော ငွေအချို့သာ ထောက်ပံ့ငွေအဖြစ် ရရှိခဲ့ဖူးကြောင်း ၎င်း၏ သားအငယ်ဆုံး ဖြစ်သူ ဦးဟန်သောင်း(၅၅ နှစ်)က ပြောသည်။ မကြာသေးခင် က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လဝကဦးစီးမှူးတို့ သွားရောက်ကာ အဘိုးဦးမိုးအေးအတွက် လိုအပ်သည့်ဆေးဝါးများနှင့် ဂွမ်းစောင်တစ်စီးကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးသိန်းလွင်က ပြောကြားသည်။

အဘိုးဦးမိုးအေးမွေးဖွားသည့်နှစ်မှာ မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ် ကဆုန်လဆုတ် ၂ ရက်အရ ခရစ်နှစ် ၁၉၀၀ ခုနှစ် ဧပြီလ အတွင်းက မွေးဖွားခဲ့ခြင်းဖြစ်ကာ ယခု ဂင်းနစ်ကမ္ဘာ့ အသက် အကြီးဆုံးစာရင်းဝင် သတ်မှတ်ခြင်းခံထားရသည့် အီတလီ နိုင်ငံ ဗာစီလီမြို့မှ Ms Emma Martina Luigia Mor-anoမှာ ခရစ်နှစ် ၁၈၉၉ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က မွေးဖွား ခဲ့ကြောင်း ဂင်းနစ်မှတ်တမ်းများကဆိုသည်။ ထို့ကြောင့် ကမ္ဘာ့အသက်အကြီး ဆုံး ဂင်းနစ်မှတ်တမ်းဝင် Ms Emma Martina Luigia Morano သည် ၂၀၁၆ ခုနှစ် မေ ၁၆ ရက်က အသက် ၁၁၆နှစ် နှင့် ၁၆၉ ရက်သာရှိကာ အဘိုး ဦးမိုးအေးမှာ ယခု ၂၀၁၇ ခုနှစ် ဖေဖော် ဝါရီ ၂၁ ရက်တွင် အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ် ရောက်ရှိနေပြီဖြစ်သဖြင့် မွေးသက္ကရာဇ်နှင့် အထောက်အထားများ မှန်ကန်ခိုင်မာပါက ဂင်းနစ်ကမ္ဘာ့အသက်အကြီးဆုံးစာရင်းဝင်နိုင်မည့် အနေအထားတွင်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အဘိုးဦးမိုးအေးမှာ ယခု ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ် ရောက်ရှိနေပြီ ဖြစ်သဖြင့် မွေးသက္ကရာဇ်နှင့် အထောက်အထားများ မှန်ကန်ခိုင်မာပါက ဂင်းနစ်ကမ္ဘာ့အသက် အကြီးဆုံး စာရင်းဝင်နိုင်မည့် အနေအထားတွင်ရှိ**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုဝင်ခွင့်ကတ်ပြားဖိုးတောင်းပါက တိုင်ကြားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

တက္ကသိုလ်ဝင်စာမေးပွဲ အများဆုံးဖြေဆိုကြမည့် လှိုင်သာယာမြို့နယ်၌ ဖေဖော်ဝါရီ ၂၁ ရက်က အလွတ်ဖြေဆိုရမည့် ကျောင်း၊ ခုံနံပါတ်တို့ကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် မြို့နယ်ပညာရေးမှူးရုံး၌ ကြေညာထားပြီး ကျောင်းဖြေစာသင်သားများအတွက် တက်ရောက်နေသော ကျောင်းများမှ ခုံနံပါတ်တို့ကို ထုတ်ပေးလျက်ရှိရာ အလွတ်ဖြေကျောင်းသားများအတွက် မိမိတို့စာစစ်ဌာနတွင် ယနေ့မှစ၍ စာဖြေဝင်ခွင့်ကတ်ပြားများကို ထုတ်ယူနိုင်ပြီဖြစ်ပြီး ကတ်ပြားအတွက် ငွေကြေးတောင်းခံမှုရှိပါက မြို့နယ်ပညာရေးမှူးရုံးတွင် တိုင်ကြားနိုင်ကြောင်း သိရသည်။

“တက္ကသိုလ်ဝင်တန်း စာဖြေဝင်ခွင့်ကတ်ကို ကျောင်းဖြေဆိုရင် ကျောင်းက ထုတ်ပေးပြီတော့ အလွတ်ဖြေဆိုရင် မိမိဖြေဆိုမယ့် စာစစ်ဌာနကျောင်းမှာ ဖေဖော်ဝါရီ ၂၁ ရက်ကစပြီး ထုတ်ပေးနေပါပြီ။ ဝင်ခွင့်ကတ်ပြားအတွက် ငွေကြေးပေးစရာ မလိုပါဘူး။ ငွေကြေးတောင်းခံမှုရှိခဲ့ရင် မြို့နယ်ပညာရေးမှူးရုံးကို တိုင်ကြားနိုင်ပါတယ်”ဟု မြို့နယ်ပညာရေးမှူး ဦးခိုင်ဝင်းက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် စာစစ်ဌာန ၁၀ ခုထား ရှိပြီး မတ် ၈ ရက်မှ ၁၇ ရက်အထိ တက္ကသိုလ်ဝင် စာမေးပွဲကို ကျင်းပမည်ဖြစ်ရာ ဇီဝဗေဒဘာသာတွဲ၌ ၁၈၁၇ ဦး၊ ဘောဂဗေဒဘာသာတွဲတွင် ၅၇၅၉ ဦးနှင့် အတွဲ(၂)ဝိဇ္ဇာတွဲတွင် ၃၀ ဖြေဆိုမည်ဖြစ်၍လှိုင်သာယာမြို့နယ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၀၆ ဦး ဖြေဆိုသွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်ကထက် ယခုနှစ် တက္ကသိုလ်ဝင်ခွင့်ဖြေဆိုသူတိုးလာပြီး ယမန်နှစ်က ဖြေဆိုသူ ၂၆ ဒသမ ၁၇ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်း အလွတ်ဖြေဆိုမည့် ကျောင်းသားများအတွက် ခုံနံပါတ်နှင့် ဖြေဆိုမည့် ကျောင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးတို့တွင် အသိပေးကြေညာထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ၂၀၁၆- ၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် မုဒုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း၏ **မုဒုံမြို့နယ် ကော့ပရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အား အခြေခံပညာအထက်တန်းကျောင်း အဖြစ်သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ်မှတ်မူဘောင်များနှင့် ကိုက်ညီသော အခြေခံပညာကျောင်း ၉၃၇ ကျောင်း၊ မူဘောင်များအား ဖြေလျှော့ပေးခဲ့သော အခြေခံပညာကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အဆင့်တိုးမြှင့်ပေးမှုတွင် မုဒုံမြို့နယ်မှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းသုံးကျောင်းတို့ ပါဝင်ခဲ့ပြီးဖြစ်ပါကြောင်း။

အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်း (Sanction) အဖြစ် ရရှိ အဆင့်တိုးမြှင့်



ပညာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

ပေးရန် "သတ်မှတ်ချက်မူ" မှာ ထက်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ရှိရန်ဖြစ်ပြီး မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ အထက်တန်းကျောင်း (ခွဲ) သက်တမ်းမှာ ခုနစ်နှစ်ရှိပြီး စုစုပေါင်း ထက်ဆင့်သင်ကျောင်းသား၊ ကျောင်းသူ ၁၉၂ ဦး ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဖြစ်သည့်အတွက် အထက်တန်းပညာကို သင်ယူခွင့်ရရှိသည့်အခြေအနေတွင် ရှိနေပါကြောင်း။

မွန်ပြည်နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၁၉၂ ဦးသာရှိသေးသည့်အတွက် ပူးတွဲဖော်ပြပါ သတ်မှတ်ချက်မူများနှင့် ကိုက်ညီမှုရှိရန် လိုအပ်နေသေးသော်လည်း ကျောင်းအဆင့်တိုးဆိုင်ရာ သတ်မှတ်ချက်မူများအား ဖြေလျှော့၍ အဆင့်တိုးမြှင့်ပေးနိုင်ပြီး ခွင့်ပြုဘဏ္ဍာငွေအရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကြို့ပင်ကောက် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွေမင်းသိန်း၏ ကြို့ပင်ကောက်မြို့နယ် မြို့ပေါ် **အထက်တန်းကျောင်း သုံးကျောင်းအနက် ဝိဇ္ဇာဘာသာတွဲ သင်ကြားပေးနိုင်မည့်အထက်တန်းကျောင်းကို လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်း ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း ဘာသာတွဲအတွဲ(၁)တွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၁၁ ဦး၊ အတွဲ(၂)တွင် ၈၁ ဦး၊ အတွဲ(၇)တွင် ၅၃ ဦးရှိပြီး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၇၅၄ ဦးရှိပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်းတို့တွင် ဘာသာတွဲ(၂)ဝိဇ္ဇာတွဲ သင်ယူသူကျောင်းသား၊ ကျောင်းသူများမှာ ကြို့ပင်ကောက်အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ဦး၊ ရွှေပန်းတော အခြေခံပညာအထက်တန်းကျောင်းတွင် ၄၉ ဦး၊ လယ်တီအခြေခံပညာအထက်တန်းကျောင်းတွင် ၃၀ စုစုပေါင်း ဝိဇ္ဇာ



မုဒုံမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း

ဘာသာတွဲသင် ၈၁ ဦးရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပန်းတင်အခြေခံပညာအထက်တန်းကျောင်းနှင့် ကျန်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်းတို့တွင် ဘာသာတွဲ (၂) ဝိဇ္ဇာတွဲ သင်ယူသူမရှိသည်ကို စိစစ်တွေ့ရှိပါကြောင်း ၊ ဘာသာတွဲ(၂) ဝိဇ္ဇာတွဲသင်သူ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများမှာ ကြို့ပင်ကောက်အခြေခံပညာအထက်တန်းကျောင်းတွင် ငါးဦး၊ ရွှေပန်းတော အခြေခံပညာအထက်တန်းကျောင်းတွင် ခြောက်ဦး၊ လယ်တီအခြေခံပညာအထက်တန်းကျောင်းတွင် ခုနစ်ဦးအသီးသီးရှိပြီး သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးအနေဖြင့် အဋ္ဌမတန်းစာမေးပွဲ အောင်မြင်ပြီး နဝမတန်းသို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို ဘာသာတွဲရွေးချယ်ရာ၌ မိမိတို့စိတ်ကြိုက် ရွေးချယ်နိုင်ခွင့်များ ပေးထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဝိဇ္ဇာဘာသာတွဲကို သီးသန့်သင်ကြားမည့် အခြေခံပညာကျောင်း တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်းနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့၏ပညာရေးဆိုင်ရာမေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသည့် ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဝိုင်းဝန်းဆွေးနွေးကြသည်။

သိန်းနီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းက မိမိတို့နိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် ပြည်သူလူထုထံ မိမိတို့ပေးပို့လိုသော သတင်းအချက်အလက်များကို ပေးပို့ရာတွင် အတိုင်းတာတစ်ခုအထိ အောင်မြင်နေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြားတွင်လည်း သတင်းဖြန့်ချိရေး လုပ်နိုင်သူများက ရှေ့ရောက်သွားပြီး မလုပ်နိုင်သူများက ကျန်ရစ်ခဲ့ရပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူလူထုများထံသို့ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့သော ပညာပေးအစီအစဉ်များတွင် ပေးပို့လိုသော သတင်းအချက်အလက်များကို ပေးပို့ဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းအချက်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက ပြည်သူလူထုနှင့် အဓိကဆွေးနွေးရာတွင် အောင်မြင်လိုသည့်အချက်များကို လုံလောက်သည့်ဘတ်ဂျက်ရှိရန် ပညာပေး တင်ဆက်မှုနည်းပညာများဖြစ်ပါကြောင်း၊ တင်ဆက်မှုနည်းပညာများတွင် သတင်းအချက်အလက်၊ ရှင်းလင်းတင်ပြပုံ၊ ပညာပေးခြင်း၊ ဆွဲဆောင်မှု၊ စည်းရုံးမှု၊ လူထု၏တုံ့ပြန်မှုအပေါ် မူတည်နေပါကြောင်း၊ စနစ်တကျပညာပေးအစီအစဉ်များဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်က ပြည့်ပြည့်ဝဝပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဆိုပါက ပြည်သူလူထုထံ ပညာပေးအစီအစဉ်များသည် ပိုမိုထိရောက်စွာ ရောက်ရှိမည်ဖြစ်ကြောင်းနှင့်အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေး ပြောကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်းက ပြည်သူလူထု အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေ ၊ လျှပ်စစ်မီး၊ လမ်းတံတား စသည့် ကဏ္ဍများတွင် ဖြည့်ဆည်းပေးနိုင်ရန် တိုင်းပြည်၏ဘဏ္ဍာငွေ မြောက်မြားစွာ ကျခံသုံးစွဲနေရသကဲ့သို့

*စာမျက်နှာ ၈ သို့*

# မန်းရေနံမြေနှင့် ထောက်ရှာပင်-ကမ်းနီရေနံမြေတို့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အား ဆက်လက်ထုတ်ပြန်တားမြစ်ခြင်းအားရုပ်သိမ်းပေးရန် အစီအစဉ်မရှိသေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကျခတ်ကွင်းအား ရုံပိုင်အုပ်ချုပ်သော ဘလောက်ဘူတာအဖြစ် အဆင့်မြှင့်တင်ပြီး အနာဂတ်စီမံကိန်းများ လျာထားဆောင်ရွက်သည့်နေရာအဖြစ် သတ်မှတ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **"မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကျခတ်ကွင်း ကွင်းအမှတ်(၈၁၃) မြေကွက်အမှတ် ၇၀၃၊ မြေဧရိယာ ၃၃ ဒသမ ၇၀ ဧကရှိ မြေကွက်ကို ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဘူတာရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လျာထားသတ်မှတ်ခဲ့သော်လည်း ယခုအချိန်ထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် မြေကွက်လပ်ကြီးအား ကျေးရွာပိုင် တိုက်နယ်အားကစားကွင်းနှင့် မီးသတ်ကားများထားရှိရန် မီးသတ်အဆောက်အအုံ ဆောက်လုပ်ရန်တို့အတွက် ရိုးဂိုးကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဆိုပါမြေနေရာတွင် မြန်မာ့မီးရထားဘူတာရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် လျာထား သတ်မှတ်ထားသော်လည်း ဘတ်ဂျက်ခွင့်ပြုငွေ ရရှိခြင်းမရှိသေးသဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးခြင်းဖြစ်ပါကြောင်း၊ ဘတ်ဂျက်ခွင့်ပြုငွေ ရရှိသည့်အချိန်တွင် ရထားသွားလာရေး လုပ်ငန်းများဆောင်ရွက်ရန် ရုံပိုင်အုပ်ချုပ်သော ဘလောက်ဘူတာအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်စီမံကိန်းများ လျာထားသည့်နေရာဖြစ်သောကြောင့် စွန့်လွှတ်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

**"မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား မလိုအပ်ဘဲ အမြဲမပြတ် အမိန့်ထုတ်ပြန်နေခြင်းကို ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မကွေးတိုင်းဒေသကြီး ရေနံမြေဧရိယာခုနစ်ခုတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ တားမြစ်သည့် အမိန့်ထုတ်ပြန်ရခြင်းသည် ၁၉၇၇ ခုနှစ်



ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး

အောက်တိုဘာလမှစတင်၍ အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်အရ အမိန့်ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ အမိန့်ထုတ်ပြန်ကာကွယ်ပေးထားသည့်ကြားမှ ရေနံပိုက်လိုင်းများအား ခိုးဖောက်မှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးရခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှု ဖြစ်ပွားနိုင်သည့်အတွက် အခြားကာကွယ်ပေးနိုင်သည့် ဥပဒေများ မပြဋ္ဌာန်းမီကာလအတွင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ဆက်လက်ထုတ်ပြန် ဆောင်ရွက်သင့်ပါကြောင်းနှင့် မင်းဘူးခရိုင် မင်းဘူးမြို့နယ် မန်းရေနံမြေနှင့် ထောက်ရှာပင်-ကမ်းနီရေနံမြေတို့တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ဆက်လက်ထုတ်ပြန်တားမြစ်ခြင်းအား ရုပ်သိမ်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွဋ်၏ **"သထုံမြို့နယ် မိုးကောင်းကျေးရွာ၌ တရားမဝင် နွားမှောင်ခိုများကိုစွနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားတင်ပြထားခြင်းအပေါ် မည်သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မွန်ပြည်နယ်သည် သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်နှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်၍ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ဆက်သွယ်သွားလာနိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ခိုင်းကျွဲနှင့် ခိုင်းနွားများအား တစ်ဖက်နိုင်ငံသို့ တရားမဝင် သယ်ယူပို့ဆောင်မှုမရှိစေရေးအတွက် ဖမ်းဆီးအရေးယူခဲ့ရာ မွန်ပြည်နယ်အတွင်းတွင် ၂၀၁၄ ခုနှစ်က အမှု ရှစ်မှု၊ တရားခံ ၃၀ ၊ နွား ၈၃ ကောင်၊ ၂၀၁၅ ခုနှစ်က အမှု ၁၁ မှု၊ တရားခံ ၃၀ ၊ နွား အကောင် ၃၀၊ ကျွဲ ၆၈ ကောင်၊ ၂၀၁၆ ခုနှစ်က အမှု ရှစ်မှု၊ တရားခံ ၃၃ ဦး၊ နွား ၄၃ ကောင်၊ ကျွဲ ၅၆ ကောင်တို့ကို ဖမ်းဆီးအရေးယူခဲ့ပါကြောင်း။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးတင်အောင်ထွန်း

သထုံမြို့နယ် မိုးကောင်းကျေးရွာတွင် တွေ့ရှိခဲ့သည့် တရားမဝင် နွားမှောင်ခိုကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ သထုံမြို့နယ်အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ ပါဝင်သောအဖွဲ့ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာရေက်တွင် သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့သည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မိမိနိုင်ငံအတွင်းမှ တစ်ဖက်နိုင်ငံသို့ ကျွဲနွားမှောင်ခိုများ သယ်ဆောင်မှုမရှိစေရေး အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ စောင့်ကြည့်သတင်းရယူ ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် **"မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ မွန်ပြည်နယ် မုဒုံမြို့ပေါ်ရှိ ရပ်ကွက်ကြီးလေးခုဖြစ်သော မြို့မ (၁) ရပ်ကွက်၊ မြို့မ (၂) ရပ်ကွက်၊ မြို့မ(၃) ရပ်ကွက်နှင့် မြို့မ (၄) ရပ်ကွက်တို့အား မြေငှားဂရန်ထုတ်ပေးရန် အစီစဉ် ရှိ၊ မရှိ"** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား ရှားပါးစရိတ် (တောင်တန်းစရိတ်) ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအေးမင်းဟန်၏ **"မြန်မာတစ်နိုင်ငံလုံး၌ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် မီးလောင်ကျွမ်းသည့်အချိန်တွင် အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ယာဉ်များနှင့် မီးသတ်ဝန်ထမ်းများ လုံလုံလောက်လောက် ထပ်မံဖြည့်တင်းထားရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** အား လွှတ်တော်၏အဆုံးအဖြတ်ကိုရယူပြီး အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

# စီးကရက်နှင့် အရက်တို့၏ အခွန်ကောက်ခံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောက်ခံရရှိနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အခွန်နှုန်းများ၊ အခွန်ကျသင့်မှုများ တိုးမြှင့်ခြင်းနှင့်အတူ အခွန်လွတ်ကင်းမှု မရှိရန် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေခြင်း၊ ထုတ်လုပ်မှုကို တိုင်းတာနိုင်သော စီးဆင်းမှုမီတာ (Flow Meter) တပ်ဆင်ပြီး စိစစ်ကြပ်မတ်လျက်ရှိ၍ တစ်နှစ်ထက် တစ်နှစ် အခွန်တိုးတက်ကောက်ခံရရှိနေပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးဝင်း၏ စီးကရက်နှင့် အရက်တို့၏ အခွန်နှုန်းနှင့် ပတ်သက်ပြီး နိုင်ငံတကာ လေ့လာတင်ပြချက်များနှင့်အတူ တိုးမြှင့်သတ်မှတ်ခြင်းဖြင့် သောက်သုံးသူ လျော့ပါးသွားရေးဆောင်ရွက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့မှုအပေါ် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းစဉ် အထက်ပါအတိုင်း ပြောကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးက ဥပဒေကြမ်းပါ တန်ဖိုးများသည် စက်ရုံရောင်းဈေး မဟုတ်ဘဲ ဈေးကွက်ပေါက်ဈေးများ ဖြစ်ပါကြောင်း၊ လက်လီဈေးကွက်တွင် ငွေကျပ် ၃၅၀ နှင့် ရောင်းချနေသော စီးကရက်တစ်ဘူးသည် စက်ရုံတွင်ထုတ်လုပ်သည့်အဆင့်မှ လက်ကား၊ လက်လီ ဖြန့်ဖြူးသူနှင့် သောက်သုံးသူ လက်ဝယ်အဆင့်ထိ အဆင့်ဆင့် ဖြန့်ဖြူးရာတွင် စီမံအုပ်ချုပ်စရိတ်များသည် ပျမ်းမျှ ၃၀ ရာခိုင်နှုန်း ကုန်ကျမည်ဖြစ်၍ မူလစက်ရုံထုတ်ဈေးနှုန်းသည် ပျမ်းမျှတန်ဖိုး ငွေကျပ် ၁၄၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ပေါက်ဈေးမှာ ငွေကျပ် ၃၅၀ နှင့် အခွန်ကို အချိုးချကြည့်ပါက ၂၃ ရာခိုင်နှုန်းခန့်ဖြစ်သော်လည်း စက်ရုံထုတ်ဈေးနှင့် ပြန်လည်အချိုးချကြည့်ပါက ၆၀ ရာခိုင်နှုန်းခန့် ရှိပါကြောင်း။

အခွန်နှုန်းတိုးမြှင့်လိုက်တိုင်း အထူးကုန်စည်(ဆေးလိပ်နှင့် အရက်များ) ဈေးနှုန်း ကြီးမြင့်သွားသည့်အတွက် သောက်သုံးမှုကို လျော့နည်းသွားရန် ဆောင်ရွက်သကဲ့သို့ အဆိုပါကုန်စည်များကို အမှန်တကယ် စွဲလမ်းသုံးစွဲသူများအနေဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ သုံးစွဲနေမည်ဖြစ်၍ အထူးကုန်စည်ဈေးနှုန်းကြီးမြင့်မှုကြောင့် အရည်အသွေး၊ အမျိုးအစား စံချိန်စံညွှန်းမမီသော အရက်နှင့် စီးကရက်များကို သုံးစွဲလာနိုင်ပါကြောင်း၊ ထိုသို့ သုံးစွဲလာသည့်အတွက် ကျန်းမာရေးအရ ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ခြင်း၊ ပြည်တွင်းထုတ်ကုန်များ ဈေးနှုန်းမြင့်မားလာခြင်းတို့ကြောင့် တရားမဝင် တင်သွင်းလာသည့် အထူးကုန်စည်များ (ဆေးလိပ်နှင့် အရက်များ) ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်နှုန်းများ သတ်မှတ်ရာတွင် သင့်တင့်မျှတသော အခွန်နှုန်းများဖြစ်ပေါ်စေရန် လက်တွေ့ပကတိ အခြေအနေနှင့်ကိုက်ညီရန် ဆောင်ရွက်ထားရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**အရက်ထုတ်လုပ်** ရောင်းချမှုအပေါ် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၃ ဒသမ ၅၈၇ ဘီလီယံ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၆၉ ဒသမ ၇၁၅ ဘီလီယံ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်လုပ်ငန်းခွန်အပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်းရငွေသည် ငွေကျပ် ၆၃ ဒသမ ၂၉၅ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

**စီးကရက်ထုတ်လုပ်**ရောင်းချမှုအပေါ် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၈ ဒသမ ၁၈၅ ဘီလီယံ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၅ ဒသမ ၅၇၂ ဘီလီယံ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်လုပ်ငန်းခွန်အပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်းရငွေသည် ငွေကျပ် ၄၄ ဒသမ ၄၇၆ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အရက်၊ စီးကရက်၊ ဘီယာ၊ ဝိုင် အစရှိသည့် ကုန်စည်များအပေါ် အထူးကုန်စည်ခွန်အဖြစ် ပြောင်းလဲကောက်ခံရာတွင် ရောင်းရငွေအပေါ် အခွန်ကျသင့်စေခြင်းမဟုတ်ဘဲ ဈေးကွက်ပေါက်ဈေးအပေါ် အခြေခံ၍ ကောက်ခံခြင်းဖြစ်သဖြင့် ထုတ်လုပ်သူများက အခွန်ရှောင်လွှဲနိုင်သော နည်းလမ်းကို အသုံးပြုခြင်းမှ ကာကွယ်နိုင်သည့်အပြင် ပေးဆောင်ရမည့် အခွန်ပမာဏကို ကြိုတင်သတ်မှတ် အသိပေးကောက်ခံခြင်းကြောင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

**သူရဇော်(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်မှ*

လိုအပ်နေသည့်နေရာများ၌ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ မလိုအပ်သည့် လေလွင့်ဆုံးရှုံးမှုများကို လွှတ်တော်တွင်သာမက အစိုးရကပါ စနစ်တကျ စိစစ်သုံးစွဲနေရသည့် ကာလလည်းဖြစ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများအထိ လျင်မြန်စွာ ပျံ့နှံ့လာသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို ထိရောက်စွာ ဖမ်းဆီးအရေးယူပေးနိုင်ရန်အတွက် ပြည်သူလူထုကို ယခုထက်ပိုမိုပြီး ပညာပေးအစီအစဉ်များကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်လူငယ်ထုကြားတွင် အသုံးပြုမှုများလာသည့် လူမှုကွန်ရက်များမှတစ်ဆင့် ပညာပေးဆောင်းပါးများ၊ ဇာတ်လမ်းများကို အဆက်မပြတ်တင်ပေးသင့်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ပြီး ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးနှင့် ရာဇဝတ်မှုများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောမှုအစီအစဉ်များကို လူငယ်အများစုရှိသည့် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေများစွာအသုံးပြု၍ ယခုထက်ပိုပြီး ပညာပေးဆောင်ရွက်သင့်သည် ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များကို မူးယစ်ဆေးဝါး၏ သားကောင်များ မဖြစ်စေရန်၊ နိုင်ငံ၏လူသားအရင်းအမြစ်များ မဆုံးရှုံးစေရန် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် အရာများကို တိုးချဲ့လုပ်ဆောင်နိုင်ရန် အကြံပြုတင်ပြခြင်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ဝိုင်းဝန်းဆွေးနွေး

အဆိုအပေါ် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့ကလည်း ဝိုင်းဝန်းဆွေးနွေးကြသည်။

### တင်ပြ

ယင်းနောက် အဆိုနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာန အသီးသီးသည် အများပြည်သူကို အသိပညာပေးရန် လိုအပ်သည့်ကိစ္စများအတွက် ပညာပေးသည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အသိပညာပေး အစီအစဉ်ဟူသည့် ခေါင်းစဉ်အောက်တွင် ဘတ်ဂျက်လျာထားဆောင်ရွက်လျက် ရှိသကဲ့သို့ ပညာပေးဟူသည့် ခြုံငုံခေါင်းစဉ်မတပ်သော်လည်း ပညာပေးစရာအကြောင်းအရာ တစ်ခုချင်းအလိုက် တစ်ခုချင်းစီအတွက် ရန်ပုံငွေလျာထား သုံးစွဲနေသည်လည်း ရှိပါကြောင်း၊ ယင်းအချက်နှင့် ပတ်သက်ပြီး မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တင်ပြလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ပညာပေးဟူသည့် ခေါင်းစဉ်ဖြင့် ဘတ်ဂျက်လျာထားမှု မရှိပါကြောင်း၊ သို့သော် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်မှာ ပြန်ကြားပေးရန် (သို့) သတင်းအချက်အလက်ပေးရန် ၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူ၍ ဖြစ်သည့်အားလျော်စွာ ဘတ်ဂျက်ခေါင်းစဉ်တွင် ပညာပေးဟု သီးသန့်မသတ်မှတ်ထားသော်လည်း ဝန်ကြီးဌာန၏ ဘတ်ဂျက်တစ်ခုလုံးထဲတွင် ပညာပေးအစီအစဉ်များ ပြုလုပ်ရေးသည် ပါဝင်ပြီးသကဲ့သို့ ဖြစ်နေပါကြောင်း၊ ဝန်ကြီးဌာန၏ ပညာပေးဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ပညာပေးရေးလုပ်ငန်းအပေါ် အချိုးအစားချ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ရုပ်/သံနှင့် ပတ်သက်သည့်အပိုင်းတွင် ပြန်ကြားပေးရေးကို ၄၅ ရာခိုင်နှုန်း၊ ပညာပေးရေးကို ၂၅ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရေးကို ၃၀ ရာခိုင်နှုန်းဟု သတ်မှတ်ပြီး ဆောင်ရွက်ပါကြောင်း ၊ ရေဒီယိုအစီအစဉ်များတွင်မူ ပြန်ကြားပေးရေးကို ၄၀ ရာခိုင်နှုန်း၊ ပညာပေးရေးကို ၃၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရေးကို ၃၀ ရာခိုင်နှုန်းဟု အချိုးအစားချပြီး အစီအစဉ်များကို စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပြီး အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

### လွှတ်တော်၏အဆုံးအဖြတ်ရယူ

လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကို တောင်းခံရာတွင် ဝန်ကြီးဌာန၏ သဘောထားအတိုင်းဟု မှတ်ချက်ပြုသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်၏သဘောတူညီမှုဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

---

# မြန်မာ-တရုတ်ပိုက်လိုင်းသွယ်တန်းထားသည့်နေရာများရှိ ဒေသခံပြည်သူများ၏ဆုံးရှုံးနစ်နာမှုများ လွှတ်တော်နှင့်အစိုးရဘက်မှ ဖြေရှင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းသည် Myanmar-China Pipeline Watch Committee (MCPWC) အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-တရုတ်ပိုက်လိုင်း စောင့်ကြည့်ရေးကော်မတီအဖွဲ့မှ ပိုက်လိုင်း သုတေသနအစီရင်ခံစာ၊ သုတေသနတွေ့ရှိချက်များ၊ ပိုက်လိုင်းသွယ်တန်းထားသည့် နေရာများရှိ ဒေသခံပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများကို ရှင်းလင်းတင်ပြပြီး လွှတ်တော်နှင့်အစိုးရဘက်မှ ဖြေရှင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

---

# ပြန်လည်ခေါင်းထောင်လာသော ကူးစက်မြန်ရောဂါများ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)နှင့် Global Health Security Agenda (GHSA) တို့ပါ လုပ်ငန်းများအား ဆန်းစစ်နိုင်ရန်အတွက် မြန်မာနိုင်ငံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားနီးနွှယ်ဝန်ကြီးဌာနများမှ ပါဝင်ပြီး Joint External Evaluation (JEE) လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ ပါဝင်ဆောင်ရွက်မည့် ဆန်းစစ်ရေးအဖွဲ့များအား သင်တန်းပေးခြင်း (Training on Internal Assessment Teams for Joint External Evaluation - JEE) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ၂၁ ရာစုအတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်သွယ်မှု လျင်မြန်များပြားလာသဖြင့် SARS ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)၊ အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းရောဂါ၊ အီဘိုလာဗိုင်းရပ်စ်ရောဂါ၊ ဇီကာဗိုင်းရပ်စ်ရောဂါ အစရှိသည့် ကူးစက်ရောဂါအသစ်များနှင့် ပြန်လည်ခေါင်းထောင်လာသော ကူးစက်မြန်ရောဂါများသည် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများအဖြစ် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက် (၂၀၀၅)နှင့် Global Health Security Agenda (GHSA) တို့ပါ လုပ်ငန်းများအား ဆန်းစစ်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ JEE လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါထုတ်ပြန်ကြေညာချက်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက JEE လုပ်ငန်းစဉ်အား အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ၂၀၁၇ ခုနှစ်အတွင်းဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**




### တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က JEE လုပ်ငန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိသည့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)နှင့် Global Health Security Agenda (GHSA)လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတွင် ပထမဆုံးကလေးကျောက်ကပ်အစားထိုးလဲလှယ်ခြင်းကို မန္တလေးတွင် စတင်ဆောင်ရွက်နိုင်တော့မည်

မန္တလေး ဖေဖော်ဝါရီ ၂၁

**မန္တလေးမြို့တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကလေးကျောက်ကပ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးများရှိ အထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများပူးပေါင်း၍ ကျောက်ကပ်အစားထိုး အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးတွင် သက်ဆိုင်ရာ ဆရာဝန်ကြီးများက မီဒီယာများအား အသိပေးရှင်းလင်းခဲ့သည်။**

**အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-**



ဒေါက်တာ ဦးအောင်ကျော်ဦး



ဒေါက်တာ ဒေါ်အေးအေးမြင့်



ဒေါက်တာ မောင်မောင်လွင်



ဒေါက်တာ ချောစုခိုင်

**ဒေါက်တာ ဦးအောင်ကျော်ဦး**
**(ဆေးရုံအုပ်ကြီး- ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေး)**

ခုတင် ၃၀၀ ဆေးရုံမှာ ကျောက်ကပ်ဌာနအဖြစ် သီးသန့်ဖွင့်နိုင်တာ။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ဖွင့်ပြီးတော့ တစ်နှစ်ကို ကျောက်ကပ်လူနာပေါင်း အတွင်းလူနာ ၆၀၀ ကုသနိုင်ပြီး အပြင်လူနာ ၁၈၀၀ကို ကြည့်ပေးနိုင်တယ်။ ကျောက်ကပ် သန့်စင်တဲ့စက် ခြောက်လုံးနဲ့ ကျောက်ကပ်ပျက်စီးတဲ့ကလေးတွေကို ကျောက်ကပ်သန့်စင်တဲ့ အကြိမ်ပေါင်း တစ်နှစ်မှာ အကြိမ် ၂၀၀၀လောက်လုပ်ပေးနိုင်တယ်။ ဆေးရုံမှာ ပုံမှန်ကျောက်ကပ် သန့်စင်တဲ့ ကလေးပေါင်း ၁၃ ယောက်ရှိပါတယ်။ ကလေးတွေကို တစ်ပတ်မှာ သုံးကြိမ်လောက် ပုံမှန်သန့်စင်ပေးရတယ်။ ဒီကလေးတွေအတွက် ဒီဆေးရုံမှာရှိတဲ့ အထူးကုတွေက အကောင်းဆုံးအနေအထားကိုရောက်အောင် ပြုစုကုသဖို့ စဉ်စားတဲ့အခါမှာ ဒီကလေးတွေရဲ့ သက်တမ်း တစ်လျှောက်လုံးမှာ ကျောက်ကပ်ဆေးနေမယ့်အစား သူတို့ကို ပိုကောင်းတဲ့ အခြေအနေရောက်အောင် ကျောက်ကပ်အစားထိုးလုပ်ငန်းကို လုပ်ပေးရင်ကောင်းမယ်ဆိုပြီးတော့ ပြုလုပ်ပေးတာ ဖြစ်ပါတယ်၊ ဒါကြောင့်မို ဒီအစီအစဉ် အောင်မြင်သွားမယ်ဆိုရင် ကလေးကျောက်ကပ် အစားထိုးလဲလှယ်ခြင်းက မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါကြောင့်မို ဒီအခြေအနေကိုအောင်မြင်ဖို့၊ ဝိုင်းဝန်းကူညီကြဖို့ မီဒီယာများကို တိုက်တွန်းလိုပါတယ်။

**ဒေါက်တာဒေါ်အေးအေးမြင့်**
**(ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-မန္တလေး)**

ကလေးကျောက်ကပ်ဌာနဖြစ်တဲ့ ခုတင် ၃၀၀ မှာ ကလေးတွေဟာ ကျောက်ကပ်ရောဂါ ဖြစ်လာပြီးတဲ့ နောက်ပိုင်းမှာ သွေးလဲလှယ်ပြီးတော့ ကာလကြာရှည်နေနေရတဲ့ ကလေးပေါင်း ၁၅ ယောက်ရှိတယ်၊ အဲ့ဒီကလေး ၁၅ ယောက်က ဒီအတိုင်း တစ်သက်လုံး လဲလှယ်မှုနဲ့နေနေလို့မရပါဘူး၊ ဒါကြောင့် ကျောက်ကပ်လဲလှယ်ပြီးတော့မှသာလျှင် သူတို့ရဲ့သက်တမ်းက ပိုပြီးတော့ ရှည်လာမှာဖြစ်ပါတယ်၊ အဲဒီလို ကျောက်ကပ်လဲလှယ်ဖို့အတွက်ကို ဒီဌာနကနေ စတင်ပြီးတော့ ကြိုးစားလာတာ တစ်နှစ်လောက် ရှိလာပါပြီ၊ စင်ကာပူအုပ်စုနဲ့ တွဲဖက်ပြီးတော့ ကြိုးစားပါတယ်။ အစည်းအဝေးတွေလည်း အဆင့်ဆင့်ထိုင်ခဲ့ပြီးတော့ ကလေးနှစ်ယောက်ကို ရွေးထုတ်ခဲ့ပါတယ်၊ ပထမဦးဆုံး ကျောက်ကပ်လဲလှယ်မယ့်နေ့ကတော့ ဒီလ ၂၄ ရက်နဲ့ ၂၅ ရက်ကို ရွေးချယ်ထားပါတယ်။ ပထမ ၂၄ ရက်မှာ တစ်ယောက်လဲမယ်။ အဲ့ဒီကလေး နှစ်ယောက်ကို ဘယ်လိုရွေးခဲ့ရလည်းဆိုတော့ ကျွမ်းကျင်ပညာရှင်တွေ အဖွဲ့က အဖွဲ့ဖွဲ့စည်းပြီး အဲ့ဒီအဖွဲ့မှာ ကလေးကျောက်ကပ် ပညာရှင်တွေ လူကြီးကျောက်ကပ်ပညာရှင်တွေ၊ လူကြီးခွဲစိတ်ဆရာဝန်ကြီးတွေ၊ ကလေးခွဲစိတ်ဆရာဝန်ကြီးတွေ၊ ပါမောက္ခတွေ၊ စင်ကာပူက ဆရာဝန်ကြီးတွေ ပေါင်းပြီးတော့ ဒီကလေးတွေထဲက သင့်လျော်မယ့်ကလေးတွေနဲ့ ကလေးကိုလှူမယ့် ကျောက်ကပ်အလှူရှင်တွေကို ရွေးချယ်ခဲ့ပါတယ်။ ကျောက်ကပ်လဲလှယ်တဲ့အခါမှာ ဥပဒေရှိပါတယ်။ ဥပဒေအရဆိုရင် မိဘအရင်းသော်လည်းကောင်း မောင်နှမအရင်းဖြစ်မှသာလျှင် ကျောက်ကပ်ကို ပေးလှူလို့ရပါမယ်။ အဲဒီထဲကနေပြီးတော့လည်း သွေးအုပ်စုတူတဲ့ သူသာလျှင် ပေးလှူလို့ ရပါတယ်၊ ဒီအချက်တွေနဲ့ကိုက်ညီပြီးတော့ သူရဲ့ကျောက်ကပ် လဲလှယ်ပြီး နောက်ပိုင်းမှာလည်း ရောဂါပြန်မဖြစ်လာနိုင်တဲ့ ကလေးမျိုးကို ရွေးရပါတယ်။ ဒီအဖွဲ့ကနေ အသင့်လျော်ဆုံး နှစ်ယောက် ရွေးချယ်ထားပါတယ်၊ အရန်နှစ်ယောက် ရွေးချယ်ထားပါတယ်။ ဒီလုပ်ငန်းဟာ မြန်မာနိုင်ငံမှာ ကလေးတွေကို ကျောက်ကပ်လဲလှယ်မှု ပထမဦးဆုံး စတင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီဟာ အောင်မြင်ခဲ့ရင် ဆက်လက်ပြီးတော့ ကျောက်ကပ်လဲလှယ်ဖို့ လိုအပ်တဲ့ ကလေးတွေကိုလည် ဆက်လက်ပြီးမှန်မှန် ပြုလုပ်သွားဖို့ လိုအပ်ပါတယ်၊ ဒါမှသာလျှင် ဒီကလေးတွေရဲ့အသက်ရှည်ရာရှည်ကြောင်း လုပ်ပေးနိုင်တဲ့ အဆင့်အတန်းက နိုင်ငံတကာ အဆင့်မီလုပ်လာနိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာ မောင်မောင်လွင်**
**(တွဲဖက်ပါမောက္ခ၊ ကလေးခွဲစိတ်ကုဆရာဝန်ကြီး၊ မန္တလေးခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး)**

ကလေးကျောက်ကပ် ဝေဒနာရှင်တွေ တိုးတက်များပြားလာတာနဲ့အမျှ ကျောက်ကပ်ဆေးပြီး အသက်ဆက်နေတဲ့ ကလေးတွေ များလာတယ်။ ကလေးတွေကို တကယ်ကို ထိရောက်တဲ့ကုသမှု ကျောက်ကပ်အစားထိုးပေးခြင်း လုပ်ဆောင်ကြဖို့ ဆရာဝန်ကြီးများက ဆုံးဖြတ်ပြီးတော့ကလေးဆေးရုံနဲ့ ကလေးခွဲစိတ်ကုသဌာနရဲ့လောလောဆယ်အနေအထားမှာ ခွဲစိတ်ခန်းအနေအထားရယ် ကလေးခွဲစိတ်ဆရာဝန် အင်အားနည်းတာကြောင့် ပထမအနေနဲ့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ဌာနနဲ့ တွဲဖက်လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မန္တလေးဆေးရုံကြီးရဲ့ ကျောက်ကပ်ခွဲစိတ်မှုဌာနကတော့ ကျောက်ကပ်အစားထိုး လူနာပေါင်း လူကြီး ၃၀ ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဆရာဝန်ကြီးတွေ ဆီမှာလည်း သွားရောက်ပြီးတော့ လေ့လာတယ်။ တွဲဖက်လုပ်ဆောင်ခဲ့ပါတယ်။ ကျောက်ကပ်အစားထိုးအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီး အကောင်အထည်ဖော်တဲ့နေရာမှာ ဆီးနှင့်ကျောက်ကပ် လူကြီးခွဲစိတ်ဆရာဝန်ကြီးတွေရဲ့ အကူအညီနဲ့ သင်ပြပေးမှုနဲ့ လေ့လာရပါတယ်။ အခုအဖွဲ့ထဲမှာလည်း ပါဝင်ပါတယ်။ ကျောက်ကပ်အစားထိုးက ကျောက်ကပ်တင်မဟုတ်ဘဲ သွေးကြောတွေပါ စစ်ရတဲ့အတွက်ကြောင့် နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသဌာနက ပါမောက္ခ ဦးဆောင်တဲ့အဖွဲ့က ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ဆရာဝန်ကြီးများနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ကြပါတယ်။ ကလေးကျောက်ကပ် ဝေဒနာသည်များကို ကျောက်ကပ်အစားထိုးလုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်မယ်ဆိုပြီး ဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကို အဆင့်ဆင့်တင်ပြပြီးတော့ ခွင့်ပြုချက်ရတဲ့အတွက်ကြောင့် ဒီအစီစဉ်ကို လပေါင်းများစွာ လုပ်ခဲ့ရပါတယ်။ နည်းပညာပိုင်းဆိုင်ရာအနေနဲ့ စင်ကာပူက ကလေးကျောက်ကပ်ဆိုင်ရာ သမားတော်၊ ကိုယ်အင်္ဂါအစားထိုးမှုဆိုင်ရာခွဲစိတ်မှု ဆရာဝန်ကြီးအဖွဲ့က အများကြီး အထောက်အကူပေးခဲ့တယ်။ ဒီမှာရှိတဲ့ ကလေးကျောက်ကပ် ဆရာဝန်များကလည်း စင်ကာပူနဲ့ နှစ်ရှည်တွဲပြီး လုပ်ခဲ့ကြသူများဖြစ်ပါတယ်။ စင်ကာပူ အစားထိုးဆိုင်ရာ ကျွမ်းကျင်မှုအဖွဲ့ကနေ ပူပေါင်းဆောင်ရွက်မှာပါ။ ပြီးခဲ့တဲ့လက ကိုယ်တိုင်လာပြီးတော့ ကျောက်ကပ် အစားထိုး ကိစ္စရပ်တွေကို ဆွေးနွေးပါတယ်။ ပညာရပ်ဆိုင်ရာ ဟောပြောမှုတွေ အပြင် လူနာတွေကိုလည်း မြန်မာဆရာဝန်တွေနဲ့ပူပေါင်းပြီးတော့၊ ကိုယ်တိုင်ကိုယ်ကျ အကြိမ်ကြိမ် စိစစ်ပြီးတော့ ရွေးချယ်တယ်။ ဒါကတော့ ကလေးကျောက်ကပ် အစားထိုးအနေနဲ့ ပထမဆုံးဆိုတော့ အောင်မြင်အောင်လုပ်ဖို့ အားလုံးရည်ရွယ်ထားပါတယ်။ယေဘုယျအားဖြင့် လာမယ့် ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်မှာ ခွဲစိတ်ပါမယ်။ တစ်ရက်ကို တစ်တွဲ လူနာရှင်နဲ့ ကျောက်ကပ်အလှူရှင်ပေါင်းပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဒေါက်တာ ချောစုခိုင်**
**(တာဝန်ခံဆရာဝန်၊ ကလေးကျောက်ကပ်ဆေးကု၊ ကလေးကျောက်ကပ်ဌာန၊ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး)**

ကျောက်ကပ်ကို နိုင်ငံခြားမှာ သွားလဲတဲ့အခါမှာ အနိမ့်ဆုံးနိုင်ငံက အိန္ဒိယပါ။ စင်တာအလိုက် ကုန်ကျငွေကွာတယ်။ နောက်တစ်ခုက ကလေးရဲ့ ရောဂါအနေအထားအပေါ် မူတည်ပြီးတော့လည်းကွာတယ်။ ကျောက်ကပ်ပျက်တာကြာသွားရင် တခြားသော ကိုယ်အင်္ဂါအစိတ်ပိုင်းတွေလည် ပျက်စီးသွားနိုင်တယ်။ ကျောက်ကပ်လဲထားပေမယ့် လဲပြီးသွားလည်း အထူးကြပ်မတ်ဆောင်မှာ အကြာကြီးနေရတော့ ကုန်ကျငွေတွေ ပိုများတယ်။ ငွေကျပ်သိန်း ၂၀၀ ကနေ သိန်း ၄၀၀ အထိ အနည်းဆုံး ကုန်တယ်လို့ သိရတယ်။ ခရီးစရိတ် မပါပါဘူး။ ဒီနိုင်ငံမှာတော့ ပထမဆုံးစလုပ်တာဖြစ်တဲ့ အတွက် ဘယ်လောက်ကုန်ကျမယ် မသိသေးဘူး။ နိုင်ငံတော်အစိုးရကလည်း ပထမဆုံး လုပ်ငန်းဖြစ်လို့ တက်အားသမျှ သေသေချာချာ ထောက်ပံ့ပေးတယ်။ ဆေးဝါးတွေ မြန်မာနိုင်ငံကိုတင်သွင်းဖို့ ခက်ခဲတဲ့ဆေးတွေကျတော့ နိုင်ငံခြားကို မှာယူရတယ်။ ဒါကလည်း ဆေးရုံအုပ်ကြီး ဌာနရဲ့ခွင့်ပြုချက်နဲ့ မှာယူရတာပါ။ ကျောက်ကပ်လဲတဲ့အချိန်မှာ သူတစ်ပါးရဲ့ ပစ္စည်းဖြစ်တဲ့အတွက် ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဘယ်လိုမျိုးပြန်တုံ့ပြန်မလဲဆိုတာ မူတည်ပါတယ်။ အဲဒီတုံ့ပြန်မှုကို နည်းသထက် နည်းအောင်လုပ်ဖို့အတွက် ဆေးတွေကစုဆောင်းထားရတယ်။ အဲ့ဒီဆေးတွေနဲ့ ဒီကျောက်ကပ်လေးကို ကိုယ့်ရဲ့ ကျောက်ကပ်လို ဖြစ်လာအောင် လုပ်ရမှာပါ။ ကလေးကျောက်ကပ်မှာ နာတာရှည် ကျောက်ကပ်ဝေဒနာသည်ကို အမြဲတမ်းစောင့်ရှောက်ပေးဖို့၊ စဉ်ဆက်မပြတ် လုပ်ပေးဖို့ ရည်မှန်းချက်ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရဲ့ ခွဲစိတ်ဌာနမှာ ဆက်လက်လုပ်ဆောင်သွားဖို့ရည်မှန်းထားပါတယ်။ ကလေးကျောက်ကပ်လဲလှယ်တာ အများစုကို ၁၀ နှစ်အထက်ပိုင်းမှာ လဲလှယ်ပေးပါတယ်။ ကျောက်ကပ်လဲပြီးသွားတဲ့ အချိန်မှာ ကျောက်ကပ်ကို ခန္ဓာကိုယ်ထဲမှာ အနှစ် ၂၀ လောက်ပုံမှန် စောင့်ရှောက်ပေးရတဲ့အတွက် မြီးကောက်ပေါက်အရွယ်က ပိုပြီး အရေးကြီးပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# စံပြလေယာဉ်မယ်များ မွေးထုတ်ပြီး အကောင်းဆုံးဝန်ဆောင်မှုပေးမည်




မြန်မာ့လေကြောင်းလိုင်းမှ မွေးထုတ်ပေးသည့် လေယာဉ်မယ်များအား တွေ့ရစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အရည်အချင်းပြည့်ဝသော စံပြလေယာဉ်မယ်များမွေးထုတ်ပြီး ခရီးသွားပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လေယာဉ်မယ်များအနေဖြင့် ပင်မလုပ်ငန်းတာဝန်များကို စနစ်တကျနဲ့ ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် မိမိတို့ရဲ့တာဝန်ကို အတိအကျသိရှိထားပြီး သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပျံသန်းမှုဆိုင်ရာ လုပ်ငန်းသဘောသဘာဝအရ အချိန်နှင့်အမျှ အမြဲမပြတ် လှုပ်ရှားပြောင်းလဲနေပြီး အချိန်မရွေး အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နိုင်တာဖြစ်လို့ မိမိရဲ့ လုပ်ငန်းတာဝန်အဆင့်ဆင့်ကို အချိန်ကိုက်တိတိကျကျ လုပ်ဆောင်နိုင်အောင် လေ့ကျင့်ထားကြရမှာ ဖြစ်ပါတယ်။ဒီလိုလုပ်ဆောင်နိုင်ဖို့ စံပြလေယာဉ်မယ်တွေဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ စံပြလေယာဉ်မယ်တွေဟာ ခရီးသွားပြည်သူတွေကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ယနေ့နံနက်ပိုင်းတွင် ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်၌ ပြုလုပ်သော လေယာဉ်မယ်သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ယခုသင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လေယာဉ်မယ်လောင်း ၂၅ ဦးကို ရွေးချယ်ကာ စံပြလေယာဉ်မယ်များအဖြစ် စာတွေ့၊ လက်တွေ့သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း လေယာဉ်မယ်တစ်ဦးအနေဖြင့် လေယာဉ်ဝန်ဆောင်မှု အတတ်ပညာများ တတ်မြောက်ရမည်ဖြစ်သည့်အပြင် ပြောဆိုဆက်ဆံမှုကောင်းမွန်ခြင်း၊ အရေးပေါ်အခြေအနေတွင် ခရီးသည်များအား အကောင်းဆုံးကယ်တင်မှုများ ပြုလုပ်ခြင်း၊ ရေကူးခြင်း၊မီးသတ်လုပ်ငန်းဆောင်ရွက်ခြင်း စသော အတတ်ပညာများကိုလည်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ဆောင်ရွက်ကြရကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အမျိုးသားလုံခြုံရေးအကြံပေးအသစ်အဖြစ် မက်မာစတာကို အမည်စာရင်းတင်သွင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဒုတိယဗိုလ်ချုပ်ကြီး ဟားဘတ်မက်မာစတာကို အမျိုးသားလုံခြုံရေးအကြံပေးအသစ်အဖြစ် ယမန်နေ့က အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

အမျိုးသားလုံခြုံရေးအကြံပေး မိုက်ကယ်ဖလန်း နုတ်ထွက်ပြီး ရက်အနည်းငယ်အကြာတွင် အကြံပေးအသစ်ကို ခန့်အပ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ရုရှားနိုင်ငံအပေါ် ချမှတ်ထားသော အမေရိကန်၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖုန်းနှင့် ဆွေးနွေးခဲ့ပြီးနောက် အဆိုပါဆွေးနွေးချက်ကို ဒုတိယသမ္မတ မိုက်ပန့်ထံ အစီရင်ခံစာတင်ရန် ပျက်ကွက်မှုဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

မက်မာစတာက အမေရိကန်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် တိုးတက်စေရန်ရည်ရွယ်ပြီး ရာထူးကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

အသက် ၅၄ နှစ်အရွယ်ရှိ မက်မာစတာသည် အမေရိကန်တပ်ဖွဲ့၏ ထိပ်တန်းနည်းဗျူဟာမှူးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းသည် ဗီယက်နမ် စစ်ပွဲတွင် အမေရိကန်တို့ အောင်မြင်မှုမရခဲ့သည့်အကြောင်းကို စာအုပ်ရေးသားထုတ်ဝေခဲ့သူတစ်ဦးဖြစ်သလို အီရတ်စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့၏ စစ်ရေးလှုပ်ရှားမှုနည်းဗျူဟာပိုင်းများတွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

မက်မာစတာသည် အတွေ့အကြုံရင့်ကျက်ကာ အရည်အသွေးရှိသူတစ်ဦးဖြစ်ကြောင်း၊ တပ်ထဲတွင် အားလုံး၏ လေးစားခြင်းကို ခံရသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းနှင့် လက်တွဲခွင့်ရသည့်အတွက် အလွန်ဂုဏ်ယူစရာကောင်းကြောင်း ထရန့်က ပြောခဲ့သည်။

(ရိုက်တာ)



# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ ဈေးဝယ်စင်တာအတွင်းသို့ လေယာဉ်ပျက်ကျ

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ အက်ဆန်ဒွန် လေဆိပ်အနီး ဈေးဝယ်စင်တာတစ်ခုအတွင်းသို့ လေယာဉ်ငယ်တစ်စင်း ဖေဖော်ဝါရီ ၂၁ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါလာသူ ငါးဦးလုံးသေဆုံးခဲ့ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဗစ်တိုးရီးယားပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပျက်ကျလေယာဉ်သည် ဘိချ်ခရက်ဖ် စင်းလုံးငှားလေယာဉ်ဖြစ်ပြီး ဩစတြေးလျနိုင်ငံတောင်ဘက် ကမ်းရိုးတန်း ကင်းအိုင်လန်သို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျ မီးလောင်ကျွမ်းမှုကြောင့် အခြားအဆောက်အအုံများ ပျက်စီးမှုမရှိသော်လည်း ဈေးဝယ်စင်တာမှာမူ အများအပြားပျက်စီးခဲ့ကြောင်း ဗစ်တိုးရီးယား ရဲတပ်ဖွဲ့က ပြောခဲ့သည်။

လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ထိုသို့စစ်ဆေးနေစဉ် လေယာဉ်ပြေးလမ်းများကိုလည်း ခေတ္တခဏ ပိတ်ထားကြောင်း သိရသည်။

ယခုကဲ့သို့ ပျက်ကျမှုသည် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးမတော်တဆမှုဖြစ်ကြောင်း ဗစ်တိုးရီးယားပြည်နယ် ဝန်ကြီးချုပ် ဒယ်နီယယ်အန်ဒရူးက ပြောသည်။

သေဆုံးသွားသူငါးဦးမှာ ဩစတြေးလျ နိုင်ငံသား လေယာဉ်ပိုင်းလော့တစ်ဦးနှင့် အမေရိကန်နိုင်ငံသား လေးဦးတို့ဖြစ်ကြောင်း သိရသည်။ လေယာဉ်ပျက်ကျချိန်၌ လေဆိပ်နံဘေးရှိ ဈေးဝယ်စင်တာတွင် ဝန်ထမ်း ၂၀ ခန့် ရှိနေခဲ့သည်။ သို့သော် လေယာဉ်သည် ကုန်ပစ္စည်းများသိုလှောင်ရာအနီးတွင် ပျက်ကျခဲ့သည်ဖြစ်ရာ ဝန်ထမ်းများထိခိုက်မှုမရှိကြောင်း သိရသည်။ လေယာဉ်ပျက်ကျမှုသည် အင်ဂျင်ချွတ်ယွင်းမှုကြောင့်ဟု ရဲတပ်ဖွဲ့က ထင်မြင်လျက်ရှိသည်။

(ရိုက်တာ)



# ဆီးရီးယားသူပုန်များသို့ စီအိုင်အေပူးပေါင်းတပ်ဖွဲ့များ၏ ကူညီထောက်ပံ့မှုရပ်ဆိုင်းလျက်ရှိ

**အလက်ပို ဖေဖော်ဝါရီ ၂၁**

ဆီးရီးယား အနောက်မြောက်ပိုင်းရှိ သူပုန်များကို ကူညီပေးလျက်ရှိသည့် စီအိုင်အေ စစ်ဘက်ဆိုင်ရာအကူအညီပေးရေး ပူးပေါင်းတပ်ဖွဲ့သည် ပြီးခဲ့သည့်လက အိုင်အက်စ်အဖွဲ့၏ အကြီးအကျယ် တိုက်ခိုက်မှုများအောက် ကျရောက်ခဲ့ပြီးနောက်တွင် နှုတ်ဆိတ်လျက်ရှိကြောင်း သူပုန်အဖွဲ့မှ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အား ဆန့်ကျင်သည့်စစ်ပွဲတွင် အဓိကအကူအညီဖြစ်သည့် ပြည်ပအထောက်အပံ့များနှင့် ပတ်သက်၍လည်း မေးခွန်းများစွာထွက်ပေါ်လျက်ရှိသည်။ ဂျီဟတ်စစ်သွေးကြွများ၏ ကျူးကျော်တိုက်ခိုက်မှုများအပြီး ယခုလအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့် ပတ်သက်၍ အာဏာပိုင်များထံမှ ဖြေရှင်းချက်ပေးခြင်းမရှိခဲ့ကြောင်း သူပုန်အဖွဲ့အာဏာပိုင်များက ဆိုသည်။

အချို့ကမူ တိုက်ပွဲများဖြစ်ပွားရခြင်းသည် အိုင်အက်စ်အဖွဲ့၏ လက်တွင်းသို့ စစ်လက်နက်များနှင့် ငွေကြေးများ ရောက်ရှိသွားခြင်းမှ ကာကွယ်ရန်အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း ယုံကြည်လျက်ရှိသည်။ သို့သော် စီအိုင်အေ ပူးပေါင်းတပ်ဖွဲ့များ၏ တိတ်ဆိတ်နေမှုသည် ယာယီသာဖြစ်ကြောင်း သူပုန်အဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

လတ်တလော ရပ်ဆိုင်းထားသည့် အကူအညီပေးအပ်မှုများတွင် လစာများ၊ လေ့ကျင့်သင်ကြားမှုများ၊ လက်နက်ခဲယမ်းများနှင့် တင့်ကားဖျက် ဒုံးကျည်လေ့ကျင့်မှုများ ပါဝင်ကြောင်း စီအိုင်အေဦးဆောင်သည့် အစီအစဉ်နှင့် ရင်းနှီးကျွမ်းဝင်သူ အမေရိကန်အာဏာပိုင် နှစ်ဦးက ပြောကြားခဲ့သည်။

လတ်တလောတွင် ကူညီထောက်ပံ့မှုများ ရပ်ဆိုင်းထားခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် စီအိုင်အေက ငြင်းဆန်ထားကြောင်း သိရသည်။

(ရိုက်တာ)



# နယူးဇီလန်၌ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံကို ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်မည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၁**

နယူးဇီလန်ရဲတပ်ဖွဲ့သည် ၂၀၁၁ ခုနှစ်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးကာ လူတစ်ရာကျော် သေဆုံးသွားသည့် အဆောက်အအုံတစ်ခု တည်ဆောက်ခဲ့မှုအပေါ် ရာဇဝတ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုပြုလုပ်ရန် ရှိ မရှိကို ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် အဆောက်အအုံပြိုကျရာတွင် သေဆုံးသွားသူများ၏ မိသားစုဝင်များအား အဆောက်အအုံပြိုကျပျက်စီးမှုအပေါ် စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည့်အကြောင်း အသေးစိတ်ညွှန်ကြားမှုပြုလုပ်ခဲ့သည်။

နယူးဇီလန်တောင်ပိုင်း ခရစ်ချတ်မြို့နှင့် အနီးတစ်ဝိုက်တွင် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရပြီး ငလျင်အတွင်း လူပေါင်း ၁၈၅ ဦး သေဆုံးခဲ့သည့် အဆောက်အအုံပြိုကျမှုအတွင်း သေဆုံးသူမှာ ၁၁၅ ဦးရှိသည်။ ပြိုကျသွားသည့် အဆောက်အအုံတွင် ဘာသာစကားသင်တန်းကျောင်းခွဲတစ်ခု ပါဝင်ပြီး အဆိုပါကျောင်း၌ သင်ကြားနေသည့် ဂျပန်နိုင်ငံသား ၂၈ ဦးလည်း သေဆုံးသွားခဲ့သည်။

၎င်းတို့၏ မိသားစုဝင်များကို အဆောက်အအုံ၏ ဒီဇိုင်းရေးဆွဲမှုနှင့် တည်ဆောက်မှုပါဝင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်သွားရန် နောက်ဆုံး ဆုံးဖြတ်ချက်ကို ယခုလကုန်ပိုင်းတွင် ပြောကြားမည်ဖြစ်သည်ဟု နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သေဆုံးသူ ဂျပန်နိုင်ငံသားများ၏ မိသားစုဝင်များက ဆိုသည်။

အဆောက်အအုံပြိုကျမှုအတွင်း သေဆုံးသွားသည့် ဂျပန်နိုင်ငံသားအများစုသည် ဂျပန်နိုင်ငံအလယ်ပိုင်း တိုယာမာမြို့ရှိ ဘာသာစကားသင်တန်းကျောင်း တက်ရောက်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

(အန်အိတ်ချ်ကေ)

# ပါကစ္စတန်တရားရုံးတစ်ရုံး၌ အသေခံဗုံးခွဲတိုက်ခိုက်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၂၁**

ပါကစ္စတန်အနောက်မြောက်ပိုင်း ချာဆတ်ဒါခရိုင်ရှိ တရားရုံးတစ်ရုံးကို ဖေဖော်ဝါရီ ၂၁ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူလေးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများနှင့် မီဒီယာများက ပြောကြားခဲ့သည်။

သေဆုံးသူ လေးဦးမှာ ရှေ့နေတစ်ဦးနှင့် အသေခံဗုံးခွဲသူ သုံးဦးတို့ဖြစ်ကြောင်း၊ အသေခံဗုံးဖောက်ခွဲသူများကို တရားရုံးအဝင်ဝဂိတ်ပေါက်တွင် ရဲက အသေပစ်ခတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ရဲ ငါးဦးပါဝင်ကြောင်း၊ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အသေခံဗုံးဖောက်ခွဲသူများအနက် တစ်ဦးမှာ နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်ခ်ထွန်ခွာပြည်နယ် ချာဆတ်ဒါခရိုင် တန်ဂျီနယ်မြေရှိ မြို့နယ်တရားရုံး၏ အဝင် ဂိတ်ပေါက်တွင် ၎င်းကိုယ်တိုင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခြား တိုက်ခိုက်သူနှစ်ဦးမှာ တရားရုံးအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့သော်လည်း ရဲတပ်ဖွဲ့က သေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ပြောကြားထားခြင်းမရှိသေးပေ။

(ဆင်ဟွာ)

# ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားမြတ်နိုးထိုက်ပါသော ကျေးဇူးရှင်တောင်သူဦးကြီးများနှင့် လုပ်သား ပြည်သူမိဘအပေါင်းတို့ခင်ဗျား**

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ရွှင်လန်းနိုးကြားပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ခင်ဗျား-

ကျွန်တော်ကတော့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးမင်းသူဖြစ်ပါတယ်။

ကျွန်တော်ပထမဦးဆုံး ကျေးဇူးတင်စကားပြောကြားလိုတာကတော့ ကျေးဇူးရှင် လယ်သမားဦးကြီးတွေ စိုက်ပျိုးတဲ့ ဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌ ဖြစ်လာတာနဲ့ နိုင်ငံရေးမှာ လူငယ်တွေ ရှုပ်ရှုပ်ချွံချွံပါဝင်ခွင့်ရတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး နိုင်ငံတော်သမ္မတကြီးနဲ့အတူတကွ ကျွန်တော်တို့ပါတီရဲ့ အမှတ်တံဆိပ်အဓိပ္ပာယ်နဲ့ မူဝါဒသဘောထားလုပ်ငန်းစဉ်တွေကို တင်ပြခွင့်ပေးထားတဲ့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းတွေအားလုံးနဲ့ မဲဆန္ဒရှင်အပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ် ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီကို ၂၉-၄-၂၀၁၅ ရက်နေ့မှာ တည်ထောင်ခွင့်လျှောက်ထားပြီး ၄-၈-၂၀၁၅ ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ်(၉၉)နဲ့ ပါတီတည်ထောင်ခွင့်ရရှိပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွေမှာ လယ်သမားစစ်စစ်ကြီးတွေနဲ့ အလုပ်သမားတွေ အပါအဝင် ရှေ့နေသုံးဦးနဲ့ ဥပဒေပညာရှင်တွေနဲ့ ဖွဲ့စည်းထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

**ပါတီ၏အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်မှာ**

ပါတီအမည်မှာ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားအားဖြင့် Union Farmer-Labour Force ပါတီဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြတဲ့ လယ်သမား၊ အလုပ်သမားတွေ အစဉ်အေးချမ်းသာယာဖို့အတွက် အစိုးရ အဆက်ဆက်နဲ့ စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာရေးကို အဓိကထားပြီး မြန်မာလယ်သမား၊ အလုပ်သမားတွေကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန် ရည်သန်ပါတယ်။

**ပါတီအလံနှင့် တံဆိပ်၏ အဓိပ္ပာယ်မှာ**

အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ(၁၄)လုံးနှင့် စက်သွားဝိုင်း(ခ) ပင်နယန်၏ အလယ်တွင် အစိမ်းရောင်စက်ဝိုင်းအတွင်း ပြုံးရွှင်တက်ကြွနေတဲ့မျက်နှာနဲ့ တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေတဲ့ လယ်သမားပုံကို အသိအမှတ်ပြုရေးဆွဲထားပါတယ်။

(က) အနီရောင်နောက်ခံဟာ လယ်သမား အလုပ်သမားအပေါင်းတို့ရဲ့ သွေးသည်ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမယ့်စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(ခ) အရွယ်တူကြယ်ဖြူ ၁၄လုံးဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ခုတို့ကို ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ဖော်ညွှန်းပါတယ်။

(ဂ) ပင်နယန် စက်သွားဟာ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအလုပ်သမားထုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) အစိမ်းရောင်အဝိုင်းဟာ ပြည်ထောင်စုလယ်သမားအလုပ်သမားတွေရဲ့စွမ်းအားနဲ့ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် စေရမယ်လို့ ရည်ညွှန်းပါတယ်။

(င) ပြုံးရွှင်တက်ကြွနေတဲ့ လယ်သမားရဲ့ပုံဟာ ရန်သူမျိုးငါးပါး မည်သို့ပင် ကျရောက်ပါစေ၊ ပင်ပန်းဆင်းရဲခံနေရမှုကို သားသမီးတို့ကို အသိ မပေးဘဲ အပြုံးနဲ့ အစဉ်လုပ်ကျွေးနေမယ်ဟူသော ဖခင်ကောင်းရဲ့စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(စ)တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်ဟာ လယ်သမား၊အလုပ်သမား အင်အားနဲ့ နိုင်ငံအတွင်း စားနပ်ရိက္ခာ ထာဝရဖူလုံဖို့အတွက် အားကြိုးမာန်တက် အစဉ်ကြိုးစားနေမယ်လို့ ရည်ညွှန်းပါတယ်။

(ဆ)တံစဉ်ကိုင်ဆောင်တဲ့ လယ်သမားအပေါင်းတို့လက်နဲ့ အလုပ်သမား ထုရဲ့လက်ဟာ တိုင်းတစ်ပါးမှ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နဲ့အတူ နိုင်ငံတော်ကို ကာကွယ်ဖို့ဆိုတဲ့ အမျိုးသားရေး စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီရဲ့ သုံးစွဲတဲ့အလံနဲ့ တံဆိပ်မှာ အတူတူပဲဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

**ပါတီ၏ မူဝါဒသဘောထားအားဖြင့်**

ကျွန်ုပ်တို့ရဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုး ရှိပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသား အားလုံးပိုင်ဆိုင်ကြသလို တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ သွေးစည်းညီညွတ်မှုကို အခြေပြုရပ်တည်ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ မြန်မာနိုင်ငံရဲ့ ကျေးလက်နေလယ်သမား၊ အလုပ်သမားတွေရဲ့ လူနေမှုဘဝတိုးတက်မြင့်မားဖို့အတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနဲ့ မြို့ပေါ်နေအလုပ်သမားလူတန်းစားတွေရဲ့ ဘဝတိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ပါတီကို အမည်ပေးရာမှာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတော်ဖြစ်သလို လယ်သမား၊အလုပ်သမားအများစုဖြစ်နေကြပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားလယ်သမား၊ အလုပ်သမားအပေါင်းတို့ရဲ့ အင်အားနဲ့စုစည်းပြီး ခေတ်အဆက်ဆက်တက်လာမယ့် အစိုးရနဲ့ လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီးအေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)၊ အပိုဒ် ၂၁ (က)အရ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိရေးနဲ့ အခန်း(၈)နိုင်ငံသားတွေရဲ့မူလအခွင့်အရေးနဲ့တာဝန်များ အပိုဒ် ၃၄၇ တွင် နိုင်ငံတော်ဟာ မည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေးရရှိစေရပါမယ်။ ဒါ့အပြင် ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမှာနဲ့အညီ ရည်ရွယ်ပြီး "ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ"ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

**နိုင်ငံရေးဆိုင်ရာမူဝါဒအားဖြင့်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသော လယ်သမား၊ အလုပ်သမား၏လက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေ အထားဖြင့် ရပ်တည်မည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းအား အချုပ်အခြာအာဏာပိုင်လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

(ဂ) အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံတော်၏ လွတ်လပ်ရေး သက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ရသည့် ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်း ရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား လယ်သမားအလုပ်သမားများ၏ အင်အားနှင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားခြင်းဖြင့် ရပ်တည်မည်။

(ဃ) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရ မည်ဟု အလေးအနက် ရပ်တည်မည်။

(င) လူထုလူတန်းစားကို ကိုယ်စားပြုသည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်နှင့်အညီ

(၁) လယ်သမားလူတန်းစားကိုယ်စားပြုအဖွဲ့အစည်းများ

(၂) အလုပ်သမားကိုယ်စားပြုအဖွဲ့အစည်းများ

(၃) တိုင်းရင်းသားလုပ်ငန်းရှင်များကိုယ်စားပြုအဖွဲ့အစည်းများ

(၄) အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများ

(၅) ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေးကို ထောက်ခံဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**ဥပဒေရေးရာမူဝါဒအားဖြင့်**

ဥပဒေပြဋ္ဌာန်းရေးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေအထက်မှာ မည်သူမျှမရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနဲ့ နိုင်ငံသားအားလုံးက တန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမှာဖြစ်ပါတယ်။

လယ်သမားတွေအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ဥပဒေနဲ့ လယ်ယာမြေသိမ်းဆည်းမှုဟာ ဥပဒေနဲ့အညီရှိရမှာဖြစ်ပါတယ်။

အလုပ်သမားတွေအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်ဖို့ ဥပဒေပြဋ္ဌာန်းရေးနဲ့ လုပ်ငန်းခွင်အတွင်း ပျက်စီး ဆုံးရှုံးခံလိုက်ရတဲ့ အလုပ်သမားတစ်ဦးရဲ့ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုအတွက် ထိုက်တန်တဲ့ ထောက်ပံ့မှုတွေရရှိနိုင်ရေးနဲ့ အလုပ်သမားတွေအတွက် ဥပဒေနဲ့အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်တဲ့ အလုပ်သမားရေးရာဝန်ကြီးတွေပေါ်ပေါက်လာစေဖို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံသားတိုင်းဟာ တရားဥပဒေစိုးမိုးရေးကို လက်ခံပြီး ဥပဒေရဲ့ အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျန်းမာရေးဆိုင်ရာ မူဝါဒအားဖြင့်**

ဆင်းရဲသား လယ်သမား၊ အလုပ်သမားတွေအတွက် ကျန်းမာရေးဟာ အဓိကပါ။ ဒါ့ကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနဲ့ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့ ကျေးရွာတွေမှာ ကျန်းမာရေး ဝန်ထမ်းတွေ ရောက်ရှိမှုနည်းပါးနေတာကို အခု မျက်မှောက်ကာလမှာ တွေ့မြင် နေရပါတယ်။ အဆိုပါ ကျန်းမာရေးကိစ္စရပ်တွေကိုလည်း အဓိကထားဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာမူဝါဒအားဖြင့်**




ကျွန်ုပ်တို့ရဲ့ တိုင်းပြည်ဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်ဖြစ်သလို ဆင်းရဲသား လယ်သမား၊ အလုပ်သမား အများဆုံးရှိတဲ့ နိုင်ငံဖြစ်နေပါတယ်။

တိုင်းပြည်ကို ကမ္ဘာ့အလယ်မှာ တင့်တယ်စေဖို့ အခြေခံလူတန်းစားတွေ၊ စီးပွားရေးဦးမော့နိုင်မှသာလျှင် တိုင်းပြည်ကို တိုးတက်ပြောင်းလဲပြီလို့ မှတ်ယူရမှာ ဖြစ်တာနဲ့အညီ လယ်သမား၊ အလုပ်သမားအတွက် ခိုင်လုံတဲ့စီးပွားရေး အဆင်ပြေစေဖို့ တည်ငြိမ်တဲ့ စပါးဈေးကွက်နဲ့ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံသူတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

**ပညာရေးဆိုင်ရာမူဝါဒအားဖြင့်**

ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်ပေါင်တန်းဆက်ဆံရာမှာ အဓိကအကျဆုံးက ပညာရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းတွေ အများအပြားလိုအပ်ပါတယ်။ လယ်သမားတွေအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာမှာ အဓိကကျဆုံးက ပညာရေးပဲဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကို သိမှာပါ။ နည်းပညာသိမှသာလျှင် နိုင်ငံတော်သမဝါယမအသင်းစုနဲ့ ကုမ္ပဏီတွေက အရစ်ကျချပေးတဲ့ လယ်ယာသုံးစက်ပစ္စည်းတွေကို စနစ်တကျ အသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေမှာ စာသင်ကျောင်းတွေလည်း ရှားပါးသလို ပညာရေးဝန်ထမ်းတွေလည်း မျက်မှောက်ကာလမှာ ရှားပါးနေတာကို တွေ့မြင်နေရပါတယ်။ ဒါကြောင့် ယင်းဒေသရှိ ကျေးရွာလူကြီးတွေက မိမိတို့ကျေးရွာအတွက် နေ့စားလပေး ဆရာ ဆရာမတွေကို ခေါ်ယူနေတာဟာ ယနေ့တိုင်ပဲ ဖြစ်ပါတယ်။ နေ့စားလပေးဆရာ ဆရာမတွေဟာ ပညာရေးကောလိပ်က ဆင်းသက်လာတဲ့ ပညာရေးဝန်ထမ်းတွေမဟုတ်တာကြောင့် သင်ကြားရေးမှာ မတိုးတက်ဘဲရှိနေတာကို တွေ့မြင်နေရပါတယ်။ အဲဒီ ပြဿနာတွေကိုလည်း အဓိကထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကြီးမှာ ဝေါမြို့နယ်၊ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်တို့မှ ငါးမြို့နယ် ငါးနေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။

ယခု ၂၀၁၇ ဧပြီလ ၁ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲကြီးမှာ ကျွန်တော်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ(၄)မှာ အခြေခံလူတန်းစားလယ်သမားတွေ၊ အလုပ်သမားတွေအတွက် ရှုပ်ရှုပ်ချွံချွံ လွှတ်တော်အတွင်း တင်ပြဆွေးနွေးနိုင်ဖို့အတွက် ဝင်ရောက်အရွေးချယ်ခံသွားမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မြေယာဥပဒေတွေရဲ့ တချို့သော အားနည်းချက်တွေကိုလည်း လွှတ်တော်အတွင်း ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အဓိကအနေနဲ့ တိုင်းရင်းသား လယ်သမား၊ အလုပ်သမားတွေရဲ့ ဘဝတွေကို စာနာပြီး ကယ်တင်လိုစိတ်ရှိခဲ့ရင်တော့ ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်တွေမှ မဲဆန္ဒရှင်ပြည်သူတွေ ကျွန်တော့်ကို မဲပေးကြပါလို့ အထူးပင်တိုက်တွန်းပြောကြားလိုပါတယ်။ ရွေးကောက်ပွဲကြီးအလွန်မှာ ကျွန်တော်တို့ပါတီရဲ့ လွှတ်တော်အတွင်းမှလည်းကောင်း၊ လွှတ်တော်ပြင်ပမှ လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေကို တင်ပြ ဆောင်ရွက်သွားပါမယ်။

(၁) အမှန်တကယ် လယ်ယာမြေ လုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေး။

(၂) မျိုးစပါးများအား မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများမှ မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိနိုင်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး။

(၃) သွင်းအားစုဟု ခေါ်တွင်သော ဓာတ်မြေသြဇာများအား သင့်တင့်သော ဈေးနှုန်းများနှင့် ရောင်းချပေးနိုင်ရေး။

(၄) ထွက်ရှိလာသော စပါး၊ ကောက်ပဲသီးနှံများကို ရသင့်ရထိုက်သော ဈေးနှုန်းများရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး။

(၅) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများ ပို့ချနိုင်ရေး။

(၆) အမှန်တကယ်လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေကေနှင့်အညီ ချေးငွေများရရှိစေရေး။

(၇) အမှန်တကယ်လုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများရဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ (၇) ရရှိနိုင်ရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ (၇) ထုတ်ပေးနိုင်ရေး။

*စာမျက်နှာ ၁၂ သို့*

စာမျက်နှာ ၁၁ မှ

(၈) လယ်ယာကုန်ထုတ်သီးနှံများ ရောင်းချရန်အတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။

(၉) ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ အမှန်တကယ်စိုက်ပျိုးနေသော လယ်ယာမြေများကို သိမ်းယူမှုမရှိစေရေးကို ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး။

(၁၀) ဆုံးရှုံးသွားသော လယ်ယာမြေများနှင့် သိမ်းဆည်းခံရသော လယ်ယာမြေများကို တောင်သူလယ်သမားကြီးများ လက်ဝယ်သို့ပြန်လည်ရရှိစိုက်ပျိုးနိုင်ရေးအတွက် ယခုတိုင်းပြည် တာဝန်ယူထားသော အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများ စိတ်ချမ်းသာစေရေးနှင့်

(၁၁) ဆင်းရဲသားလယ်သမား၊ အလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများမှ အလုပ်သမားအခွင့်အရေး အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေနှင့်ပါ ညှိနှိုင်းဆောင်ရွက်ကာ လယ်သမား၊ အလုပ်သမားများအတွက် ခေါင်းမော့ရင်ကော့နိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့တိုင်းပြည်ဟာ ရိုးသားကြိုးစားတဲ့ လယ်သမား၊ အလုပ်သမားတွေနဲ့ နိုင်ငံတည်ထားခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံရဲ့လယ်သမား အလုပ်သမားတွေဟာ ကောင်းကင်မှာရှိတဲ့ ကြယ်ပွင့်များနဲ့တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့စွမ်းအားနဲ့ ညအခါမှာ အလင်းပြန်ပေးနိုင်တာပါ။ ဒါကြောင့် လယ်သမား၊ အလုပ်သမားတွေကို နေရောင်ခြည်လို မေတ္တာနဲ့ ဖွံ့ဖြိုးတိုးတက်မှုပေးနိုင်တဲ့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်အတိုင်ပင်ခံနဲ့ လွှတ်တော်သုံးရပ်ရှိ ဥက္ကဋ္ဌများမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲသားလယ်သမား၊ အလုပ်သမားတွေဆီကလည်း နိုင်ငံတော်ကို အလင်းခွန်အားပြန်လည်ပေးဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီက လယ်သမားကိုယ်စားပြုတဲ့ လယ်သမားကြီးပုံနဲ့ အလုပ်သမားကိုယ်စားပြုတဲ့ ပင်နယန်စက်သွားကို အလံပေါ် တင်ထားပေးပါတယ်။ လယ်သမား၊ အလုပ်သမား ဦးကြီးတွေကလည်း မြင့်တယ်ထင်ပြီး အလံပေါ်က ခုန်မချကြဖို့ ပြောကြားတိုက်တွန်းရင်း လာမယ့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အခြေခံလူတန်းစား လယ်သမား၊ အလုပ်သမားတွေအတွက် လွှတ်တော်အတွင်း ရဲရဲရင့်ရင့်နဲ့ တင်ပြဆွေးနွေးနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ကျွန်တော်တို့ပါတီနဲ့အတူ လက်တွဲပြီး ရွေးချယ်နိုင်ကာ ဆန္ဒနဲ့ဘဝတွေ ထပ်တူကြပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။

# ခွင့်ပြုချက်မရှိဘဲ ရေတားများပြုလုပ်ထားသည့် ဝါးငုတ်များအား ပြန်လည်ဖျက်သိမ်းပေးမည်

**တာချီလိတ် ဖေဖော်ဝါရီ ၂၁**



မြန်မာ-ထိုင်း နှစ်နိုင်ငံပိုင်ရေချောင်းမှ ထိုင်းနိုင်ငံ တောင်သူလယ်သမားများက လယ်ရေသောက် ရရှိနိုင်ရေးအတွက် ခွင့်ပြုချက်မရှိဘဲ အကြိမ်ကြိမ်ရေတားများ ပြုလုပ်ရန် စိုက်ထူထားသော ဝါးငုတ်များအား ပြန်လည်ဖယ်ရှားပေးမည်ဖြစ်ကြောင်း တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီကျော်က ဒုတိယအကြိမ် နှစ်နိုင်ငံတာဝန်ရှိသူများ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံမှ တာဝန်ရှိများက နှစ်နိုင်ငံနယ်စပ်ရှိ မယ်ဆိုင်ချောင်းရေအား လယ်ရေသောက် သွယ်ယူအသုံးပြုနိုင်ရေးအတွက် ထိုင်းတောင်သူလယ်သမား ၁၀၀၀ ခန့်က ၎င်းတို့စိုက်ခင်းများအတွက် ရေလိုအပ်ချက်အခက်အခဲများအား တင်ပြတောင်းဆိုခဲ့ကြောင်း၊ သို့ဖြစ်၍ ထိုင်းတောင်သူများ၏ အခက်အခဲများအား ပြေလည်စေရန်အတွက် စိုက်ပျိုးရာသီချိန်အတွင်း ယာယီခွင့်ပြုပေးနိုင်ရန်နှင့် အခိုင်အမာတည်ဆောက်ထားခြင်း မဟုတ်သည့်အတွက် မိုးရာသီ ရေများလာချိန်တွင် ရေစီးအားဖြင့် အလိုအလျောက်မျောပါ ပျက်စီးနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ရာ ဆွေးနွေးခြင်းအပေါ် မြန်မာဘက်မှ တာဝန်ရှိသူများက မိမိတို့အနေဖြင့် အတားအဆီးများအား ဟန့်တားကန့်ကွက်ရခြင်းသည် ဥပဒေနှင့်အညီဖြစ်ကြောင်း၊ မိုးတွင်းကာလများတွင် တာချီလိတ်ဘက်ခြမ်း၌ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိကြောင်း၊ ထိုင်းဘက်အနေဖြင့်ယခုကဲ့သို့ ရေတားများပြုလုပ်နေမည့်အစား ရေမြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်စေလိုကြောင်း၊ ယခုကိစ္စသည် နှစ်စဉ်ကြုံတွေ့နေရသည်ဖြစ်၍ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ပြတ်ပြတ်သားသား ဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုင်းဘက်အနေဖြင့် ယခုကိစ္စသည် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့်အတွက် ထိုင်းပြည်သူများအား ထိန်းသိမ်းပေးစေလိုကြောင်း စသည်ဖြင့် အပြန်အလှန်ဆွေးနွေးကြရာ ထိုင်းတာဝန်ရှိသူများက ဖေဖော်ရီ ၂၂ ရက် နံနက်တွင် စိုက်ထူထားသော ဝါးငုတ်များအား ပြန်လည်ဖယ်ရှားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုင်းတောင်သူများသည် ဖေဖော်ဝါရီ ၉ ရက်က ဝါးငုတ်များစိုက်ထူပြီး သဲအိတ်များဖြင့် ရေချောင်းအားပိတ်ကာ ရေတားပြုလုပ်လာသည့်အတွက် ထိုင်း-မြန်မာ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ပထမအကြိမ် တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ထိုင်းတောင်သူလယ်သမားများသည် ရပ်တန့်ခြင်းမရှိဘဲ ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် ဖေဖော်ဝါရီလအတွင်း (၄)ကြိမ်တိုင်တိုင် ဝါးငုတ်များစိုက်ထူရေတားများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ ကော့ချန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်းဆူလချာနှင့် နယ်ခြားကော်မတီမှ ဗိုလ်ကြီး ဆန်တိ ဦးစီးခြောက်ဦး၊ မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၊ တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း၊ ထိုင်း-မြန်မာ ဆက်ဆံရေးတာဝန်ခံ ဦးဘိုလေးနှင့် အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**



# မြစ်ကြီးနားတွင် လေပြင်းတိုက်ခတ်ကာ မိုးရွာသွန်းပြီး မိုးသီးကြွေကျမှုကြောင့် ဓာတ်တိုင်အချို့လဲကျပျက်စီး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဖေဖော်ဝါရီ ၂၀ ရက် ည ၉ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းကာ မိုးသီးများ ကြွေကျမှုကြောင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းပတ်ဝန်းကျင်တွင် ဓာတ်တိုင်အချို့ လမ်းဘေးခရီးသည်နားနေဆောင်တစ်လုံးနှင့် ကြော်ငြာဆိုင်းဘုတ်များ ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။

**အချိန်အခါမဟုတ်မိုးရွာသွန်း**

မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက စပြီး အချိန်အခါမဟုတ် မိုးများအုံ့ဆိုင်းကာ မိုးအနည်းငယ်ရွာသွန်းခဲ့ပြီး ညပိုင်းတွင် ယခုကဲ့သို့ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ မြစ်ကြီးနားမှာ အရင်က ဒီလို အချိန်အခါမဟုတ် မိုးရွာတာ၊ မိုးသီးကြွေကျတာ မကြုံဖူးပါဘူး။ မိုးတွင်းကာလမှသာ ဖြစ်ပွားလေ့ရှိတယ်” ဟု မြစ်ကြီးနားမြို့ရှက်လှမြိုင်ရပ်ကွက်တွင်နေထိုင်သူ ဦးဖိုးကျော်က ပြောသည်။

“ညက လေတိုက် မိုးရွာတာနဲ့ မိုးသီးကြွေကျတာ အလွန်ပြင်းတယ်။ ကျွန်တော်တို့အိမ်နဲ့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ အိမ်အချို့ မိုးသီးကြွေကျလို့ အိမ်မိုးသွပ်တွေ ပေါက်ပြဲကုန်တယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**လူထိခိုက်မှုမရှိ**

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်ကာ မိုးသီးများ ကြွေကျမှုဖြစ်ခဲ့သော်လည်း ပျက်စီးမှုအနည်းငယ်သာ ရှိခဲ့ကြောင်း၊ လူများထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပျက်စီးမှုများအား မြို့နယ်စည်ပင်သာယာအဖွဲ့က ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဥပ္ပါတသန္တိစေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ၊ (မတ် ၆ ရက် မှ ၁၂ ရက်အထိ) ၇ ရက်တိုင်တိုင် ဇာတ်ပွဲများနှင့် အခမ်းစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မတ် ၆ ရက်ညတွင် တက္ကသိုလ်မင်းခန့်ကို စီစဉ်သည့် ‘ကြယ်စင်ဆန်းခေတ်’ အဆင့်မြင့် ဇာတ်သဘင်အဖွဲ့၊ မတ် ၇ ရက် မှ ၈ ရက်အထိ မဟာရန်ကုန်စံပြသဘင် (ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း) အဆင့်မြင့် ဇာတ်သဘင်အဖွဲ့၊ မတ် ၉ ရက် မှ ၁၀ ရက်အထိ နိုင်ငံကျော်အဆိုတော်မနော(ဗိုလ်အောင်ဒင်)နှင့် ပန်တျာကြည်လင်၏ မြေး စူပါခေတ်ပေါ် (မင်းသားသွေးသစ်)ကတဲ့ ဇာတ်သဘင်အဖွဲ့၊ မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ စီစဉ်တင်ဆက်သည့် ‘ရွှေမြန်မာ’ဇာတ်သဘင်အဖွဲ့ (အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး၊ ရုပ်ရှင်နှင့် ဗီဒီယိုဟာသ သရုပ်ဆောင် ရာဇာပေါက်စီနှင့် ချက်ကြီး၏ နှစ်ပါးသွားအငြိမ့်၊ ဟာသ၊ တစ်ခန်းရပ်၊ အဆိုအကများဖြင့်လည်းကောင်း ညစဉ် မိုးလင်းပေါက် တင်ဆက်ပြသသွားမည်ဖြစ်သည်။)

အလားတူ ‘အောင်ကမ္ဘာရဲဇော်ထွန်း’ အဆင့်မြင့်ဘားဆပ်ကပ်အဖွဲ့ကြီးကလည်း မတ် ၆ ရက်မှ ၁၂ ရက်အထိ ၇ ရက်တိုင်တိုင် နေ့ပွဲ၊ ညပွဲ အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။


အငြိမ့်၊ ဇာတ်သဘင်ပွဲ၊ ကြည်လဲ့လဲ့ဦး၏ တေးသရုပ်ဖော်ကပွဲ၊ ဘားဆပ်ကပ်အဖွဲ့၊ ပျော်ပွဲ၊ ရှင်ပွဲများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစား ကွင်းများ၊ ပျော်ရွှင်ဖွယ်မျိုးစုံတို့ဖြင့် အထူးတလည် ကျင်းပသွားမည်ဖြစ်ပြီး ဘုရားပွဲလာသူများအတွက် ယာဉ်လိုင်းများ ဖွင့်လှစ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံးမှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# မောင်တောမြို့နတ်မြစ်အတွင်း၌ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်မည့် လှေတစ်စင်းဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေး ကင်းလှည့်ဆောင်ရွက်စဉ် ယမန်နေ့ ညနေပိုင်းက တစ်ဖက်နိုင်ငံသို့ တရားမဝင်သွား ရောက်မည့် စက်တပ်လှေငယ်တစ်စင်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖမ်းဆီးရမိသည့် စက်လှေကို တွေ့ရစဉ်

တပ်မတော်(ရေ)မှ နတ်မြစ်အတွင်း၌ ကင်းလှည့်ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က မသင်္ကာဖွယ်ရာ စက်တပ်လှေငယ်တစ်စင်းအား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါလှေပေါ်တွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်မည့် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနေ ကိုနီမူလာ (၃၅ နှစ်)၊ ခေါင်းတုတ်ကျေးရွာနေ အာမင်နူဟော့ (၁၈ နှစ်)၊ ဖက်ကုန်းကျေးရွာနေ စီဒီအာမောက် (၄၀ နှစ်)နှင့် အကီယား (၃၅ နှစ်)၊ ဝကန်းကျေးရွာနေ နာဆဲ (၅၇ နှစ်)၊ လှဆောင်ကောက်ကျေးရွာနေ ယာက်မီနာ (၁၆ နှစ်)နှင့် နုရာဆီဇာ (၂ နှစ်)၊ စစ်တွေမြို့နယ် သဲချောင်းကျေးရွာနေ မာမွတ်နုလမ်း (၃၀ နှစ်)၊ ပေါက်တောမြို့နယ် အနောက်ရပ်ကွက်နေ လာလူး(၂၆ နှစ်)၊ ပုဏ္ဏားကျွန်းမြို့နယ် သံတက်ခါလီကျေးရွာနေ ဂျမ်ဟူဆောင် (၄၂ နှစ်)၊ သာတီကျေးရွာနေ ဟာဒီနူလာ (၃၂ နှစ်) စုစုပေါင်း ၁၁ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား စစ်တွေမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးဖိုမီး အသုံးပြုလျှင်**

(၁) လူစောင့်ထားပါ။ (၂) လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။ **မီးသတ်ဦးစီးဌာန**

# မဟာမုနိဘုရားကြီး (၂၈) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မဟာမုနိဘုရားကြီး(၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်(၂၈)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က မဟာမုနိဘုရားကြီး မြောက်ဘက်မုခ်စောင်းတန်းအဝင် မင်္ဂလာမဏ္ဍပ်ရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်း/ခရိုင်/မြို့နယ် တို့မှ ဌာနဆိုင်ရာများနှင့် အလှူရှင် မိသားစုများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ အပါအဝင် ဘာသာရေး၊ သာသနာရေး၊ လူမှုရေး အဖွဲ့အစည်းတို့နှင့် စေတနာ အလှူရှင် အဖွဲ့အစည်းတို့က တန်ဖိုးငွေကျပ်စုစုပေါင်း သိန်းလေးထောင်ကို လောင်းလှူကုသိုလ်ပြုခဲ့ကြသည်။



မဟာမုနိဘုရားကြီးတွင်း(၃၉)ကြိမ်မြောက်ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ပထမအကြိမ် ဓမ္မပူဇာသဘင်တို့ကိုလည်း ကျင်းပပြီးစီးသည့်အပြင် တပို့တွဲလပြည့်နေ့တွင် လေးပြင်လေးရပ်တို့မှ ပင့်ဖိတ်ထားသော သံဃာတော်အပါး ၁၀၀၀ တို့ကို (၅၈)ကြိမ်မြောက် စာရေးတံမဲနှင့် ဆွမ်းတော်ကြီး လောင်းလှူခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဖေဖော်ဝါရီ ၂၁**

နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်ဇော်မျိုးလတ်နှင့် အမျိုးသမီးရဲတပ်ဖွဲ့ဝင် ဒုတိယရဲအုပ်မျိုးသီတာမောင်တို့ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၉ ရက်က နောင်ချိုမြို့ ဘူတာရပ်ကွက်၊ နယ်မြေ(၂)နှင့် ဈေးရပ်ကွက်၊ နယ်မြေ(၁၀)တို့ အတွင်းရှိ နေအိမ်များသို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံပြီး ကြုံတွေ့နေရသော အခက်အခဲများ အကြောင်း၊ ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှု အားသာ ချက်/အားနည်း ချက်များနှင့် ပြုပြင်ရမည့် အချက်များအကြောင်းကို ဆွေးနွေး၍ ပြည်သူတို့၏ အကြံပြုချက်များကို ရယူခြင်း၊ ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပေးဝေခြင်းနှင့် မှုခင်းစာစောင်များ ဝေငှခြင်းစသည့် အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်များ ဆောင်ရွက် ခဲ့ကြသည်။ ကျန်မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်များသို့လည်း အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဖြင့် ဆက်လက်၍ မှုခင်းအသိပညာပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**သံတွဲ ဖေဖော်ဝါရီ ၂၁**

သံတွဲမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က ယင်းစီမံကိန်းကျေးရွာများ၌ ကျင်းပခဲ့သည်။

အဆိုပါမြစိမ်းရောင်စီမံကိန်း နောက်တိုးရွာနှစ်ရွာဖြစ်သည့် အလယ်ရွာ၊ နတ်တောင်မော်ရွာနှင့် ဆူးပုတ်ကုန်းကျေးရွာများသို့ မြစိမ်းရောင် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀စီအား လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မင်းစုံတောင်၌ မြန်မာ့ကြယ်လိပ်များ တတိယအကြိမ် ဘေးမဲ့လွှတ်ပွဲကျင်းပ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၁**

နွားထိုးကြီးမြို့နယ် ခက်လန်းကျေးရွာအနီးရှိ မင်းစုံတောင် ဘုန်းပွင့်အောင်စေတီတော်ရင်ပြင်၌ တတိယအကြိမ် မြန်မာ့ကြယ်လိပ်များဘေးမဲ့လွှတ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့်မင်းစုံတောင် အုပ်ချုပ်ရေးမှူး ဒေါ်လေးလေးခိုင်တို့က ရှားပါးကြယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးကို လည်းကောင်း၊ လက်ထောက်ကြယ်လိပ်သုတေသနပညာရှင် ဒေါက်တာကလျာက ကြယ်လိပ်များ၏ သဘာဝအကြောင်း သိကောင်းစရာများနှင့် ကြယ်လိပ်များ ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သဘာဝအတိုင်း ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားရန် စီစဉ်ထားသည့် ကြယ်လိပ်အကောင် ၃၀၀ ကို တောအတွင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်

**တောင်ငူ ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်က သံတောင်မြို့ ပသိချောင်းခန်းမ၌ ကျင်းပရာသံတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်အောင်၊ လိပ်သိုလ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်တို့က အမှာစကားပြောကြားပြီး သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇောအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ဦးစီးဌာန၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသူစုစုပေါင်း ၃၃ ဦးအား မော်တာအပ်ချုပ်စက် အလုံး ၂၀ ၊ ရိုးရိုးခြေနင်းအပ်ချုပ်စက် ၁၃ လုံးတို့ဖြင့် ကလေးဝတ်၊ ယောကျ်ားဝတ်၊ မိန်းမဝတ်၊ အထည်မျိုးစုံချုပ်နည်းများကို ကျွမ်းကျင်မော်တာအပ်ချုပ်ဆရာများက သင်တန်းကာလတစ်လကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**သူရ(တောင်ငူ)**

# အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့်အခမဲ့ကုသ

**အိမ်မဲ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် တိုင်းရင်းဆေးကုသရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာရှိ ပြည်သူများ အသိပညာဗဟုသုတများရရှိစေရေးအတွက် ကျေးရွာဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ ရက်က အသိပညာပေး



ဟောပြောပွဲနှင့် တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ် တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်ခိုင်စိုးက သွေးတိုးရောဂါနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ပြည်သူများ စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနက ကျေးရွာရှိပြည်သူများတွင် ဖြစ်ပွားနေသောရောဂါများကို စမ်းသပ်စစ်ဆေးပြီး လူနာ ၄၀ ခန့်အား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြခန်းများ ပြသပေးပြီး ကျေးရွာရှိပြည်သူများ စာပေဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ လှူဒါန်းပေးခဲ့ပြီး စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန် /ဆက်)**

# ပျံ့ကျဈေးသည်များ စနစ်တကျရှိစေရေး ဆိုင်ခန်းများဆောက်လုပ်၍ မဲနှိုက်ပေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အတွင်းရှိ ဈေးများ ဈေးအင်္ဂါရပ်ပြည့်မီရေး၊ စနစ်တကျရှိစေရေး၊ ပျံ့ကျဈေးရောင်းချသူများ အမိုးအကာအောက်ရောက်ရှိပြီး စနစ်တကျ ဆိုင်ခန်းများဖြင့် ဈေးရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင်း ရွာတန်းဈေးအတွင်း၌ ပျံ့ကျဈေးရောင်းချသူများအတွက် ဆိုင်ခန်းပေါင်း ၂၀ ဆောက်လုပ်ပေးခဲ့ကြောင်း သိရပြီး အဆိုပါ ဈေးဆိုင်ခန်း ၂၀ အတွက် လျှောက်လွှာတင်ကာ လျှောက်ထားသူများအား ပွင့်လင်းမြင်သာသောစနစ်ဖြင့် ဈေးဆိုင်ခန်းများ မဲနှိုက်ချထားပေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရုံး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရုံးအဖွဲ့၊ ရွာတန်းအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ရွာတန်းဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးဆိုင်ခန်းလျှောက်ထားသူများတက်ရောက်ကြပြီး အများဆန္ဒအရ ဈေးဆိုင်ခန်းများမဲနှိုက်ခဲ့ကြကြောင်း သိရသည်။

"ခုလို ပျံ့ကျဈေးရောင်းရတာကနေ ဆိုင်ခန်းနဲ့ဈေးရောင်းရတော့မှာကြောင့် ပိုပြီးအဆင်ပြေပါတယ်" ဟု ဈေးဆိုင်ခန်းမဲပေါက်သူတစ်ဦးက ပြောသည်။

အလားတူပင် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးကော်မတီသည် မြို့နယ်အတွင်း၌ ဈေးများ၊ ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ယက္ကန်းစင်တောင်အား ကြိုးဝိုင်းဖွဲ့စည်းရန် ကွင်းဆင်းဆောင်ရွက်

**မတ္တရာ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်အား ကြိုးပြင်ကာကွယ်တော သတ်မှတ်ဖွဲ့စည်းရန်အတွက် ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဇော်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးစန်းလှိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် ယခင်က ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟု နာမည်ကျော်ကြားခဲ့သော ယက္ကန်းစင်ဆရာတော်ဘုရားကြီး ဦးဩဘာသ၏ စတင်သီတင်းသုံး ထွက်ရပ်ပေါက်ခဲ့သော နေရာဟု သိရှိရပြီး သစ်တောဦးစီးဌာနမှ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် ပြီးစီးပါက ယက္ကန်းစင်တောင် ဘေးမဲ့တောဖွဲ့စည်းရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## အန္တရာယ်ဖြစ်စေသော လူသုံးကုန်ပစ္စည်းများအသုံးမပြုရေး အသိပညာပေး

**ရွာင် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အမှုဆောင်အရာရှိ ဦးစည်သူဝင်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၀ ရက်က ရွာင်မြို့ပေါ် (၃)ရပ်ကွက်အတွင်းရှိ လူအသုံးအဆောင်ကုန်များ၊ စားသောက်ကုန်ပစ္စည်းများ၊ စားသောက်ဆိုင်များရောင်းချနေသော ဈေးဆိုင်များသို့ သွားရောက်၍ လူကိုအန္တရာယ်ဖြစ်နိုင်သော ကုန်ပစ္စည်းများ၊ တားမြစ်စားသောက်ကုန်များ၊ အသုံးအဆောင်နှင့် အစားအစာလုံခြုံစိတ်ချရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါအဖွဲ့သည် မြိုင်ဈေး၊ ကျောက္ကူပြင်ဈေး၊ အင်းကြီးဈေး၊ ရေဦးဈေးနှင့် ရွာင်ဈေးများတွင်လည်း သွားရောက်၍ အသိပညာ ပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရွာင်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဈေးများအကျိုးဆောင် ရွှေတချောင်း

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

မလွန်ဈေးသည် မန္တလေးဈေးချိုတော်ကြီးထက် အရင်ကျသောဈေးကြီးဖြစ်သည်။ ဈေးချိုတော်ထက် မလွန်ဈေးကြီးက နှစ်ပေါင်း ၅၀ လောက်စောသည်။

မလွန်ဈေးကြီးကား အင်းဝဈေးချိုဈေးကြီးဖွဲ့စည်းပုံနှင့် တူသည်ဟု ဆို၏။ ရှေးမြန်မာဈေးများကား ကုန်ပစ္စည်းတစ်မျိုးကို ဈေးတန်းတစ်တန်းတည်းမှာ ဆိုင်ပေါင်းများစွာ ခင်းပြီး ရောင်းကြ၏။ ထိုဈေးတန်းတွင် အခြားပစ္စည်းရောနှောရောင်းချခြင်းမရှိကြ။ ထိုဈေးတန်းတွင် လက်ကားရောင်းသော ဆိုင်ကြီးများ၊ ပွဲရုံကြီးများသာရှိကြသည်။

မလွန်ဈေးက ရှေးမြန်မာဈေးကြီးမို့ ဈေးတန်းများက သူ့ဆိုင်ရာပစ္စည်းတစ်မျိုးစီပဲရောင်းချကြပါသည်။ ထို့ကြောင့် ယနေ့ထက်ထိတိုင် ယခင်ဈေးတန်းနာမည်များကို သုံးစွဲနေကြခြင်းဖြစ်သည်။ မလွန်ထုံးတန်း၊ မလွန်ထန်းလျက်တန်း၊ မလွန်ငါးပိတန်း၊ မလွန်ခဲလံတန်း၊ မလွန်အိုးတန်းဆိုပြီး တစ်ပြအတွင်း ဈေးတန်းကြီးငါးတန်းရှိသည်။ ၃၁ နှင့် ၃၂ လမ်းအတွင်းပေါ့။ ၃၂ နှင့် ၃၃ လမ်းကြားမှာ မလွန်ကွမ်းသီးတန်း၊ မလွန်ဆားတန်း၊ မလွန်ငါးပိတန်း၊ မလွန်ချင်းတန်း၊ မလွန်ကြက်သွန်တန်းရှိသည်။

၃၃ လမ်းကို မလွန်ကျောက်စိမ်းတန်း၊ ၃၃ နှင့် ၃၄ ကြားကို မလွန်ဆေးရိုးဝင်း၊ မလွန်ပွတ်တန်း၊ မလွန်နီပါးတန်းဟုခေါ်သည်။ ၃၄ လမ်းကို မလွန်ညောင်ဇင်တန်းဟုခေါ်ပြီး ယင်းနှင့် ၃၅ လမ်းကြားတွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်က တရုတ်လူမျိုးတန်စုရ ပိုင်ဆိုင်သည့်ဒင်္ဂါးရုံဟုခေါ်သော ဇာတ်ရုံကြီးရှိခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် ယင်းနေရာ၌ သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့လေသည်။ ဗိမာန်ကြီးအနောက်ဘက် ယခုမလွန်ရေတွန်း စက်ရုံကြီးနေရာမှာ ယခင်ကမလွန်ဘောလုံးကွင်း၊ ၎င်းအနောက်ဘက်မှာ မလွန်ကတ္တူရုပ်ဟုခေါ်သည်။ မလွန်ဈေးကြီးသို့ မတ္တရာနှင့်မြောက်ဘက်တစ်ရိုးကကုန်များကို ရွှေတချောင်းမှလှေကတ္တူများနှင့်ပို့ဆောင်သောအခါ ကတ္တူရုပ်မှာ လှေဆိုက်ကြပုံရသည်။

ကတ္တူရုပ်အနောက်ဘက် ရွှေတချောင်းအရှေ့ဘက်မှ ရှင်ပင်ပက်လက်ဘုရားရှိ၏။ ယခင်က မန္တလေးသို့ ဘုရားဖူးလာကြလျှင် မန္တလေးတောင်၊ ဘုရားကြီး၊ သကျသီဟ၊ အိမ်တော်ရာ၊ ရွှေကျီးမြင်များဖူးပြီးလျှင် သာသနာ့ဗိမာန်တော်ကြီးနှင့် ရှင်ပင်ပက်လက်ဘုရားသို့ မရောက်မနေလာကြဖူးကြသည်။

ရှင်ပင်ပက်လက်ဘုရားကို ရွာမှဘုရားဖူးတွေသွားတိုင်း ကျွန်တော်တို့ကလေးတစ်သိုက်လိုက်သွားကြပြီး ငယ်ပါဟောင်းလောင်းနှင့်ဇော်ဂျီရုပ်ကလေးအား သဘောကျကြည့်ရှုကြ၏။ ထို့ပြင် မင်းညီနောင်နှင့်မယ်ဥဇာတ်တော်၊ ရုပ်သေးရုပ်များလည်း ကြည့်ရှုရသည်။ ရက်ကန်းစင်မှာ မရွှေဥရက်ကန်းရက်ဟန်၊ ရက်ကန်းစင်မှ မရွှေဥကို ကျားချီဟန် ရုပ်သေးရုပ်များမှာ သဘာဝကျလှသည်။

မြန်မာတစ်နိုင်ငံလုံးက သိရှိပြီး ထင်ရှားလှသည့် 'မလွန်ဆန်လှူအသင်းကြီး' သည်လည်း မလွန်ရပ်ကွက်လူကြီးများ ကမကထပြုကာ ၁၂၅၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့လေသည်။ သူ့ကျွန်ဘဝတွင် ပထမဆုံးစပြီး အသင်းအပင်းအနေဖြင့် လှုပ်ရှားသော ဘာသာရေးအသင်းကြီးဖြစ်၏။ ပါတော်မူပြီး ၁၀ နှစ်ကြာသောအခါ ဘုရင်ရှိစဉ်က နှစ်စဉ်လှူဒါန်းသော ဆွမ်းဆန်တော်များကို ဂေါစရဂါမ်မရှိသော တောင်ရိုးနေသူတော်ကောင်းများကို လှူမည့်သူ ယခုဆက်လက်မရှိတော့သည့်အတွက် ဒုက္ခများနေကြသောကြောင့် ဘုရင့်ကိုယ်စား တိုင်းသူပြည်သားများက အားထုတ်ကြရန် ရည်ရွယ်ပြီး မလွန်ရပ်ကွက်လူကြီးများဦးဆောင်ကာ လူရွယ်




မလွန်ဈေးဆန်လှူအသင်းကြီး

လူလတ်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော အသင်းကြီးဖြစ်ပေသည်။

ယခုမလွန်ဆန်လှူအသင်းကြီးကား သက်တမ်းနှစ်တစ်ရာပြည့်ပေပြီ။ အသင်းပိုင်ညီမှုရာခန်းမကြီးကလည်း မလွန်ကွမ်းသီးတန်းနှင့် ဆားတန်းအကြားမှာ ခံ့ညားထည်ဝါစွာ တည်ရှိနေရပါပြီ။

မန္တလေးမြူနီစီပါယ်ကို ၁၈၈၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့လေ၏။ ထို့နောက် မန္တလေးမြို့အတွင်းရှိ လမ်းများကို မိုင် ၆၀ လောက် ကျောက်များစခင်းသည်။ ရေမြောင်းတချို့ဖောက်သည်။ လမ်းမီးများလည်း ထွန်းသည်။ လမ်းမီးမှာ လျှပ်စစ်မီးမဟုတ်။ ရေနံနှင့်ထွန်းသောမီးခွက်များကို မှန်အိမ်နှင့်ထွန်းသောစနစ်ဖြစ်ပါသည်။ မန္တလေးသို့ လျှပ်စစ်ဓာတ်မီးစတင်ရရှိသောအခါ မလွန်ဓာတ်အားခွဲရုံကို တည်ဆောက်ပြီး ပင်မဓာတ်အားကြိုးကြီးများကို ရွှေတချောင်းတစ်လျှောက် သွယ်တန်းရန် မြူနီစီပါယ်က စီစဉ်၏။ ထို့ပြင် မန္တလေးဘူတာကြီးမှ ဂေါဝိန်သစ်ဆိပ်သို့ ဖောက်သွယ်ထားသော မီးရထားလမ်းမှ တစ်ဆင့် ၈၆ လမ်း ရွှေတချောင်းရောက်သောအခါ မြောက်ဘက်သို့ မီးရထားလမ်းသွယ်တစ်ခုကို ဈေးချိုအထိဖောက်လုပ်ရန် တစ်ပါတည်း စီစဉ်လေသည်။ သို့သော် မီးရထားဌာနက လျှပ်စစ်ပင်မလိုင်းနှင့်ကပ်လျက် ယှဉ်ပြိုင် မီးရထားလမ်းဖောက်လုပ်ရန် ငြင်းဆန်သောကြောင့် ထိုအစီအစဉ်ပျက်သွားသည်ဟု ကြားရဖူးသည်။

၈၆ လမ်းနှင့် ၃၄ လမ်းအဆုံး အနောက်ဘက်တွင် အုတ်ခြင်္သေ့ကြီးနှစ်ကောင် ရှိပါသည်။ ထိုခြင်္သေ့ကြီးများကား မင်းသားဦးကျောက်လုံးကောင်းမှု မိကျောင်းတံတား၏ထိပ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ခြင်္သေ့ကြီးများမှာ အုတ်အင်္ဂတေခြင်္သေ့ကြီးများအနက် အချိုးအစားကျနပြီး တစ်ကောင်နှင့်တစ်ကောင် တူညီလှပုံမှာလည်း စံထားလောက်ပေသည်။ ယခုထိုခြင်္သေ့ကြီးများကို အသစ်ပြုပြင်ထား၏။ မန္တလေးတောင်၏ တောင်ဘက်စောင်းတန်းအဆင်းတွင် အုတ်အင်္ဂတေခြင်္သေ့ကြီးများ တည်ဆောက်သောအခါ ရသေ့ကြီးဦးခန္တီသည် မိကျောင်းတံတားဦးက ခြင်္သေ့ကြီးများကို စံနမူနာယူရသည်ဟု ဆိုသည်။

မြန်မာတို့၏ ဘာသာရေးအဆောက်အအုံများတွင် ခြင်္သေ့သည် သီဟဇာဟုဇာတ်တော်လာအရ မပါမဖြစ်ပါသည်။ ထိုအခါ ခြင်္သေ့တည်ဆောက်ထုတ်လုပ်ခြင်း အတတ်ပညာသည်လည်း မြန်မာ့ပန်းဆယ်မျိုး၌ မပါမဖြစ်ပါရတော့၏။ အများစုမြင်သာသည်မှာ ဘုရားများရှိ အုတ်အင်္ဂတေခြင်္သေ့ကြီးများဖြစ်ပါသည်။ အင်းဝခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်ခြင်္သေ့ကြီးများကား အများစုမှာအကောင်းပကတိ ကျန်နေပါသေးသည်။ ထိုအထဲတွင် ယခုတိုင် ကြည့်ရှုနိုင်သေးသည်များမှာ မိကျောင်းတံတားခြင်္သေ့ကြီး၊ မန္တလေးတောင်ခြင်္သေ့ကြီး၊ စီလမ်းခြင်္သေ့ကြီး၊ ဦးပွားဘုရားခြင်္သေ့ကြီး၊ သားတော်ရာဘုရားခြင်္သေ့ကြီး၊ အိမ်တော်ရာစေတီမှ ခြင်္သေ့များ၊ မန္တလေးတောင်စောင်းတန်းခါးပြတ်မှ ခြင်္သေ့၊ မဟာမုနိမြောက်ဘက်မုခ်မှ ခြင်္သေ့များမှာ လက်ရာကောင်းများဖြစ်၏။

ပုဂံမင်းလက်ထက် အုတ်ဝန်မင်းလှသီရိကျော်၊ ငယ်မည်ဦးအူသည် အိမ်တော်ရာစေတီတော် တည်ဆောက်သောအခါ အချိုးအစားကျနပြီး ပြေပြစ်သပ္ပာယ်လှသော စေတီတော်ကြီးသာမက စံနမူနာပြခြင်္သေ့ကြီးများကိုလည်း စေတီတော်၏ ဖိနပ်တော်ထောင့်များတွင် ထည့်သွင်း ထုလုပ်ခဲ့လေသည်။ ထိုခြင်္သေ့လေးစီးအနက် အနောက်မြောက်ထောင့်ရှိ ခြင်္သေ့မှာ အုတ်ဝန်မင်းကိုယ်တိုင် နမူနာပြထုလုပ်ခဲ့သည့် ခြင်္သေ့ဖြစ်သည်ဟု ဆိုသည်။

လွတ်လပ်ရေးခေတ် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်သောအခါ ထည့်သွင်းရမည့် ခြင်္သေ့ရုပ်တုပုံစံကို ရွေးချယ်ကြသောအခါ အိမ်တော်ရာ အနောက်မြောက်ထောင့်က အုတ်ဝန်မင်း ဦးအူ၏ ခြင်္သေ့ကို ရွေးချယ်ခဲ့ကြသည် ဆို၏။ မြန်မာမှုလည်း ပါသည့်အပြင် သဘာဝနှင့်လည်း နီးစပ်ကာ ပျော့ပျောင်းသွယ်ညွတ်မှု၌ အားမာန်များအပြည့်ပါပြီး အချိုးအစားကျနလွန်းသော ဦးအူ၏ ခြင်္သေ့ကား ၁၉၈၀ ပြည့်နှစ်ကာလများဆီက မှန်စီရွှေချများဖြင့် ဘုရားလူကြီးများက မွမ်းမံလိုက်သောအခါ မူလလက်ရာကို မှန်းဆ၍ မရနိုင်လောက်အောင် ပျက်စီးသွားတော့သည်။

နှောင်းခေတ်ထုလုပ်သော အုတ်ခြင်္သေ့လက်ရာများတွင် ယခင်ကလို လေးနက်ကျနစွာ ထုလုပ်မှုနည်းပါးလာသည်။ ပညာရှင်များကလည်း ရှားပါးကုန်ပြီထင်ပါသည်။ သို့သော် လွန်ခဲ့သောနှစ်များက အသစ်တည်ဆောက်ခဲ့သော မန္တလေး ဟေမာဇရပ် ဆုတောင်းပြည့် ဘုရားအရှေ့မုခ်မှ ခြင်္သေ့နှစ်စီးမှာမူ ခေတ်သစ်လက်ရာများတွင် ကောင်းမွန်ကျနလှသော အုတ်အင်္ဂတေခြင်္သေ့များအဖြစ် ဝမ်းမြောက်စွာတွေ့မြင်ရလေသည်။

မန္တလေးမြို့လယ်ကောင် ဘုရားသုံးဆူ ဓမ္မာရုံရှေ့က အသစ်ထပ်မံပြုပြင်ထားသော ခြင်္သေ့နှစ်စီးကတော့ လက်ရာအလွန်ညံ့ပါပေသည်။ မြန်မာမှုကို မြတ်နိုးသော ဒကာတစ်ဦးတလေက လက်ရာကောင်းဖြင့် ပြန်လည်အစားထိုးပါက ဝမ်းမြောက်ဖွယ်ကောင်းလှပေမည်။

ရွှေတချောင်းဘေး ပဲလှော်ချောင်း ခြင်္သေ့ကြီးများထိပ်မှာ မဟာဝေယန်ဘုံသာကျောင်းတိုက်ကြီးရှိပါသည်။ မဟာဝေယန်ဘုံသာကျောင်းတိုက်ကြီးကို ဆန်ဦးဘိုးက လှူဒါန်းခဲ့ခြင်းဖြစ်၏။ ဆန်ဦးဘိုး၏ ဘဝကလည်း စိတ်ဝင်စားစရာ၊ ဇာတိက ရော့ဝတီမြစ် အနောက်ဘက်ခိုတောင် ချောင်းပေါက်ရွာက ဖြစ်၏။ အဘဦးတူ၊ အမိဒေါ်ထားတို့က ၁၂၁၂ ခုနှစ်တွင်ဖွားမြင်ခဲ့သည်။ ငှက်သမွန်ခတ်သောအလုပ်ဖြင့် ဘဝကို ခက်ခဲစွာ ရုန်းကန်ရသည်။ ထို့နောက် စိန်ပန်းသူနှင့် အိမ်ထောင်ကျကာ မန္တလေးမှာ အရောင်းအဝယ်လုပ်ငန်းကို စတင်ခဲ့သည်။ ထို့နောက် မြန်မာကြီးဆန်စက်ကို ထူထောင်နိုင်ခဲ့သည်။ အင်္ဂလိပ်အရင်းရှင်ကြီးများနှင့် အပြတ်ယှဉ်ပြိုင်နိုင်ခဲ့သော မြန်မာလုပ်ငန်းရှင်ကြီးလည်း ဖြစ်သည်။ မန္တလေးဆိုင်းတန်းရပ်ရှိ ဆင်တဲတိုက်သစ်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထို့နောက် လှေသင်းအတွင်းဝန်မင်းပိုင် 'မတောင့်တ' ဥယျာဉ်နေရာကို ဝယ်ယူပြီး မဟာဝေယန်ဘုံသာ ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

မဟာဝေယန်ဘုံသာ ကျောင်းတိုက်ကြီးကို ရွှေတချောင်းဘက် အရှေ့ပေါက်မှ ဝင်လိုက်လျှင်ပင် ကျောင်းဒကာကြီး ဆန်ဦးဘိုး၏ ခံ့ညားလှသော ကြေးရုပ်ကြီးက ဆီးကြိုနေတော့သည်။ ဆန်ဦးဘိုးသည် ၁၂၈၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့လေသည်။ မဟာဝေယန်ဘုံသာ ကျောင်းတိုက်ကြီးမှ ဆရာတော်ဦးကလျာဏလည်း ပေါ်ထွန်းခဲ့ပေ၏။ ၁၂၄၃ ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ မန်းရာပြည့်ကွင်းကြီးတွင် ကျင်းပခဲ့သော ဆရာတော် ဦးကလျာဏ၏ ဘုန်းကြီးပျံပွဲကြီးကို မီသူများက ယခုတိုင် အမှတ်ရနေကြဆဲဖြစ်၏။

ရွှေတချောင်းသည် မဟာဝေယန်ဘုံသာ ကျောင်းတိုက်ရှေ့မှတစ်ဆင့် သံလမ်းကိုကျော်လိုက်သည်။ သို့သော် သံလမ်းကား အခုမရှိတော့။ မန္တလေးရေပေးရေးစီမံကိန်းမှ ပင်မရေပိုက်ကြီးများကတော့ သံလမ်းဘေးမှာ ယှဉ်လျက် ရွှေတချောင်းကို ခါးကိုင်းကာ ဖြတ်ကျော်သွားသည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***


**မြန်မာတစ်နိုင်ငံလုံးက သိရှိပြီး ထင်ရှားလှသည့် 'မလွန်ဆန်လှူအသင်းကြီး' သည်လည်း မလွန်ရပ်ကွက်လူကြီးများ ကမကထပြုကာ ၁၂၅၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့လေသည်။ သူ့ကျွန်ဘဝတွင် ပထမဆုံးစပြီး အသင်းအပင်းအနေဖြင့် လှုပ်ရှားသော ဘာသာရေးအသင်းကြီးဖြစ်၏**

# ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာလျက်ရှိ

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူသို့ ပြည်တွင်းခရီးသွားဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များလည်း နေ့စဉ်လာရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

"ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူကိုလာရောက် လည်ပတ်လေ့လာတဲ့ နိုင်ငံခြား ခရီးသွားဧည့်သည်တွေက ဧည့်လမ်းညွှန်လုပ်တဲ့သူ ပါလာပေမယ့် တချို့ကတော့ လမ်းညွှန်စာအုပ်ကို အားကိုးပြီး လာကြတယ်။ လမ်းညွှန်စာအုပ်ကိုအားကိုးပြီး လာရောက်လည်ပတ်ကြတယ်။ အကူအညီလိုရင် ဒေသခံတွေက ဝိုင်းဝန်းကူညီကြတာမျိုးရှိတော့ ခရီးသွား ဧည့်သည်တွေ စိတ်အေးချမ်းစွာနဲ့ အဆင်ပြေပြေ လည်ပတ်လေ့လာနိုင်တာပေါ့" ဟုကော့ဂွန်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။



ကော့ဂွန်းဂူကို လည်ပတ်လေ့လာပြီးနောက် ကမ္ဘာ့ရှားပါးလင်းနို့မျိုးစိတ်များကျက်စားနေထိုင်သည့် ကျွဲမင်းဂူကိုလည်း တစ်ဆက်တည်း ယင်းဂူအနီးအနားတွင်ပင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူအတွင်းမှ မွန်ဘာသာဖြင့် ရေးထိုးထားသည့် သထုံမြို့ ရှေးဟောင်းသမိုင်းကျောက်စာကို ရှာဖွေတွေ့ရှိခဲ့ပြီး ကော့ဂွန်းဂူအတွင်း ကျောက်နံရံများတွင် မြေမီးဖုတ်အုတ်ခွက် ဗုဒ္ဓဆင်းတုတော်များ၊ ထုံးကျောက်သားကို ပုံဖော်ထွင်းထုထားသည့် ရုပ်လုံးရုပ်ကြွင်းများ၊ သဲကျောက်ကိုထွင်းထုထားသည့် ဘာသာရေးဆိုင်ရာ ကျောက်ဆစ်ရုပ်တုများနှင့်အတူ ဆေးရေးစာ၊ မင်စာ၊ ကျောက်စာ၊ ရှေးဟောင်းမွန်စာအရေးအသားတို့ကို လေ့လာတွေ့ရှိနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# တပ်ကုန်းမြို့နယ်၌ မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေးစု၊ ဆည်ထိပ်၊ ဆင်သေ၊ ခြုံကြီး၊ မြောက်မြိုက်၊ သရက်ကွင်း စသည့် ကျေးရွာများနှင့် ဆင်သေချောင်းရိုးတစ်လျှောက်ရှိ ဒေသခံ တောင်သူများသည် နှစ်စဉ်တစ်ပိုင်တစ်နိုင် မေမြို့ဘုရားပန်းနှင့် စားပင်၊ သီးပင်များ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။



"ကျွန်မတို့ တောင်သူတွေက မွေးမြူရေးထက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ ဒီလိုစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေကိုတော့ စိုက်ခင်းထဲမှာ စက်ရေတွင်းတူးကာ မြေအောက်ရေကို အသုံးပြုကြပါတယ်။ မီးဖိုချောင်သုံး စားပင်၊ သီးပင်များကို တပ်ကုန်းမြို့မဈေးမှာ ရောင်းချတဲ့အပြင် တစ်ဆင့်ပြန်ရောင်းမယ့် ဈေးသည်တွေကလည်း စိုက်ခင်းထိ ဝယ်ယူပါတယ်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းဆိုပေမယ့် ဝင်ငွေတိုးလုပ်ငန်း ဖြစ်တာကြောင့် အဆင်ပြေပါတယ်။ မိသားစုများတဲ့အိမ်ဆိုရင် လူငှားရမ်းခ သက်သာတော့ပိုပြီး အဆင်ပြေပါတယ်"ဟု ခြုံကြီးကျေးရွာမှ မယဉ်ထွေးက ပြောပြသည်။


**တင်စိုးလွင် (ပြန်/ဆက်)**

# မော်လူး-ကူးဆိပ်တွင် စစ်လက်ကျန်ပစ္စည်းပေးအပ်

**မော်လူး ဖေဖော်ဝါရီ ၂၁**

ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များ အသုံးပြုခဲ့သော စစ်လက်ကျန်ပစ္စည်းအမြောက်လက်နက်တစ်ခု (အလေးချိန် ၅၀ ပိဿာ ခန့်) ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က မော်လူးဒေသ ငွေ့ကြီးကျေးရွာအုပ်စု ကူးဆိပ်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းမဟာမိတ်တပ်များ အသုံးပြုခဲ့သည့် စစ်လက်ကျန်ပစ္စည်း အမြောက်တစ်လက်ကို ကူးဆိပ်ကျေးရွာနေ ဦးသိန်းဖေ၊ ဒေါ်လှခင်တို့က မော်လူးရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးကော်မတီသို့ပေးအပ်ရာ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးချိမ့်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး အများပြည်သူလေ့လာနိုင်ရန် မော်လူး ရှေးဟောင်းအမွေအနှစ်ပြတိုက်တွင် ထားရှိခဲ့ကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**



# စာပေမြင့်မှ လူမျိုးတင့်မည်

# ကျောက်ပန်းတောင်းမြို့နယ်၌ (၅၆)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာဓမ္မာနုဂ္ဂဟစာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ (၅၆)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဓမ္မာနုဂ္ဂဟစာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်လုံးဆိုင်ရာသာသနာ့ ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ (၅၆) ကြိမ်မြောက် ဓမ္မာနုဂ္ဂဟစာမေးပွဲကို ပထမကြီးတန်းတွင် ၃၈ ပါးဖြေဆို၍ ကိုးပါးအောင်မြင်တော်မူခဲ့ပြီး ပထမလတ်တန်း ၆၅ ပါးဖြေဆိုရာ အပါး ၃၀အောင်မြင်ပြီး ပထမငယ်တန်း ၇၃ ပါးဖြေဆို၍ ၃၃ ပါးအောင်မြင်ကြောင်းနှင့် အခြေပြုမူလတန်း ၁၂၀ ဖြေဆိုရာ ၆၁ ပါးအောင်မြင်ကြောင်း သိရသည်။ ဒုတိယအဆင့်တွင် ၉၈ ပါး ဖြေဆိုကြပြီး ၇၈ ပါးအောင်မြင်ကာ ပထမအဆင့်တွင် ၈၆ ပါးဖြေဆိုရာ ၆၅ ပါးအောင်မြင်ကြကြောင်း သိရသည်။

အဆိုပါ စာအောင်ဆုနှင်းသဘင် အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသူရိယနှင့် နာယကဆရာတော်ကြီးများ၊ စာအောင်သံဃာများ ကြွရောက်တော်မူကြပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အကျိုးတော်ဆောင်များ၊ အလှူရှင်သာသနရက္ခိတအသင်း၊ ပုပ္ပားတောင်ကလပ်ဂေါပကအဖွဲ့နှင့် ပုဂ္ဂလိကအလှူရှင်များ တက်ရောက်ခဲ့ကြပြီး စာအောင်သံဃာများအား အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပိုးသတ်ဆေးအရောင်းဆိုင် ၅၆၀ ကျော်မှ ပိုးသတ်ဆေးရောင်းချသူများ ကုမ္ပဏီဝန်ထမ်းများ စိတ်ပါဝင်စားသူ တောင်သူများကို မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းကို ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ ရက်အထိ ငါးရက်တာသင်တန်းပေးလျက်ရှိသည်။

"ပိုးသတ်ဆေးတွေကို စိုက်ပျိုးရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းတွေမှာ မရှိမဖြစ်လိုအပ်တဲ့ဓာတုပစ္စည်းဖြစ်တယ်။ နိုင်ငံအများစုက ခံယူကျင့်သုံးနေတာတွေ့ရပါတယ်။ ဒါပေမယ့် ပိုးသတ်ဆေးတွေကို စနစ်တကျ စီမံခန့်ခွဲတာတွေမရှိရင် ကောင်းကျိုးထက်ဆိုးကျိုးကို ပိုမိုဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းတာတွေ ဖြစ်လာနိုင်ပါတယ်။ တိုင်းဒေသကြီးထဲမှာ ပိုးသတ်ဆေး အရောင်းဆိုင် ၅၆၃ ဆိုင်ရှိပြီး ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိဖို့အတွက် အခုဖွင့်လှစ်တဲ့ သင်တန်းဆင်းလက်မှတ်ရမှသာ ရောင်းချခွင့်ရရှိမှာ ဖြစ်ပါတယ်" ဟု အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(၂)ဦးထွန်းရှိန်က ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် တက်ရောက်လာသူများကို ဒုတိယတိုင်းဦးစီးမှူး(၂) ဦးထွန်းရှိန်က အမှာစကားပြောကြားပြီး သင်တန်းနှင့်ပတ်သက်သည်များကို သီးနှံကာကွယ်ရေးရုံးချုပ်မှ သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းလွင်က ရှင်းလင်းပြောကြားသည်။

ငါးရက်တာသင်တန်းတွင် သီးနှံကာကွယ်ရေးဆိုင်ရာ မူဝါဒများ ပိုးသတ်ဆေးအမျိုးမျိုးနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းဖျက်ပိုးအမျိုးအစားခွဲခြားခြင်းနှင့် ကာကွယ်နှိမ်နင်းနည်းများ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ကြွက်အမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်းနည်း၊ သီးနှံပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ အပင်ရောဂါသတ်ဆေးများ ဘက်စုံကာကွယ်နှိမ်နင်း နည်းများ၊ သိုလှောင် သီးနှံဖျက်ပိုးနှင့် အဆိပ်ရှိငွေ့မှိုင်းတိုက်ခြင်းများအကြောင်း စသည့် အကြောင်းအရာများကို သင်ကြားပေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ )**

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း

**သထုံ ဖေဖော်ဝါရီ ၂၁**

ကျေးလက်စာကြည့်တိုက်များ၏ စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်း ပြည့်ဝသော စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွန်းလာစေရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ၁/၂၀၁၇ ကို ဖေဖော်ဝါရီလ ၁၉ ရက်က သထုံမြို့နယ် ရေစစ်ချောင်ကျေးရွာအုပ်စု သင်းထော်ကျေးရွာ တက်လူတို့၏လေ့ခါးစာကြည့်တိုက်တွင် ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ နှင့် ဝန်ထမ်းများ၊ မြို့နယ်စာကြည့်တိုက်ကွန်ရက် ဦးဆောင်ကော်မတီဝင်များတို့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအကြောင်း၊ စာကြည့်တိုက်ပညာမိတ်ဆက်၊ စာကြည့်တိုက်လုပ်ငန်းလက်တွေ့၊ မျိုးတူစုမိတ်ဆက်၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းနည်း စသည့် စာကြည့်တိုက် ပညာဆိုင်ရာဘာသာရပ်များကို သထုံ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကော်မတီဝင် ၄၁ ဦးတို့အား စာတွေ့ လက်တွေ့စနစ်တကျ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ဝါဆိုဆရာတော်ကြီး၏ အန္တိမစျာပနမှ ပိုလျှံသော အမွှေးနံ့သာတုံးများဖြင့် ပုံတူရုပ်ပွားတော် ထုဆစ်ပူဇော်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာကို ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက ဆင်ယင်ကျင်းပခဲ့ရာ အများပြည်သူလှူဒါန်းထားသည့် ပိုလျှံသောအမွှေးနံ့သာတုံးများကို အမှုန့်ပြုလုပ်ကာ ဆရာတော်ကြီး၏ ပုံတူရုပ်တုတော်အားမံ၍ ထုဆစ်ပူဇော်မည်ဖြစ်ကြောင်း သတ္တဌာနအလှူ့ရှင် ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်းက ပြောသည်။

"သနပ်ခါးတုံး အမွှေးနံ့သာတုံးတွေကို အမှုန့်ကြိတ်မယ်။ ရွှေကျင်ဆရာတော်ကြီးက သတ္တဌာနရဲ့ ဩဝါဒါစရိယဆရာတော်ဖြစ်ခဲ့တယ်။ ဆရာတော်ကြီးက သာသနာအတွက် ဘက်ပေါင်းစုံက တာဝန်ထမ်းခဲ့တော့ သာသနာ့ဂုဏ်ကျေးဇူးတွေရည်မှန်းပြီး ခုလိုလှူဒါန်းတာဖြစ်ပါတယ်"ဟု ၎င်းပုံတူကို ထုဆစ်ပူဇော်လှူဒါန်းမည့်အလှူ့ရှင် ဦးကျော်ဝင်းက ပြောသည်။

ပိုလျှံသော သနပ်ခါးတုံးအိတ်ပေါင်း ၂၆ အိတ်နှင့် သုံးပေအရှည် သနပ်ခါး ၇၅ ချောင်း၊ အရှည် ခုနစ်ပေနှင့် ရှစ်ပေရှိ ကျပ်လုံးအရွယ် သနပ်ခါးတုံး အပိုင်း ၆၅၀၊ ရေမွှေးနံ့သာအိတ်တစ်အိတ်၊ ကရမက်တစ်အိတ်တို့ကို အမှုန့်ပြုလုပ်သွားမည်ဖြစ်သည်။

ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ကြီး ဇင္ဂလကလည်း "ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်မှာ ထည့်သွင်းပူဇော်ကြတဲ့ အလှူ့ရှင်တွေရဲ့ နံ့သာတုံးတွေက ကားကြီးတစ်စီးစာလောက်ရှိတယ်။ အလှူ့ရှင်တွေ ကုသိုလ်ပိုမိုရရှိအောင် ပိုလျှံတဲ့နံ့သာတုံးတွေကို အမှုန့်ကြိတ်ပြီး ဆရာတော်ကြီးရဲ့ ပုံတူရုပ်တုမှာမံပြီး ထုလုပ်ဖို့ သတ္တဌာနအလှူ့ရှင် ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်း မိသားစုက ကုသိုလ်ပြုလှူဒါန်းတာပါ" ဟု မိန့်ကြားသည်။

အဆိုပါ သနပ်ခါးနှင့် နံ့သာတုံးများကို သုဓမ္မာရွှေကျောင်းတွင် သိမ်းဆည်းထားရှိမည်ဖြစ်ပြီး ပုဂံမှ ပညာရှင်များနှင့် ရုပ်ပွားတော်ကို ထုဆစ်သွားမည်ဖြစ်ကြောင်း၊ ရွှေကျင်ဆရာတော်ကြီး၏ ပုံတူရုပ်တုကို ဆရာတော်ကြီး သက်တော်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ဇာတိရွာတွင် တည်ထားကိုးကွယ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး လင်းယဉ်ရွာရှိ ထူပါစေတီတွင်ထားရှိရန် ဆရာတော်ကြီးများအား လျှောက်ထားတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး

# တာလေ၌ တောမီးမရှိ့ဘဲ သဘာဝဝန်းကျင်မပျက် တောင်ယာစိုက်ပျိုးနည်းစနစ်အား အသိပညာပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက တောမီးမရှို့ဘဲ သဘာဝဝန်းကျင်မပျက် တောင်ယာစိုက်ပျိုးနည်းစနစ်အား လက်တွေ့သရုပ်ပြ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စု၊ မယ်ပိန်းကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက (Best Management Practices, BMPs) စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကိုလည်းကောင်း၊ တာလေမြို့ဦးစီးမှူး ဦးလွှမ်းမိုးသူက မဲခေါင်မြစ်ဝှမ်းဒေသ နယ်စပ်ဖြတ်ကျော် မီးခိုးများ လျော့ကျရေး အနေဖြင့် တောင်ယာများတွင် တောမီးမရှို့သော သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေး နည်းစနစ် (Conservation Agriculture, CA)ကိုလည်းကောင်း လက်တွေ့သရုပ်ပြ ပညာပေးဆွေးနွေးသည်။

ထို့နောက် ဒေသခံတောင်သူများကိုယ်စား နားယောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်က တောင်သူများ စိုက်ပျိုးနည်းစနစ်အသစ်များ တိုးတက်ရရှိကာ လက်တွေ့ဆောင်ရွက်ပြီး အကျိုးကျေးဇူးရရှိမည်ဖြစ်သဖြင့် ကျေးဇူးတင်စကားပြောသည်။ အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ နှင့် ဒေသခံတောင်သူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ပြီး အခမ်းအနားတွင် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**

# ကိုမောင်ကန်ရှုခင်းကြည့်တောင်ကုန်းငယ်နေရာ ဖွင့်ပွဲအခမ်းအနားပြုလုပ်

**ညောင်ဦး ဖေဖော်ဝါရီ ၂၁**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအား ပြည်တွင်း၊ ပြည်ပမှ ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်လျက်ရှိပြီး ထိုသို့ လာရောက်လည်ပတ်သည့် အချိန်များ၌ ပြည်တွင်း၊ ပြည်ပမှ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအနေဖြင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသ၏ နေထွက်၊ နေဝင် ရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရေးအတွက်ရည်ရွယ်၍ ဆောင်ရွက်ထားရှိသည့် ကိုမောင်ကန်ရှုခင်းကြည့် တောင်ကုန်းငယ်နေရာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက အမှာစကားပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးစိုးတင့်က ကိုမောင်ကန်ရှုခင်းကြည့် တောင်ကုန်းငယ်နေရာ စီစဉ်ဆောင်ရွက်ထားရှိရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဆောက်အအုံ အထူးအဖွဲ့(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ကိုမောင်ကန်ရှုခင်းကြည့်တောင်ကုန်းငယ် တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပေးခဲ့သည်။

ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ဦးမြင့်စိန်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ တောင်ကုန်းငယ်နေရာမှာ ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာအနီးတွင် တည်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ပဲခူး - ကျိုက်ထို - ဘားအံ - ကျိုက်ထို- ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့နှင့် Joy Trading Co.,Ltd တို့ပူးပေါင်း၍ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ပဲခူး - ကျိုက်ထို - ဘားအံ - ကျိုက်ထို - ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် စက်ဘီးအားကစားကို စိတ်ပါဝင်စားပြီး ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် မတ် ၂၀ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၂၅၀၂၀၅၆၅၁၊ ၀၉-၉၆၄၉၂၂၂၇၀ နှင့် ၀၉-၃၃၃၀၈၀၀၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား သင်တန်းများပို့ချ

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၁**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအားဒုတိယအသုတ်အဖြစ်ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို ဖေဖော်ဝါရီ၂၀ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ကျောက်တံခါးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဘီသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ကျောက်တံခါးမြို့နယ် ရပ်/ကျေး ၂၂အုပ်စုမှ သင်တန်းသား ၄၄ ဦးအား သင်တန်းနည်းပြ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးသန်းဦးနှင့် ဦးမောင်အေးတို့က နှစ်ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၂၂အုပ်စုမှ သင်တန်းသား ၄၄ ဦးအား တတိယနောက်ဆုံးအသုတ်အဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် နှစ်ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# အခြေခံလူသုံးကုန် စားသောက်ကုန်နှင့် အလှကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်


**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁** - ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ လယ်ကုန်ရပ်ကွက် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရန်မျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးအောင်မောင်းက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ထုတ်လုပ်မှုနည်းပညာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူ ၃၀ တို့အား နှစ်ပတ်တာကာလအတွင်း သစ်သီးဝလံများမှ ယိုပြုလုပ်ပုံ၊ ဆပ်ပြာပြုလုပ်ပုံ၊ အလှကုန်ပြုလုပ်မှုနည်းပညာများကို ကိုယ်ပိုင်စီးပွားဖြစ် ထုတ်လုပ်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်လှစ်ရခြင်းသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိစေရန်၊ မိသားစုဝင်ငွေရရှိစေရန် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မှုပပျောက်သွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းသိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ခြေကုန်ဖွင့်ရမယ့် စပါး၊ နောက်တစ်ဆင့်တက်မယ့် မန်ယူတို့ရဲ့ ယူရိုပါလိဂ် (၃၂)သင်းအဆင့် ဒုတိယအကျော့

*ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းနဲ့ ၂၃ ရက် နံနက်တွေမှာတော့ ယူရိုပါလိဂ် (၃၂)သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ပထမအကျော့မှာ ရလဒ်ကောင်းခဲ့တဲ့အသင်းတွေအတွက် နောက်တစ်ဆင့်တက်ရေး ခိုင်မာသေချာတဲ့ ခြေလှမ်းကို လှမ်းနိုင်ဖို့ အားထုတ်မှာဖြစ်သလို ပထမအကျော့ပွဲစဉ် ရလဒ်မပြတ်သားခဲ့တဲ့အသင်းတွေအတွက်ကလည်း အကြိတ်အနယ် ရုန်းကန်လာပါလိမ့်မယ်။*



### စိန့်အီတင်းနှင့် မန်ယူ

ပထမအကျော့ မန်ယူကွင်းမှာ သုံးဂိုးပြတ် အရေးနိမ့်ခဲ့တဲ့ စိန့်အီတင်းတို့ ဒီပွဲမှာ လေးဂိုးပြတ်သွင်းနိုင်မှ နောက်တစ်ဆင့်တက်နိုင်မယ့် အနေအထားပါ။ ဒါပေမယ့် နိုင်ပွဲတွေဆက်တိုက်ဖော်ဆောင်နေတဲ့ မန်ယူဟာ အခုတလော အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရလဒ်ကောင်းနေတာမို့ စိန့်အီတင်းတို့ အိမ်ကွင်းဆိုပေမယ့် မလွယ်ပါဘူး။ လီဂူး-၁မှာ ရုန်းကန်နေရတဲ့ စိန့်အီတင်းတို့ အခုပွဲမှာ အမြင့်ဆုံး မျှော်လင့်နိုင်တာက တစ်မှတ်ဖြစ်ပြီး မန်ယူတို့ပဲ အောင်ပွဲခံသွားပါဦးမယ်။

### လိုင်ယွန်နှင့် အယ်လ်ကမာ

လိုင်ယွန်တို့ ပထမအကျော့ အဝေးကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာ လိုင်ယွန်ကွင်းဖြစ်နေပြန်တာကြောင့် အယ်လ်ကမာတို့ ခက်ခဲဦးမယ့်ပွဲပါပဲ။ အယ်လ်ကမာရဲ့တိုက်စစ်က အဝေးကွင်းရောက်ရင် ဂိုးကံခေတတ်တဲ့အပြင် ခံစစ်ပိုင်းမှာ အားနည်းချက်ရှိနေပါတယ်။ ဒီပွဲမှာ ဟော်လန်လိဂ်ကလပ် အယ်လ်ကမာတို့ ယူရိုပါလိဂ်က နှုတ်ဆက်ရမယ့်ပွဲဖြစ်သွားပါလိမ့်မယ်။

### စပါးနှင့် KAAဂျန့်

ပထမအကျော့ အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားတဲ့ စပါးဟာ အခုပွဲ အိမ်ကွင်းမှာ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပေးမယ့်ပွဲဖြစ်တာမို့ အခုပွဲမှာ စပါးတို့ လူစုံထုတ်ပြီး ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်ဖို့ ကြိုးစားပါလိမ့်မယ်။ စပါးတိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးသွင်းစွမ်းဆောင်မှုမြင့်မားတတ်တာမို့ အခုပွဲဟာ စပါးတို့ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရောက်သွားဖို့ များနေပါတယ်။

### ကိုပင်ဟေဂင်နှင့် လူဒိုဂိုရက်စ်

ပထမအကျော့ အဝေးကွင်းမှာ ကိုပင်ဟေဂင်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာတော့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ရေး အားထုတ်ပါလိမ့်မယ်။ လူဒိုဂိုရက်စ်ရဲ့အားနည်းချက်က အဝေးကွင်းဆိုရင် စွမ်းဆောင်ရည်ကျဆင်းတတ်ပြီး ရလဒ်လည်း မကောင်းတတ်ပါဘူး။ တိုက်စစ်ရော၊ ခံစစ်ပိုင်းမှာပါ အားနည်းချက်နည်းပါးတဲ့ ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်တို့ပဲ နောက်တစ်ဆင့်တက်လှမ်းသွားပါလိမ့်မယ်။

### အေပိုးနှင့် ဘီလ်ဘာအို

ပထမအကျော့ ဘီလ်ဘာအိုကွင်းမှာ ဘီလ်ဘာအိုတို့ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဆိုက်ပရပ်စ်လိဂ်မှာ ခြေစွမ်းကောင်းပြသနေတဲ့ အေပိုးဟာ အိမ်ကွင်းမှာ ခြေစွာတာတော့ အမှန်ပါပဲ။ ဘီလ်ဘာအိုတို့က အဝေးကွင်းမှာဆိုရင် ကစားအားကျဆင်းတတ်ပြီး ရလဒ်ကောင်းအောင် ခက်ခက်ခဲခဲရုန်းကန်ရတတ်ပါတယ်။ အခုပွဲမှာ အေပိုးတို့ အနိုင်ရနိုင်ပေမယ့် နောက်တစ်ဆင့်တက်နိုင်ရေးကတော့ ဂိုးပြတ်သွင်းနိုင်မှရမှာဖြစ်လို့ အေပိုးတိုက်စစ်မှူးတွေ ခြေစွမ်းပြပါလိမ့်မယ်။

### ရိုးမားနှင့် ဗီလာရီးရဲလ်

အဝေးကွင်းမှာ ရိုးမားတို့ ပထမအကျော့ လေးဂိုးပြတ်နဲ့ သွင်းယူပြီး ပြတ်ပြတ်သားသား အောင်ပွဲခံထားခဲ့တာကြောင့် အခုပွဲ အဝေးကွင်းဖြစ်တဲ့ ဗီလာရီးရဲတို့အတွက် ပွဲကျပ်ဖြစ်နေပါတယ်။ ရိုးမားရဲ့ရှေ့လယ်၊ နောက် ကစားအားကောင်းမှုနဲ့ တိုက်စစ်မှူးတွေရဲ့ထိုးဖောက်မှုတွေကို ဗီလာရီးရဲလ်ခံစစ်မှူးတွေ ဟန့်တားဖို့မလွယ်ပါဘူး။ ရိုးမားရဲ့ ကစားအားက အိမ်ကွင်းဆိုရင် ကောင်းတတ်တာမို့ နောက်တစ်ဆင့်တက်ဖို့ဆိုတာ ရိုးမားတို့ပဲ ဖြစ်မှာပါ။

### ဖီအိုရင်တီးနားနှင့် ဂလာဘတ်

ပထမအကျော့ အဝေးကွင်းမှာ ဖီအိုရင်တီးနားတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပေမယ့် ဂလာဘတ်ရဲ့ ခြေစွမ်းက ကောင်းနေတာတွေ့ရပါတယ်။ ဒါပေမယ့်ဘွန်ဒက်စ်လီဂါကလပ် ဂလာဘတ်တို့က ခြေစွမ်းမတည်ငြိမ်တဲ့အပြင် အဝေးကွင်းမှာ ကစားအားကျတတ်တာမို့ အိမ်ရှင်ဖီအိုရင်တီးနားကို ဖိအားပေးနိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဂလာဘတ်ရဲ့စုစည်းမှု အားကောင်းပြီး စွမ်းဆောင်ရည်မြင့်မားမှုကြောင့် ဖီအိုရင်တီးနားတို့ အိမ်ကွင်း ဆိုပေမယ့် အခက်တွေ့ပါလိမ့်မယ်။

### ဖီနာဘာချီနှင့် ခရက်စ်နိုဒါ

ခရက်စ်နိုဒါတို့က ပထမအကျော့ အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲဟာ ဖီနာဘာချီတို့ ဂိုးပြတ်သွင်းအနိုင်ကစားမှရမှာမို့ အကောင်းဆုံး စုဖွဲ့မှုနဲ့အတူ ခရက်စ်နိုဒါကို ညှော်ခံပါလိမ့်မယ်။ တူရကီလိဂ်မှာတော့ ခြေစွမ်းပြနေတဲ့ ဖီနာဘာချီဟာ ပထမအကျော့ ရှုံးကြွေးပြန်ဆပ်ပြီးနောက်တစ်ဆင့်တက်နိုင်ရေး အားထုတ်ပါလိမ့်မယ်။

### ရှက်တာဒိုးနက်နှင့် ဆယ်လ်တာဗီရို

ပထမအကျော့မှာ ရှက်တာဒိုးနက်တို့က အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ ရှက်တာဒိုးနက်ဟာ ဒီနှစ် ယူကရိန်းလိဂ်မှာ ၁၈ ပွဲ ကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်ပြီး ခြေစွမ်းကောင်းလည်း ပိုင်ဆိုင်ထားပါတယ်။ ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးတွေပိုင်ဆိုင်ထားတဲ့အပြင် ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းတာကြောင့် ဒီပွဲဟာ ရှက်တာဒိုးနက်တို့ပဲ နိုင်ပွဲရပြီး နောက်တစ်ဆင့်လှမ်းပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

---

## မန်ယူနဲ့ချယ်လ်ဆီး အက်ဖ်အေကွာတားမှာ တွေ့ပြီ

အက်ဖ်အေဖလားရဲ့ လက်ရှိချန်ပီယံ မန်ယူအသင်းဟာ ပရီမီယာလိဂ်မှာ ထိပ်ဆုံးမှဦးဆောင်နေတဲ့ ချယ်လ်ဆီးနဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာ တွေ့ရမှာ ဖြစ်ပါတယ်။ လိဂ်အသင်းမဟုတ်တဲ့ လင်ကွန်းအသင်းကတော့ အက်ဖ်အေကွာတားဖိုင်နယ်မှာ ဆွတ်တန်သို့မဟုတ် အာဆင်နယ်အသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ စပါးအသင်းကတော့ မီဝေါလ်အသင်းနဲ့ ဝှိုက်ဟတ်လိန်းမှာ ကစားရမှာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို လာမယ့် မတ် ၁၀ ရက်မှ ၁၃ ရက်အတွင်း ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ လိဂ်မဟုတ်တဲ့ လင်ကွန်းစီးတီးကတော့ အာဆင်နယ်အိမ်ကွင်းမှာ သွားရောက်ကစားရဖို့ အလားအလာများနေပါတယ်။ မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ပွဲကတော့ နည်းပြဟောင်း မော်ရင်ဟို စတမ်းဖို့ဒ်ဘရစ်ကို ပြန်လည်ခြေချခွင့်ရတဲ့ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်းကတော့ ဟက်ဒါဖီး သို့မဟုတ် မန်စီးတီးနဲ့ ကစားရမှာ ဖြစ်ပါတယ်။ အက်ဖ်အေဖလား ကွာတားအဆင့်ကတော့ ပြန်ကန်ပွဲမရှိပါဘူး။ သရေဖြစ်နေရင် အချိန်ပိုကစားရမှာဖြစ်ပါတယ်။ ပယ်နယ်တီအဆုံးဖြတ်နဲ့လည်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ အသင်းတွေအနေနဲ့ လူစားလေးဦး လဲကစားနိုင်ပါတယ်။ လေးဦးမြောက်ကိုတော့ အချိန်ပိုမှာသာလျှင် သုံးနိုင်မှာ ဖြစ်ပါတယ်။





## အက်ဖ်အေကွာတားတက်တဲ့ လင်ကွန်းကစားသမားတွေကို ဆုကြေး ပေါင် ၅၀၀၀ စီပေး

လင်ကွန်းစီးတီးအသင်းရဲ့ ကစားသမားတွေကို အက်ဖ်အေဖလားကွာတားဖိုင်နယ် တက်အောင် ကစားပေးနိုင်တဲ့အတွက် အသင်းပိုင်ရှင်က ဆုကြေးငွေ ပေါင် ၅၀၀၀ စီ ဆုချခဲ့တယ်လို့ ဆိုပါတယ်။ လင်ကွန်းအသင်းဟာ အက်ဖ်အေဖလား ပဥ္စမဆင့်မှာ ဘန်လေကို နိုင်ပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဘန်လေကို ပွဲချိန် ၈၉ မိနစ်မှာ ဆီယန်ရက်ဂျက်ရဲ့တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ကွာတားတက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ လင်ကွန်းအသင်းဟာ အသင်းရဲ့သမိုင်းမှာ နှစ်ပေါင်း ၁၃၃ နှစ်အတွင်း ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် လိဂ်မဟုတ်တဲ့အသင်းတစ်သင်းအနေနဲ့ ၁၉၁၄ ခုနှစ် နောက်ပိုင်း ပထမဆုံး ကွာတားတက်လာခြင်းလည်း ဖြစ်ပါတယ်။ လင်ကွန်းအသင်းဟာ တတိယဆင့်ပြိုင်ပွဲကစလို့ တစ်ဆင့်တက်တိုင်း ဆုကြေးငွေပေးတဲ့စနစ်ကို ကျင့်သုံးလာခဲ့တယ်လို့ ဆိုပါတယ်။ ပဥ္စမဆင့်မှာ ဘန်လေကို အနိုင်ကစားနိုင်ခဲ့တဲ့အတွက် ကစားသမားတိုင်းကို ဆုကြေးငွေ စတာလင်ပေါင် ၅၀၀၀ စီ ချီးမြှင့်သွားမယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## စပါးက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဖူလ်ဟမ် လူငယ်တိုက်စစ်မှူး

စပါးအသင်းက ဖူလ်ဟမ်လူငယ်ကစားသမား ရိုင်ယန်ဆက်ဆီနွန်အား ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အသက် ၁၆ နှစ်အရွယ်သာရှိသေးတဲ့ ဆက်ဆီနွန်ကို စပါးအသင်းက လာမယ့် မတ်လထဲမှာ စာချုပ်ဖို့ရှိနေပါတယ်။ သူဟာ မေလထဲမှာ အသက် ၁၇ နှစ်ပြည့်မှာဖြစ်တဲ့အတွက် ကြေးစားဘောလုံးသမားလောကထဲကို ရောက်ရှိလာနိုင်ပါတယ်။ ဆက်ဆီနွန်ကို မန်ယူနဲ့ အာဆင်နယ်တို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် မန်စီးတီး၊ လီဗာပူးနဲ့ဘိုင်ယန်မြူးနစ်တို့ကလည်း ခေါ်ယူ စိတ်ဝင်စားနေပါတယ်။ ဖူလ်ဟမ်အသင်းကတော့ သူ့ရဲ့အနာဂတ်ဟာ သူ့လက်ထဲမှာရှိတယ်လို့ ဆိုပါတယ်။ ဘယ်တောင်ပံတိုက်စစ်မှူး ဆက်ဆီနွန်ကို ချန်ပီယံကလပ်အသင်းတစ်သင်းကလည်း ခေါ်ယူဖို့စိတ်ဝင်စားနေပါတယ်။ ဆက်ဆီနွန်ဟာ ရီးရဲမက်ဒရစ်ကစားသမား ဂါးရက်ဘေးလ်လို အဓိကအားထားရတဲ့ ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဖူလ်ဟမ်ကတော့ ဒီလူငယ်ကစားသမားလေးကို ရောင်းချဖို့ ဆန္ဒမရှိဘူးလို့ ဆိုပါတယ်။ သို့သော်လည်း စပါးအသင်းက အခြားပြိုင်ဘက်အသင်းတွေကို ကျော်ဖြတ်ပြီး အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။



# ဓမ္မာစရိယနှင့် ပထမပြန် စာအောင်သံဃာများအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးကျင်းပခဲ့သည့် ပထမအကြိမ် ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲများတွင် အောင်မြင်တော်မူသော စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုသလ ထံမှ ဩဝါဒကထာ သီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က သြဝါဒကထာ တရားတော်ချီးမြှင့်ကာ ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းအောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တာဝန်ရှိသူများက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် အောင်မြင်သည့် သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆု ပူဇော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ရွှေကုက္ကို**

# အိုင်အိုဒင်းပြည့်ဝသည့် ချက်ဆားများသာထုတ်လုပ်ရေး ဟောပြောသရုပ်ပြ

**ဝက်လက် ဖေဖော်ဝါရီ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ ဆားချက်လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် အိုင်အိုဒင်း အပြည့်အဝပါဝင်သည့် ချက်ဆားများကိုသာ ထုတ်လုပ် ဖြန့်ဖြူးကြရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းဌာနခွဲ(နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးသူက ဆားချက်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဆားလုပ်ငန်းဌာနခွဲ ဦးစီးမှူး ဦးလှအေးက ဆားလုပ်ငန်းဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် လိုင်စင်ကိစ္စများ၊ အိုင်အိုဒင်းဆေးမှုန့် ရောင်းချပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆားလုပ်ငန်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေဝင်းက အာဆီယံနိုင်ငံများအတွင်း အိုင်အိုဒင်းဆား ထုတ်လုပ်ပုံနှင့် မြန်မာပြည် ဆားကြိတ်စက်များတွင် အိုင်အိုဒင်းဆားထုတ်လုပ်ပုံများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အိုင်အိုဒင်းပြည့်ဝမှုမရှိသော ဆားများကို စားသုံးခြင်းကြောင့် အိုင်အိုဒင်းချို့တဲ့မှုဖြစ်ပေါ်ပြီး နောက်ဆက်တွဲ ဖြစ်ပွားနိုင်သည့် ရောဂါများအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆားလုပ်ငန်းရှင် အသင်း ကိုယ်စားလှယ် ဦးတင်ထွန်းက အိုင်အိုဒင်းဆေးမှုန့်နှင့် ဆေးဖျန်းပုံးများ ထောက်ပံ့ပေးနေသည့် အခြေအနေနှင့် ထောက်ပံ့သည့်အကြောင်းရင်းများကိုလည်း ကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ညွှန်ကြားရေးမှူးက ကျေးရွာ ဆားချက်လုပ်ငန်းများမှ တာဝန်ရှိသူများထံသို့ အိုင်အိုဒင်းဆေးမှုန့်များ၊ ဆေးဖျန်းပုံးများနှင့် ဆားလိုင်စင် ကတ်များ ပေးအပ်ပြီး ချက်ဆားထုပ်နမူနာများကို လက်တွေ့ဓာတ်ခွဲပြသ၍ အိုင်အိုဒင်း ဆေးရည် ဖျော်စပ်ပုံ၊ အိုင်အိုဒင်းဆေး ဖျန်းပက်ပုံများကိုလည်း လက်တွေ့သရုပ်ပြ ခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# မြိတ်မြို့ကန်တော်မင်္ဂလာရေကန် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် ဆွေးနွေး

**မြိတ် ဖေဖော်ဝါရီ ၂၁**
မြိတ်မြို့မြစ်ငယ်ရပ်ကွက်တွင်တည်ရှိသော အကျယ် ၂၁ ဒသမ ၆၄ ဧကရှိ ကန်တော်မင်္ဂလာရေကန်နှင့် ကန်ပေါင် စိမ်းလန်းစိုပြည်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ရေကန်စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ရေကန်စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှု၊ မြို့မိမြို့ဖ ဦးစိုးရီက ရေကန်၏သမိုင်းကြောင်း အကျဉ်းချုပ်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ရေကန်၏ မြေရာဇဝင် အကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုနှင့် ရေကန်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးလှသန်းတို့က ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ဝန်ကြီးချုပ်အား ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကန်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရက ဦးဆောင်ကာ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ရေကန်နှင့် ကန်ပေါင် စိမ်းလန်းစိုပြည်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများ ဆန္ဒပြုလှူဒါန်းခဲ့ကြရာ ကျပ် သိန်း ၃၀၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသောရွှေ့ပြောင်းသွားလာခြင်းအကြောင်း ပညာပေးဟောပြော



**တောင်သာ ဖေဖော်ဝါရီ ၂၁**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့မှ ဒေသခံပြည်သူများအား လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများအကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ အာရဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြင်းခြံ ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်က ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှုဦးစီးမှူးတို့က လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကျော်မျိုးနိုင်**
**(တောင်သာ)**

## မှုခင်းသတင်းတိုများ

### ကျပ်သိန်း ၆၀၀ ဖိုးခန့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်း ကျပ်သိန်း ၆၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူအား ဖေဖော်ဝါရီ ၁၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့၊ ပြည်နယ်မှုခင်းအကူဌာနစု၊ မြဝတီခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ အမှတ်(၅)ရပ်ကွက် ကားကွင်းဟောင်းလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် သတင်းရရှိထားသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကိုစိုင်း(ခ)ဟူစိန်မောင်းနှင်လာသည့် ဆိုင်ကယ်ထိုင်ခုံအောက်မှ ကပ်ခွာအိတ်ဖြင့်ထည့်ထားသော တစ်အိတ်လျှင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါဝင်သည့် အထုပ် ၁၀၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀(တန်ဖိုး ကျပ်သိန်း ၆၀၀ ခန့်)ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဆေးပြားများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမေးမြန်းချက်အရ လားရှိုးမြို့နယ် ဝါဟန့်ကျေးရွာတွင်နေထိုင်သူ မနန်းခမ်းကျင်ထံမှ ရရှိကြောင်း သိရသဖြင့် မနန်းခမ်းကျင်အား ဆက်လက်ဖမ်းဆီးခဲ့ပြီး ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦးက မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### စိတ်ကြွရူးသွပ်ဆေးပြား ၃၂၄ သိန်းကျော်ဖိုး ဖမ်းဆီးရမိ

ရှမ်းပြည်နယ် နောင်ချိုမြို့အဝင် အိုရီယမ်တယ်လ်တိုးဂိတ်အနီး၌ ဆိုင်ကယ်တစ်စီးပေါ်မှ ကျပ် ၃၂၄ သိန်းကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြားများကို ဖေဖော်ဝါရီ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ လားရှိုးမြို့ မူးယစ်တပ်စု(၂၄)မှ တပ်ဖွဲ့ဝင်များ အဆိုပါ တိုးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ကျောက်မဲမှ နောင်ချိုဘက်သို့ လုမိုး(၂၉ နှစ်) မောင်းနှင်ပြီး မောင်သိန်း(၄၀ နှစ်) လိုက်ပါစီးနင်းလာသော ဆိုင်ကယ်ပေါ်တွင် သယ်လာသည့် ဆောင်းဘောက်အတွင်းမှ ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါသည့်အိတ် ၈၁ အိတ်၊ စုစုပေါင်း ဆေးပြား ၁၆၂၀၀ ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လုမိုးနှင့် မောင်သိန်းတို့အား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၁၆၄)**

### တရားမဝင် ကျွန်းနှင့်ပိတောက်သစ် ၁၄ တန်နီးပါး ဖမ်းဆီးရမိ

ကသာမြို့နယ် အင်းကြီးကျေးရွာ လေ့ဘိုဘိနယ်အတွင်း၌ တရားမဝင် ကျွန်းသစ်နှင့် ပိတောက်သစ် အလေးချိန် ၁၃ ဒသမ ၈၄၂၄ တန်ကို ဖေဖော်ဝါရီ ၁၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၏ လမ်းညွှန်ချက်အရ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လေ့ဘိုဘိနယ် အတွင်း နယ်မြေရှင်းလင်းစဉ် လေ့ဘိုကျေးရွာတောင်ဘက်ဘုရားအနီး၌ တရားမဝင် ကျွန်းသစ် ၄၆ လုံး(အလေးချိန် ၁၁ ဒသမ ၃၀၂ တန်)နှင့် ပိတောက်သစ်လုံး ၂၀ (အလေးချိန် ၂ ဒသမ ၂၈၂ တန်)၊ ပိတောက် ခားရှေ့တုံး လေးတုံး(အလေးချိန် ၀ ဒသမ ၂၅၈၄ တန်)တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး သစ်ပိုင်ရှင်ကို ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ငွေအိုး(ကသာ)**

### ဗန်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

ဗန်းမော်မြို့နယ် ငှက်ပျောတောကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖေဖော်ဝါရီ ၁၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးမှ ရဲအုပ်မြင့်ထူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မန်ရွှတ်ကျေးရွာ မူးယစ်ဆေးဝါး တားဆီးရေးအဖွဲ့ခေါင်းဆောင် ဦးညဏ်ဝင်းတို့ ပူးပေါင်းအဖွဲ့က ငှက်ပျောတောကျေးရွာနေ မမဲစက်(ခ)မစံပယ်၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ နှင့် ဘိန်းဖြူမှုန့် ၁၀ ဘူး (အလေးချိန် ၅ ဂရမ်ခန့်) ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ထီးချိုင့်မြို့ရောဝတီမြစ်ကူးတံတားပေါ်တွင် တမလန်းသစ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ရောဝတီမြစ်ကူးတံတားပေါ်တွင် ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်တမလန်းသစ်များ ဖေဖော်ဝါရီ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ထီးချိုင့်မြို့ ရောဝတီမြစ်ကူးတံတားပေါ်၌ ယာဉ်တစ်စီးရပ်တန့်ထားကြောင်း သတင်းအရ တံတားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တံတားပေါ်တွင် သီတာရုံကျောင်းတိုက် အမည်ပါ အိမ်စီးယာဉ်ငယ်တစ်စီး ပိုင်ရှင်မဲ့ ရပ်တန့်ထားသည်ကို တွေ့ရပြီး ယာဉ်နောက်ခန်းအတွင်းမှ အရှည်သုံးပေခန့်ရှိ တမလန်းသစ် ပေတိုတုံး ၁၁ တုံး(အလေးချိန် ၀ ဒသမ ၂၈၂၄ တန်)ကို တွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်ထားကာ ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



# အညာမြေ ပွင့်ဖြူမြို့နယ်မှ မြန်မာ့ရိုးရာ နွားအလှ အပြေးပြိုင်ပွဲ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သည် မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင် တည်ရှိသော်လည်း မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများလှသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိကြသည်။ ဆန်စပါးနှင့် နှမ်းကို အဓိကထား စိုက်ပျိုးကြသဖြင့် မြန်မာနိုင်ငံ၏ စပါးကျီ၊ မြန်မာနိုင်ငံ၏ဆီအိုးကြီးဟု သတ်မှတ်ခံရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူအများစုသည် နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံပဲမျိုးစုံတို့ကို တစ်နှစ်သုံးသီးထွက်ရှိအောင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာမှ တပို့တွဲလတွင် ဆောင်းသီးနှံများ ရိတ်သိမ်းအပြီး နွေစပါးစိုက်ပျိုးရန် စောင့်ဆိုင်းနေချိန်တွင် လယ်ယာလုပ်ငန်းခွင်များ၌ တစ်နှစ်လုံး ထွန်တုံးဖြင့် တွဲဖက်လုပ်ကိုင်ခဲ့ရသည့် နွားများကို အနားပေး၊ အစားဝအောင်ကျွေး၍ ထားကြသည်။ ထိုအချိန်တွင် နွားအလှ၊ အပြေးပြိုင်ပွဲများကိုလည်း ကျင်းပကြသည်။ ကိုယ့်နွားများ၏ အလှကို ထုတ်ဖော်ပြသလိုခြင်း၊ အပြေးတွင် ခြေကျအလှနှင့် အသွေးအရောင် တောက်ပြောင်ပြီး အဖိုးမည်မျှထိုက်တန်သည်ကို ကြွားဝါလိုခြင်း ရည်ရွယ်ချက်များဖြင့် ကျေးလက်ဘုရားပွဲများတွင် နွားအလှနှင့် အပြေးပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပ ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ် ရွှေဘို(ရွာမ)ကျေးရွာရှိ ပြည်လုံးချမ်းသာ(ခေါ်) မုန်းစက်တော်ရာ တတိယပါဒစေတီတော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ ရက်မှ လကွယ်နေ့အထိ ကျင်းပ မြဲဖြစ်ရာ ဘုရားပွဲတော်တွင် သက်ဆိုင်ရာ ဆရာတော် ကြီးများ၏ ဩဝါဒကိုခံယူ၍ နွားအလှ အပြေးပြိုင်ပွဲကိုလည်း နှစ်စဉ်ကျင်းပမြဲဖြစ်ကြသည်။ ယခုနှစ်တွင်လည်း တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၂ ရက်)မှ တပို့တွဲလကွယ်နေ့(ဖေဖော်ဝါရီ ၂၅ ရက်)အထိ ကျင်းပလျက်ရှိသည်။

နွားအလှ အပြေးပြိုင်ပွဲသို့ မင်းလှ၊ မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ ငဖဲ၊ စလင်းနှင့် ဆင်ဖြူကျွန်း မြို့နယ်များအတွင်းရှိ နွားအလှပိုင်ရှင်များ ဝါသနာအရ လာရောက်ယှဉ်ပြိုင်ကြသည်။ ပွဲတော်ကျင်းပရေးအဖွဲ့ကလည်း နွားပိုင်ရှင်များအား ဖိတ်စာများဖြင့် ဖိတ်ခေါ်အကြောင်းကြားပြီး လာရောက်ယှဉ်ပြိုင်လျှင် တည်းခိုနေထိုင်ရေး၊ ကျွေးမွေးရေးနှင့် နွားစာများကိုပါ စီမံဆောင်ရွက်ပေးကြသည်။ အနိုင်ရရှိသော နွားများကို တောင်သူအချင်းချင်း အကြိုက်တွေ့လျှင် ဈေးကောင်းပေး၍ ဝယ်ယူခြင်း၊ နွားအချင်းချင်း အလိုက်ပေး၍ လဲလှယ်ခြင်းများ ပြုလုပ်ကြသည်။ ပြိုင်ပွဲတွင် လောင်းကြေးမပါဘဲ ယှဉ်ပြိုင်ကြသည်။ အနိုင်ရရှိသောနွားကို ဒိုင်အဖွဲ့က ဦးချိုတွင် တဘက်စောင်ကို ချည်နှောင်းပေးကာ ဆုချီးမြှင့်ပေးခြင်းဖြင့် နွားပိုင်ရှင်များ ဝမ်းသာကြည်နူး ပျော်ရွှင်ကျေနပ်ကြရသည်။

နွားအလှအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မိမိနွား၏ အပြေး ခြေကျလှရန်၊ ကြိုးရမ်းရုံဖြင့် ဘယ်/ညာ သိရှိနိုင်ရန် ၁၅ ရက်ခန့် ကြိုတင်၍ ငါးမိုင်ခန့်ပြေးခိုင်းပြီး နှာချယူကြရသည်။ နွားတစ်ကောင်တည်းကို လှည်းယာဉ်ငယ်တွင် တပ်ဆင်ကာ ပြေးရသည်မို့ လူစည်ကားရာ ဘုရားပွဲအတွင်း နွားအလှအပြေးပြိုင်လျှင် နွားများ လူကြောက်ကာ ခြေဖောက်မည်စိုး၍ လူစည်ကားရာနေရာများသို့လည်း လှည့်လည်မောင်းနှင်အကျင့်လုပ်ထားရသည်။

နွားငယ်တန်း အပြေးပြိုင်ပွဲတွင် နွားအသက်တစ်မိုးခေါ် လေးနှစ်သားအရွယ်၊ နွားကြီးတန်းတွင် နှစ်မိုးကျော်ခေါ် ခြောက်နှစ်သားအရွယ်များကို တစ်ကောင်းချင်းနှင့် ယှဉ်စုံဟု အဆင့်ခွဲ ယှဉ်ပြိုင်ရသည်။ နွားအလှ အပြေးပြိုင်ပွဲတွင် ဒိုင်လူကြီးများအား တခြားနယ်မှဖိတ်ခေါ်ကာ ဘက်မလိုက်အောင် စီမံကြသည်။ ပြိုင်ပွဲတွင် နွားပြေးလမ်းအရှည် ၁၇၅ ကိုက်ကို နှစ်လမ်းခွဲထားပြီး ပြေးကြရကာ ဒိုင်အဖွဲ့ကို တာထွက်၊ အလယ်၊ တာဝင်ဟု သုံးဦးခွဲထားသည်။

နွားယှဉ်စုံ(နှစ်ကောင်တပ်)ပြိုင်ရာတွင် အတိုင်(ညာ)သမင်ပြေး၊ အလှည့်(ဘယ်)စကြ၊ ဆင်ဟန်ပတီးတိ စစ်စစ်ဖြင့် ပြေးရသည်။ ခြေမချိုး၊ လက်မချိုး၊ သုံးချောင်းထောက်၊ ကဆုန်ထိုး၊ ဝဲပြန်ကျ၊ ကြက်ပြေး၊ ဇရပ်ခုန်များ မပါရ။ ပါခဲ့လျှင် အပြစ်မှတ်ကြသည်။ လမ်းကူး တိုင်တိုး၊ ကြိုးကျ၊ ကြိုးပြတ်၊ လူကျ၊ နှင်တံကျ မဖြစ်စေရ၊ ဖြစ်ခဲ့လျှင် ခေါက်ချင်းပြတ် အရှုံးပေးကြသည်။ တာထွက်မှာ အလံချမှ တာထွက်ရသည်။ အလံမချမီ တာထွက်လျှင်၊ အလံချပြီး တာမထွက်လျှင် ပြစ်မှတ်ပေးခံရသည်။ တာထွက်(ထောက်စီး)နှင့် တာဝင် (မျှင်ကြိုးပြတ်)အတွင်းသာ ပြစ်မှတ်ယူကြသည်။ ပုံမှန်အားဖြင့် တစ်ပွဲလျှင် နှစ်လား(နှစ်ခေါက်)ယှဉ်ပြိုင်ကြသည်။ နှစ်ဦးနှစ်ဖက် ကျေနပ်ပါက ခေါက်ချင်းပြတ် တစ်လားဖြင့် ယှဉ်ပြိုင်ကြသည်။ လောင်းကြေး မပါ၊ ခွင့်မပြုကြပါ။ မြန်မာ့ရိုးရာ နွားအလှအပြေးပြိုင်ပွဲ တိမ်းကောပပျောက်မည်စိုး၍ ယှဉ်ပြိုင်နေကြခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ် အညာမြေဒေသ၏ ဆောင်းအကုန် နွေမကူးမီ တပို့တွဲလရာသီတွင် တတိယပါဒစေတီတော် ဘုရားပွဲတော်၌ ထည့်သွင်းကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာ နွားအလှအပြေးပြိုင်ပွဲသို့ ပွဲတော်ချိန်အမီ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြပါရန် ဖိတ်ခေါ်လိုက်ရပေသည်။ ။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - သူရထွန်း(ပွင့်ဖြူ)**

# ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေး

**စစ်တွေ ဖေဖော်ဝါရီ ၂၁**

စစ်တွေမြို့ပေါ် ရပ်ကွက်များရှိ အသက် ခြောက်လမှ ငါးနှစ်ကြား ကလေးငယ်များအား ဗီတာမင်အေ အားဆေးနှင့် သန်ချဆေးများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှ စတင်တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။



ကာကွယ်ဆေးများ တိုက်ကျွေးနေသော ပြည်တော်သာရပ်ကွက်မှ သူနာပြုနှင့် သားဖွားဆရာမ ဒေါ်အေးသီတာက ပြည်တော်သာရပ်ကွက်တွင် ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက် ဓမ္မာရုံနှင့် မိခင်နှင့်ကလေးဆေးခန်းများတွင် ကာကွယ်ဆေးထိုးရန်နှင့် ဆေးတိုက်ကျွေးရန် အသိပေးကြေညာထားသဖြင့် ကလေးများရှိသော မိသားစုများ လာရောက်ဆေးတိုက်၊ ဆေးထိုးလျက်ရှိကြောင်း၊ စတင်ဆေးတိုက်ကျွေးသည့် ဖေဖော်ဝါရီ ၁၉ ရက် တစ်မနက်အတွင်း အသက် ခြောက်လပြည့်မှ ငါးနှစ်ကြား ကလေးငယ် ၁၀၀ နီးပါး လာရောက်ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဗီတာမင်အေ အားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးရန် လာရောက်ကြသော ကလေးများ၏ မိသားစုဝင်များကိုလည်း ကျန်းမာရေးဝန်ထမ်းများက ရင်သွေးငယ်တို့ ကျန်းမာဖို့ ပြုစုစောင့်ရှောက်စို့၊ ဘယ်လို လက်ဆေးကြမလဲနှင့် မိသားစုကျန်းမာရေးအတွက် ရှောင်ရန်နှင့် ဆောင်ရန်အချက်များ စသည့်အကြောင်း အရာများ ပါဝင်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဥ(ပ်)ပူး ချင်းတိုင်းရင်းသားစာပေ အခြေခံဆရာဖြစ်သင်တန်းဆင်း

**ဆော ဖေဖော်ဝါရီ ၂၁**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဥ(ပ်)ပူး ချင်းတိုင်းရင်းသားများ စာပေသင်ကြားရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ဥ(ပ်)ပူး ချင်းတိုင်းရင်းသားများစာပေ အခြေခံပညာမူလတန်း ဆရာဖြစ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community centre ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား သင်တန်းနည်းပြ ဦးလှမောင်က ဆုများချီးမြှင့်ကာ စာပေသင်ကြားရေးကော်မတီဝင် ဦးခင်မောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်ခဲ့ကြ၍ သင်တန်းကာလမှာ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း လှိုင်ကော်မြို့၌ ဖွင့်လှစ်

**လှိုင်ကော် ဖေဖော်ဝါရီ ၂၁**

ကယားပြည်နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ လှိုင်ကော်မြို့ရှိ ပြည်နယ်သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

ဌာနအဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ထိရောက်စွာဖော်ထုတ်၍ လုပ်ငန်းလိုအပ်ချက်နှင့်ကိုက်ညီအောင် ထိထိရောက်ရောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ သာယာပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်တစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာ၊ အိမ်သာလုပ်ငန်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ၊ လူထုဗဟိုပြု စီမံကိန်း CDD၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(Lift Fund)လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး နည်းပညာ ဦးဟန်မြင့်ထွန်းက ပြောကြားသည်။

သင်တန်းသို့ ပြည်နယ်အတွင်းရှိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**



# တီဘီရောဂါရှာဖွေကုသရေး မိုဘိုင်းအဖွဲ့က ကျေးရွာများသို့ ကွင်းဆင်းကုသပေး

**ငါ့သရောက် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး တီဘီရောဂါရှာဖွေကုသရေး မိုဘိုင်းအဖွဲ့နှင့် ညောင်ဦးမြို့ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့တို့ ပူးပေါင်းပြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ဒေသခံပြည်သူများအား တီဘီရောဂါပိုးရှိမရှိ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဖေဖော်ဝါရီ ၁၉ ရက်က ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ကွင်းဆင်းလာရောက်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တီဘီရောဂါရှာဖွေကုသရေး မိုဘိုင်းအဖွဲ့ခေါင်းဆောင် ဒေါက်တာစုဝတ်ရည် ဦးဆောင်သည့် ဝန်ထမ်းများအဖွဲ့နှင့် ညောင်ဦးမြို့ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့မှ ဒေါက်တာ ထွန်းဝေဦးဆောင်သည့် ဆရာ ဆရာမများ အဖွဲ့တို့က ကွင်းဆင်းစစ်ဆေးကုသပေးခြင်းဖြစ်ကာ တီဘီရောဂါ အခမဲ့ ရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် (Three Million Development Gold) အဖွဲ့မှ ကူညီ ထောက်ပံ့ပေးကြောင်း သိရသည်။

တီဘီရောဂါရှာဖွေကုသရေး မိုဘိုင်းအဖွဲ့၏ အခမဲ့ ဆေးကုသပေးရာသို့ ဆေးကုသမှု လာရောက်ခံယူသူ ၁၁၄ ဦး ရှိခဲ့ပြီး ၎င်းတို့အား တီဘီရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးကာ အခမဲ့ ဆေးဝါးကုသမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ တီဘီရောဂါ ရှာဖွေကုသရေး မိုဘိုင်းအဖွဲ့အား ငါ့သရောက်မြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာ ကံမင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ၂၀၁၆ အတွက် အကယ်ဒမီဆုပေးပွဲ

**ခင်မောင်သော် (ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

**တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကိုင်တွယ်ဆောင်ရွက်သည့် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်ထူးချွန်ဆု (ရုပ်ရှင်အကယ်ဒမီဆု) ပေးပွဲကို ၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်နေ့ ၌ ကျင်းပတော့မည်ဖြစ်သည်။ ထို့အပြင် "၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကို ပြည်သူ့ဥယျာဉ်ရင်ပြင်၌ ကျင်းပရန် စီစဉ်နေကြောင်းကို မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးထံမှ သိရသည်။**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကယ်ဒမီရွှေစင်ရုပ်တု ၁၂ ခု အဆင်သင့်ပြုလုပ်ကာ ထူးချွန်ဆုရှင်များအတွက် အဆင်သင့်ပြင်ဆင်ထားသည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများမှာ ဒါရိုက်တာဆု၊ အမျိုးသားသရုပ်ဆောင်ဆု၊ အမျိုးသမီးသရုပ်ဆောင်ဆု၊ ဇာတ်ကားဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုနှင့် ရုပ်ရှင်တည်းဖြတ်ဆုတို့ဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများကလည်း အကယ်ဒမီဆိုတဲ့ဂုဏ်ထူးနဲ့ထိုက်တန်မှ ရနိုင်မှာဖြစ်ပြီး အကယ်ဒမီဆုနှင့် မထိုက်တန်ရင် ရမှာမဟုတ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားပြီးဖြစ်သည်။

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲ အောင်မြင်စွာကျင်းပရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေရာ အကယ်ဒမီ စာရင်းဝင်ရုပ်ရှင်ဇာတ်ကား ၃၃ ကားမှ ဆန်ခါတင်လက်ရွေးစင် အကယ်ဒမီတန်းဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားကို ရွေးထုတ်ကာ စိစစ်ရွေးချယ်ပြီးသည့်အပြင် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုရွေးချယ်မှုကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်တွင် ရွေးချယ်မှုများပြုလုပ်နေသည်။ အကယ်ဒမီရွှေကြိုများရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီး ရှစ်ဦးသာ ရွေးချယ်မည်ဖြစ်ကြောင်း၊ အဆိုပါရွှေကြိုရွေးချယ်မှုတွင် အနုပညာမျိုးဆက်သစ်များကို ဦးစားပေးသည့်အနေဖြင့် နိုင်ငံတကာ မောင်/မယ်ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုအပ်ဟု အတိအလင်း ထုတ်ပြန်ကြေညာသည်ကို တွေ့ရသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် အကယ်ဒမီဆုပေးပွဲ အကဲဖြတ်မှုပုံစံအပြောင်းအလဲရှိသည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် သက်ဆိုင်ရာအလွှာလိုက် ပညာရှင်များက ရွေးချယ်ပေးအပ်ခဲ့သော်လည်း ယခုနှစ်တွင်မူ ဒါရိုက်တာအလွှာမှ အကဲဖြတ်များက အကယ်ဒမီ ၁၁ ဆု ရွေးချယ်ရမည်ဖြစ်ပြီး သရုပ်ဆောင်အလွှာအကဲဖြတ်နှင့် စာရေးဆရာများက ဒါရိုက်တာဆု၊ ဇာတ်ကားဆု၊ ဇာတ်ပို့ဆုတို့ကို ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဓာတ်ပုံ၊ အသံ၊ တေးဂီတ၊ ဇာတ်ညွှန်းနှင့် တည်းဖြတ်ပညာရှင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့်ဆုများအပြင် သရုပ်ဆောင်ဆု လေးဆုနှင့် ဇာတ်ကားဆုများကို ရွေးချယ်ပေးရမည်ဟု ပြောင်းလဲသတ်မှတ်ထားသည်။ ၂၀၁၃ ခုနှစ်က ဇာတ်ပို့ ဇာတ်ဆောင်ဆု အငြင်းပွားပွဲဆူမှုဖြစ်ခဲ့သော်လည်း နှစ်ပေါင်းများစွာ ကျင့်သုံးလာသည့် ဇာတ်ကားထုတ်လုပ်သူနှင့် ဒါရိုက်တာများက တင်ပြသည့် သရုပ်ဆောင် အမျိုးအစားစာရင်းအတိုင်းသာ အတည်ပြုရွေးချယ်ဆုပေးမည်ဖြစ်ပြီး လိုအပ်ပါက ပြင်ဆင်၍ အပြောင်းအလဲပြုလုပ်ပြီး အကယ်ဒမီဆုရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင် စုစုပေါင်း ဇာတ်ကား ၃၃ ကားရှိရာ ယင်းတို့မှာ အနူးဘစ်၊ စားတယ်၊ ချစ်လှစွာသော အမုန်း၊ အချစ်စစ်၊ ပြန်ခေါ်သက်သေ၊ ဖေ့စ်ဘွတ်ခ်ရွာ၊ ခိုးဆိုးလုန္နိုက်၊ ရုံးပတီသီးလေးများ၊ မနောမြေမှ ကျောက်စိမ်းကမ္ဘာ၊ အီဖေကိုယ်တို့ရွှေးကောက်ပွဲ၊ မအေးပွင့် မြင့်မြင့်စန်းလမ်းသုံးဆယ်၊ ကျွန်တော် ကျွန်မ ယောကျ်ား ဗိုက်ကြီးသည်၊ အုတ်ကြားမြက်ပေါက်၊ ရုပ်ကွက်ဘုရင်မ၊ မော်ကျောက်စာ၊ ရိုက်လိုက်ပါဦး ဒုန်း ဒုန်း ဒုန်း၊ ကာလာစုံလက်ဆင်၊ လူးရတနာသိုက်၊ အေဒင်ရဲ့နတ်သမီး၊ ဘောစိ၊ သကြၤန်ပြတိုက်၊ ရုပ်ကွက်ဘုရင်မ ၂၊ ဘန်ကောက်မှ မန္တလေးသို့၊ ရွှေဒင်္ဂါးကို ထွေခင်းကစားမယ်၊ နှစ်ယောက်တစ်ဘဝ၊ ဘွန္တောကြက်သူခိုး၊ ဘော၊ မင်းလည်းဘိုကေ ငါလည်းဘိုကေ၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား၊ မြိုင်ရာဇာတာတေ၊ မေထုန်ရာသီဖွား၊ နှင်းဆီပန်သူနှင့် မယုံရင်ပုံပြင်မှတ် ရုပ်ရှင်ဇာတ်ကားတို့ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင်ရန် မြန်မာနိုင်ငံနယ်ဒေသအနှံ့အပြားမှာ ရုံပြိုင်ပြသခွင့်စနစ်အရ ရုံတင်ပြသခဲ့ကြသည့်အတွက် ယခင်နှစ်များကထက် အကယ်ဒမီစာရင်းဝင်ရုပ်ရှင်ဇာတ်ကားအရေအတွက် စံချိန်တင်ခဲ့ရသည့် ဖြစ်ရပ်သည် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုအပေါ် ရုပ်ရှင်လောကသားများ၏ ကြီးမားသော မျှော်လင့်ချက်အဖြစ် ပေါ်လွင်နေသည်။

ယခင်နှစ် ပွဲဆူခဲ့ရသော မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲထက် ယခုပိုမိုဂရုစိုက်ရမည့် အနေအထားဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အရည်အချင်းမပြည့်မီခြင်း၊ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီတဲ့အတွက် ကျန်အကယ်ဒမီဆုများကို ပေးအပ်ခြင်းမပြုဘဲ ချန်လှပ်ခဲ့ကြောင်း အကြောင်းပြ တုံ့ပြန်ခဲ့သည်။ထို့အပြင် မြန်မာ ရုပ်ရှင်လောကသားအများစုက ယခင်ဆောင်ရွက်ခဲ့သည့် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲ ရွေးချယ်ခဲ့သည့်စနစ်သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကိုင်တွယ်ဆောင်ရွက်သော ဆုရွေးချယ်သည့်စနစ်ထက် ပိုမိုသာလွန်ကောင်းမွန်ကြောင်း သုံးသပ်ဝေဖန်မှုလည်း ပေါ်ထွက်ခဲ့ဖူးသည်။

အဆိုပါ ၂၀၁၆ ခုနှစ်အတွက် အကဲဖြတ်အဖွဲ့များ ရွေးချယ်ထားသော အကယ်ဒမီဆု ချိတ်ပိတ်စာအိတ်များကို ၂၀၁၇ မတ်လ ပထမပတ်အတွင်း ဖွင့်ဖောက်မည်ဟု သိရသော်လည်း နောက်ဆုံးအဆင့် ဆန်ခါတင် ရုပ်ရှင်ဇာတ်ကား ၁၀ ကား၏ အမည်စာရင်းကိုမူ ထုတ်ပြန်ကြေညာခြင်း မပြုသည်ကို ထူးခြားချက်အဖြစ် တွေ့ရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု၊ အကယ်ဒမီဆုပေးပွဲနှင့် ဆက်နွှယ်သော ဖေဖော်ဝါရီ ၂၆ ရက် ဟောလိဝုဒ်၌ ကျင်းပပြုလုပ်မည့် (၈၉)ကြိမ်မြောက် အကယ်ဒမီဆု၊ အော်စကာဆုပေးပွဲကို တစေ့တစောင်း လေ့လာမိသည်။ အဆိုပါ အော်စကာဆု ဆန်ခါတင်စာရင်းများကို ဇန်နဝါရီ ၂၄ ရက်က ပွင့်လင်းစွာ ထုတ်ဖော်ကြေညာသည်ကို တွေ့ရသည်။ အထူးခြားဆုံးမှာ La La Land ဆိုသော တေးဂီတရုပ်ရှင်ဇာတ်ကားသည် ဆုအများဆုံး အမည်စာရင်းတင်သွင်းခြင်းခံထားပြီး အော်စကာသရုပ်ဆောင်နှင့် အခြားဆုပေါင်းများစွာကို ဆန်ခါတင်စာရင်းအဖြစ် ထုတ်ပြန်ကြေညာထားသည့်အပြင် ယင်းဆုပေးပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည့်သူကိုပါ တစ်ပါတည်း ကြေညာသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ထုတ်ပြန်ကြေညာခြင်းသည် ပွင့်လင်းထင်သာမြင်သာရှိမှုအဖြစ် ယူဆရပြီး ထွက်ပေါ်လာမည့် စောဒကတက်ဝေဖန်မှုများကိုလည်း ရင်ဆိုင်နိုင်သော လက္ခဏာဖြစ်သည်။ သို့ရာတွင် ဝေဖန်စောဒကတက်မှုပြဿနာတစ်စုံတစ်ရာ မရှိနိုင်ဟုလည်း တစ်ထစ်ချ ခံယူထားကြပုံရသည်။

မိမိတို့ မြန်မာနိုင်ငံမှာလည်း မြန်မာ့ရုပ်ရှင်သည် မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ မြန်မာတစ်မျိုးသားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေအောင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရဲရဲဝံ့ဝံ့ဖြင့် ဆန်ခါတင်ဇာတ်ကားစာရင်းအပြင် ဆန်ခါတင် သရုပ်ဆောင်ဆုနှင့် အခြားဆုများကို လျှို့ဝှက်မထားဘဲ ပွင့်လင်းစွာ ကြိုတင်ထုတ်ပြန်သင့်သည်ဟု အကြံပြုလိုသည်။

ထို့အပြင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုသည် မြန်မာ့ရုပ်ရှင်လောကအတွက် အမြင့်မားဆုံးဖြစ်ရာ အကယ်ဒမီထူးချွန်ဆုများကို ရွေးချယ်ရာမှာလည်း ရုပ်ရှင်လုပ်ငန်းတစိုက်မတ်မတ် ဆောင်ရွက်နေသည့် ရုပ်ရှင်လောကသားများ စစ်စစ်ဖြင့်သာ ရွေးချယ်သင့်သည်။ ရုပ်ရှင်လောကသားမဟုတ်ဘဲ အခြားပုဂ္ဂိုလ်များ ပါဝင်လာခြင်းမှာလည်း "လူများပွဲမစည်" အခြေအနေကို ဆိုက်ရောက်နိုင်သည်။

၂၀၁၆ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲ ကျင်းပပြီးသည့်အခါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်လောက အလွှာအသီးသီးမှ ရွေးချယ်ကြရမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အသစ်ကိုလည်း ရွေးချယ်တင်မြှောက်ကြမည်ဖြစ်ရာ ခေတ်မီကမ္ဘာကြီးကို ကြည့်မြင်တတ်ကာ မြန်မာ့ရုပ်ရှင် အစည်းအရုံးအမှုဆောင်သစ်များ ပေါ်ထွက်လာစေရေးကို ရည်သန်ကာ မြန်မာနိုင်ငံရုပ်ရှင် လောကကြီး ဖွံ့ဖြိုးတိုးတက်စေကြောင်း ဆုမွန်ခြွေ ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ။



လွန်ခဲ့သည့် ငါးနှစ်တာကာလက ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ မြင်ကွင်းတစ်ရပ်

# ပြင်ဦးလွင်ရပ်ကွက်လမ်းများအတွင်း ကုန်တင်ကားကြီးများ စည်းကမ်းမဲ့ဝင်ရောက်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၁**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်အလိုက် မြို့ပေါ်ရပ်ကွက်များအတွင်းရှိလမ်းများ ချောမွေ့ကောင်းမွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရပ်ကွက်များအတွင်းရှိလမ်းများပေါ်သို့ ကုန်တင်ယာဉ်ကြီးများ ကုန်အပြည့်ဖြင့် စည်းမဲ့ကမ်းမဲ့ ဝင်ရောက်မှုကြောင့် လမ်းများပျက်စီးလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်များမှာ အများအားဖြင့် ကုန်ပစ္စည်းများကို အပြည့်တင်ဆောင်ကာ ရပ်ကွက် အတွင်းနေ ကုန်သည်များထံသို့ လာရောက်ပို့ဆောင်ပေးလျက်ရှိသည်။ ထိုသို့ ကုန်ပစ္စည်းအများအပြား တင်ဆောင်လာမှုကြောင့် ဝန်နှင့်လမ်း မျှတမှုမရှိတော့ဘဲ လမ်းများပျက်စီးကြရကြောင်း သိရသည်။



ရပ်ကွက်အတွင်းနေ ပြည်သူတစ်ဦးက "ကျွန်တော်တို့ရပ်ကွက်အတွင်းမှာရှိနေတဲ့ လမ်းတွေကိုမပြင်တာကြာပါပြီ။ အခုပြင်ပြီးတာ ရက်ပိုင်းပဲရှိသေးတယ်။ အရင်လမ်းမကောင်းခင်တုန်းက ရပ်ကွက်နေ ပြည်သူတွေ သွားလာရတာ ဒုက္ခရောက်ပါတယ်။ လမ်းတွေပြင်ပြီး ကောင်းလို့ ရပ်ကွက်နေပြည်သူတွေ ဝမ်းသာခါစရှိသေးတယ်။ အခုလို ကုန်တင်ကားကြီးတွေ ဝင်ရောက်နေလို့ လမ်းတွေမြန်မြန် ပျက်မှာကိုတော့ စိုးရိမ်မိတယ်။ တာဝန်ရှိသူတွေအနေနဲ့ ဒီလိုစည်းကမ်းမဲ့မှုတွေ ကို အရေးယူဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှလည်း ရပ်ကွက်အတွင်းက လမ်းတွေ ရေရှည်ခံနိုင်မှာပါ"ဟု ၎င်းကပြောကြားခဲ့သည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၂၁**

GBV ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုနှင့် အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်မော်က ပြည်နယ်အတွင်း အမျိုးသမီးနှင့်ကလေးများအပေါ် အကြမ်းဖက်မှုကိစ္စနှင့် ပတ်သက်ပြီး မိဘပြည်သူများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းဌာနများ၊ NGO/INGO အဖွဲ့အစည်းများ၊ CBO/CSOs အဖွဲ့အစည်းများ၊ GBV-coordination အဖွဲ့များအားလုံး လက်တွဲလုပ်ဆောင်နိုင်ရန် ကျား/မ အခြေပြုပြီး ဖြစ်ပေါ်လာသော အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှု အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ IRC-PLE Chief of Party မှ ဒါရိုက်တာ ဒေါက်တာညွန့်နိုင်သိန်းက လုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် IRC-GBV Coordination Group တို့က GBV အကြမ်းဖက်မှုဆိုင်ရာ အမျိုးသမီးနှင့် ကလေးအမှုဖြစ်ရပ် စီမံခန့်ခွဲမှုများ၊ အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**


LaVilla
NGWE SAUNG
WEEKEND HOME @ငွေဆောင်
SEA VIEW VILLA တန်ဖိုး 50%
450 သိန်း ခန့်ပေးပြီး
APRIL-2018
တွင်အပန်းဖြေနိုင်ပြီ
ဂရမ်အမည်ပေါက်ရမည်ဖြစ်ပြီးစရန်ငွေ 9 သိန်းယူလာပြီး စောစောလာမှ Plot ရဖို့သေချာမယ်နော်
25,26-FEB-2017 ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီ၊အနောက်မုခ်ရှေ့ Myanmar Culture တွင်ရောင်းမည်။
ဦးဆုံး (30) ကို လက်ဆောင် မီးစက် & AIR-CON
iGREEN

# ဝေရောစနု ကျောက်စိမ်းစေတီတော်မြတ်ကြီး ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပမည်

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရှာမြင်းမူးဒေသ၌ တည်ထားကိုးကွယ်တော်မူသည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစနုကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်နေ့) ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့မှ မတ်လ ၁၂ ရက်နေ့အထိ အစဉ်အလာမပျက် (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ၁၃၇၈ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၅း၃၀ နာရီမှစတင်၍ အထူးပင့်သံဃာအပါး(၃၀)နှင့် နယ်မြေဂေါစရဂါမ် သံဃာ(၇၈)ပါး အပါအဝင် စုစုပေါင်း(၁၀၈)ပါးကို စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲအား စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူပူဇော်မည်ဖြစ်ပါသဖြင့် ရပ်ဝေး၊ ရပ်နီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် လာရောက်ကုသိုလ်ယူနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

၃။ ပွဲတော်ကြီးကျင်းပမည့်ရက်များတွင် ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဖလား(၆)ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ၉-၃-၂၀၁၇ ရက်မှ ၁၂-၃-၂၀၁၇ ရက်အထိ အမရပူရမြို့နယ်၊ ဝေရောစနုကျောက်စိမ်းစေတီတော်အနီးရှိ အားကစားရုံများတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဝန်ကြီးဌာနအသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကလပ်အသင်းများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါပြိုင်ပွဲကြီးအတွက် ပံ့ပိုးသူ(Sponsor)အဖြစ် ဆောင်ရွက်လိုသော ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | | |
|---|---|---|---|---|
| (၁) | ဦးမောင်မောင်ဦး | အတွင်းရေးမှူး | ဝေရောစနုကျောက်စိမ်းစေတီတော်၊ ဂေါပကအဖွဲ့ | ဖုန်း-၀၉-၂၀၁၃၃၉၇ |
| (၂) | ဦးဝင်းဆောင် | တွဲဖက်ဘဏ္ဍာရေးမှူး | ဝေရောစနုကျောက်စိမ်းစေတီတော်၊ ဂေါပကအဖွဲ့ | ဖုန်း-၀၉-၄၃၁၀၆၃၇၁ |
| (၃) | ဦးငွေအောင်ကျော် | ဒု-ဥက္ကဋ္ဌ | မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် | ဖုန်း-၀၉-၉၆၂၀၃၇၈၈၉၊ ၀၉-၂၀၃၇၈၈၉ |
| (၄) | ဦးကျော်ဝင်း | အတွင်းရေးမှူး | မန္တလေးတိုင်းဒေသကြီး၊ ခြင်းလုံးဆပ်ကော်မတီ | ဖုန်း-၀၉-၄၃၁၀၀၀၂၉ |

ဆိုင်ခန်းနေရာများကို အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ်နိုင်သည်။

ဖုန်း-၀၉-၄၀၂၇၆၈၈၄၁၊ ၀၉-၄၀၀၃၀၀၈၂၈၊ ၀၉-၄၀၂၆၅၈၉၉၀

ဂေါပကအဖွဲ့


## ကြီးမားသောအကျိုးအမြတ်ရရှိစေဖို့ . . . ရင်းနှီးမြှုပ်နှံလိုသူများအတွက် . . .

နေပြည်တော် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာအလွန်ကောင်း၊ နှစ်(၉၀) ဂရန်ကြီးကျပြီး၊ မြေဧရိယာအကျယ်(၅)ဧကခန့်အပြင် တစ်ဆက်တည်း ပါဝင်သည့် ကျန်မြေ(၄)ဧကခန့်အပါအဝင် စုစုပေါင်း မြေဧရိယာ(၉)ဧကခန့်ရှိသည့် ခြံကွက်ကြီးအား ပိုင်ရှင်ကိုယ်တိုင် ထိုက်တန်သူအား ထိုက်တန်သည့်ဈေးနှုန်းဖြင့် ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပြီး အကျိုးဆောင်ခ(၂)ရာခိုင်နှုန်းပေးမည်။ ဆက်သွယ်ရန်။ ။ 09-8300442, 09-961280390, 09-263046951, 09- 448548778, 09-458023610














telenor
EASY ဘောလ်
ပြန်လာပြီ
ဗုဒ္ဓဟူးနေ့တိုင်း Eload နဲ့ ဖုန်းငွေဖြည့်ပြီး
၅၀% အထိ အပိုလက်ဆောင် ရယူလိုက်ပါ
ငွေဖြည့်(ကျပ်) အပိုရငွေ အသုံးပြုနိုင်သောကာလ
၁,၀၀၀ – ၂,၉၉၉ ၁၀% ၃ ရက်
၃,၀၀၀ – ၄,၉၉၉ ၂၀% ၃ ရက်
၅,၀၀၀ – ၉,၉၉၉ ၃၀% ၃ ရက်
၁၀,၀၀၀ နှင့်အထက် ၅၀% ၃ ရက်
သတိမှတ်ချက်များ
■ ဖုန်းငွေဖြည့်ကတ်၊ အပိုလက်ဆောင်ပါဝင်ပြီးဖြစ်သော မော်ငွေဖြည့်ကတ်ဖြင့် ဖြည့်ခြင်းအတွက် အကျုံးမဝင်ပါ။
■ အပိုလက်ဆောင်၏သက်တမ်းမှာ ဖုန်းငွေဖြည့်သည့် ရက်မှစ၍ (၃) ရက်အတွင်း ကုန်ဆုံးပါမည်။
■ အပိုလက်ဆောင်များကို တယ်လီနောအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်း၊ သုံးသလောက်ပေး အင်တာနက်အသုံးပြုခြင်းများအတွက် အသုံးပြုနိုင်ပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

## မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း

ပရဟိတပါသော စီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေး ဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | " | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | " | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွန်လ မှပေးပါ)
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြု

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာ့ရွှေရောင်လျှံ
နေမင်းတော်ဆိပ်တော်

ဦးစီးတည်ထောင်သော
# ပညာနန်းတော်
အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
အတန်းငယ်များကို ဘော်ဒါလက်မခံပါ။
(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)
ကျောင်းအပ်လက်ခံနေပါပြီ

## အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးသည် ပထမ** – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက်ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည် ထူးချွန်ထက်မြက်ရေးသည် အဓိက** – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီးဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှု အဆင့်ရှိရေးသည် ပဓာန** – နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း၊ တိုက်တစ်တိုက်တည်းတွင် အတူတူထားပါလျှင် များစွာ အနှောင့်အယှက်ဖြစ်သောကြောင့် သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား အဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီး၊ အဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ. ထ. ပြ-ငြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင် ကျွေးမွေးပါသည်။

**ငွေရေးကြေးရေးသည် သာမည** – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄–ရစ်ခွဲ၍ ပေးသွင်းရပါမည်။) အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများ အလိုရှိပါသည်

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 782 216 338 pnndschool ကျောင်း > A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊


## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)တောင်သာ၊ ပဉ္စမတန်းမှ မဂျူးဂျူးမင်း၏ ဖခင်အမည်မှန်မှာ ဦးစူပါမင်း ၅/မရန(နိုင်) ၂၅၈၉၃၅ ဖြစ်ပါကြောင်း။**ဦးစူပါမင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)တောင်သာ၊ နဝမတန်းမှ မဇာနည်ဦးနှင့်ပဉ္စမတန်းမှ မောင်ဇာနည်မောင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုထိုက် ၅/ကလထ(နိုင်)၂၅၆၈၇၈ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုထိုက်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)တောင်သာ၊ သတ္တမတန်းမှ မသူဇာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင်ဆန်း ၅/ကလထ(နိုင်)၂၁၄၁၅၄ ဖြစ်ပါကြောင်း။
**ဦးလင်းအောင်ဆန်း**


## မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက် (ရုံးချုပ်)

### အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ရေးဈေးကွက် (Marketing Director & Consultant) များအလိုရှိသည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့) Ph.D ဘွဲ့ရအောင်မြင်ပြီးသူဖြစ်ရမည်။ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ တက္ကသိုလ်မှ ကျောင်းဆရာ၊ ဆရာမများ။ (ဂျာနယ်၊ ဝတ္ထု ဆောင်းပါး)များ၏ အယ်ဒီတာများ။ သတင်းမီဒီယာ (သတင်းထောက်များ)၊ စီးပွားရေးပညာရှင်များကို ဦးစားပေးမည်။ လုပ်ငန်းလုပ်ရာတွင် သွက်လက်ချက်ချာမှုရှိရမည်။ ဈေးကွက်ကို ချဲ့ထွင်ထိုးဖောက်နိုင်စွမ်းရှိရမည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်တတ်ပြီး ဆက်ဆံရေးအထူးကောင်းမွန်သူ၊ အသိုင်းအဝိုင်းကျယ်ပြန့်စွာရှိသူ ဖြစ်ရမည်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို နားလည်သူဖြစ်ရမည်။ လူထုဈေးကွက်အကြောင်း သိရှိရမည်။ အဖွဲ့အစည်းများကို ကိုယ်တိုင်ဖွဲ့စည်းတည်ဆောက်တတ်ရမည်။ ဈေးကွက်စည်းရုံးရေးနှင့် ထိုးဖောက်ရေးကို အဓိကအောင်မြင်စွာ စွမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။ ပြည်နယ်၊ တိုင်းဒေသရှိ စိတ်ပါဝင်စားသူများလည်း လျှောက်ထားနိုင်ပါသည်။ မိမိနေရာ မိမိဒေသတို့တွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသရှိဒေသခံပြည်သူများအား ဦးစားပေးခန့်အပ်ပါမည်။ ရန်ကုန်တွင် ရုံးတက်စရာမလိုပါ။ လစဉ်ဝင်ငွေ (အခြေခံလစာ+Bonus)(၆၀၀၀၀၀ မှ ၃၀၀၀၀၀၀) အထိ ကြိုးစားမှုအပေါ်မူတည်၍ ရရှိမည်။

စိတ်ပါဝင်စားသူများသည် CV Form (၁) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့စ်ဆိုဒ်ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင်
(၇) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၃၀၀၄၃၊ ၀၉-၂၅၀၇၇၄၉၀၈၊ ၀၉-၇၉၉၉၄၁၃၂၁။


## ၁၄-၂-၂၀၁၇ ရက်ထုတ် မြဝတီသတင်းစာပါ ဦးရဲရင့်သီဟ၏ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်း၏ရှေ့နေဖြင့် ကြေညာခြင်းအပေါ် ပြန်လည်သတိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သန္တာမင်းထွန်း၏ ညွှန်ကြားချက်အရ ၁၄-၂-၂၀၁၇ ရက်ထုတ် မြဝတီသတင်းစာပါ ဦးရဲရင့်သီဟ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်မြသန်းကြည်၏ ကြေညာချက်သည် လုံးဝမှန်ကန်မှုမရှိပါ။ ဒေါ်သန္တာမင်းထွန်းသည် ဦးရဲရင့်သီဟနှင့် လက်မထပ်မီ သူမသည် အိမ်ထောင်ကျခဲ့ဖူးကြောင်း ဖွင့်ဟပြောခဲ့ပြီး ဦးရဲရင့်သီဟကလည်း မသန္တာမင်းထွန်း၏ ဘဝဖြစ်စဉ်အားလုံးကို လက်မထပ်မီအချိန်ကတည်းက ကောင်းစွာသိထားပြီး ဒေါ်သန္တာမင်းထွန်းအား လိုလိုချင်ချင် လက်ထပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်သန္တာမင်းထွန်းသည် ခွင့်မလွှတ်နိုင်သောကိစ္စဟူ၍ ဘာတစ်ခုမျှမပြုလုပ်ခဲ့ပါ။ မမှန်မကန်ကြေညာခြင်းအတွက် ဦးရဲရင့်သီဟနှင့် ၎င်းရှေ့နေတို့သည် ပြန်လည်ရှင်းလင်းကြေညာပေးရန် တောင်းဆိုလိုက်သည်။ သို့မဟုတ်ပါက ဦးရဲရင့်သီဟနှင့် ပတ်သက်နေသူများကို ဥပဒေအရ ပြန်လည်အရေးယူမည်ဖြစ်ပါသည်။

ထို့အပြင် ဦးရဲရင့်သီဟသည် သူ၏မိခင် ဒေါ်ခင်ခင်ဦး၊ ညီ ဦးဘိုဘိုမင်းဇော်တို့နှင့်ပူးပေါင်းကာ ဒေါ်သန္တာမင်းထွန်းပိုင် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိနှင့် ပုသိမ်မြို့နယ်၊ ချောင်းသာ၊ ရွှေသောင်ယံရှိ မြေကွက်၏စာချုပ်နှင့် စာရွက်စာတမ်းတို့ကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိဘဲ မတရားလက်ဝယ်ရယူထားကြပါသည်။

အထက်ပါကိစ္စရပ်များအားလုံးကို ဦးရဲရင့်သီဟနှင့်တာဝန်ရှိသူများသည် ဤသတိပေး ကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ပြေလည်စွာဆောင်ရွက်၍ ပြီးပြတ်အောင်ဖြေရှင်းဆောင်ရွက်ပေးရန် သတိပေးလိုက်သည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေကြောင်းများနှင့်အညီ အမြန်ဆုံး တရားစွဲဆို ဆောင်ရွက်သွားတော့မည်ဖြစ်ပါသည်။

**သီတာဦး (စဉ်-၈၅၇၂)** **အောင်မျိုးထက် (စဉ်-၁၁၉၁၀)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဦးကျော်ကျော်ထွန်းနှင့်အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြယာကုန်းအိမ်ရာ၊ မြယာကုန်းလမ်း၊ အမှတ်(၇/၂လွှာ)နေ ဦးတင်ထွန်း(ဘ)ဦးရာဂျာ (၇၅)နှစ် ၆/ဘပန(နိုင်)၀၂၀၇၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဘုတ်ပြင်းမြို့နှင့် မြိတ်မြို့များတွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ထွန်း တစ်ဦးတည်းပိုင်ဆိုင် လက်ရှိထားခဲ့သော ပိုင်းမြေ၊ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ ရှိပါသည်။ ယင်းပစ္စည်းများသည် သားသမီးများပိုင်ဆိုင်သော ပစ္စည်းများမဟုတ်ပါ။ ဦးတင်ထွန်း၏ ဇနီးမှာလည်း ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဖခင်ဦးတင်ထွန်းအနေဖြင့် ၎င်း သက်ရှိထင်ရှားရှိနေစဉ် ၎င်းတစ်ဦးတည်း ပိုင်ဆိုင်လက်ရှိထားသောပစ္စည်းများကို သားသမီးများကိုသော်လည်းကောင်း၊ အခြားသူစိမ်းကိုသော်လည်းကောင်း ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အပြီးအပိုင်ရောင်းချခြင်း၊ လှူဒါန်းခြင်းများကို ၎င်းတစ်ဦးတည်း ဆန္ဒဖြင့် လွတ်လပ်စွာ ပြုလုပ်ခွင့်ရှိပါသည်။ ယင်းသို့ပြုလုပ်ခြင်းသည် အစ္စလာမ့်တရားဥပဒေအရလည်းကောင်း၊ နိုင်ငံတော်ဥပဒေအရလည်းကောင်း၊ တရားဝင်ပြီးဆန့်ကျင်ခြင်းမရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၁၁-၂-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးကျော်ကျော်ထွန်း ၆/ဘပန(နိုင်) ၀၀၀၀၃၇ဘက်မှ ဦးတင်ထွန်း တစ်ဦးတည်း ပိုင်ဆိုင်လက်ရှိထားသောပစ္စည်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွန်းအနေဖြင့် လက်မခံ၊ ပယ်ချပါသည်။

၁၅-၂-၂၀၁၇ ရက်စွဲပါ ဖခင်ဦးတင်ထွန်းက ဝဇီယာဒ်နာမာ"မှာတမ်း"ဖြင့် ပေးခဲ့သည့် ပစ္စည်းများအပေါ်တွင်သာ သားဖြစ်သူ ဦးကျော်ကျော်ထွန်းအနေဖြင့်ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်ရှိပါသည်။ အခြားပစ္စည်းများနှင့်ပတ်သက်၍ ဦးကျော်ကျော်ထွန်း အနေဖြင့် ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်တစ်စုံတစ်ရာမရှိပါ။ ကန့်ကွက်ခွင့်၊ တောင်းဆိုခွင့်၊ အနှောင့်အယှက်ပြုခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဇာလင်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၁၀၃၃၃/၂၆-၂-၂၀၁၅)**<br>**၁/၆၊ ကံဦးရပ်ကွက်၊**<br>**(လယ်ဝေးလမ်းဟောင်း)၊**<br>**နေပြည်တော်-ပျဉ်းမနား** | **ဦးအောင်သိန်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၆၁၉၇/၂၂-၅-၁၉၉၅)**<br>**အမှတ် ၃၇၈၊ ချယ်ရီလမ်း၊**<br>**သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့** |

| | | |
|---|---|---|
| **ဒေါ်ခင်မျိုးသွင် LL.B**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၀၀၃၁)**<br>**ရွှေပြည်ရန်နိုင်ရပ်၊**<br>**ပျော်ဘွယ်မြို့** | **ဒေါ်ပြည့်ဖြိုးလွင် LL.B**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၈၃၁၂)**<br>**ရွှေစည်းခုံ ၂ လမ်း၊**<br>**ရမည်းသင်းမြို့** | **ဒေါ်အေးချမ်းညိမ်း LL.B, LL.M**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၂၂၅၁)**<br>**မနော်ဟရီလမ်း၊ ဗ•မ•ကအနောက်၊**<br>**ရမည်းသင်းမြို့** |

## ဦးကျော်ကျော်ထွန်းနှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြယာကုန်းအိမ်ရာ၊ မြယာကုန်းလမ်း၊ အမှတ်(၇/၂လွှာ)နေ ဦးတင်ထွန်း(ဘ)ဦးရာဂျာ (၇၅)နှစ် ၆/ဘပန(နိုင်)၀၂၀၇၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ၁၅-၂-၂၀၁၇ ရက်က ဖခင်ဦးတင်ထွန်းတစ်ဦးတည်း ပိုင်ဆိုင်လက်ရှိထားခဲ့သော ရန်ကုန်မြို့၊ ဘုတ်ပြင်းမြို့နှင့် မြိတ်မြို့များရှိ ပိုင်းမြေအဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမွေအဖြစ် သားသမီးများအား နှုတ်ဖြင့်စီမံ၍ လက်ရောက်ခွဲဝေပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အမွေအဖြစ် နှုတ်ဖြင့်စီမံခွဲဝေ လက်ရောက်ပေးအပ်ခဲ့ခြင်းကို မှတ်တမ်းအဖြစ်လည်း ပြုလုပ်ထားခဲ့ပြီးဖြစ်ပါသည်။

၂။ ၁၅-၂-၂၀၁၇ ရက်က သားတစ်ဦးဖြစ်သည့် ဦးကျော်ကျော်ထွန်း ၆/ဘပန(နိုင်)၀၀၀၀၃၇ကိုလည်း ဖခင်ဦးတင်ထွန်းက ဝဇီယာဒ်နာမာ "မှာတမ်း"ပြုလုပ်၍ ပိုင်းမြေအဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေအဖြစ် မြွက်ဟကြေညာ၍ ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။

၃။ အထက်ပါအတိုင်း ဖခင်ဦးတင်ထွန်းက ၎င်းတစ်ဦးတည်းပိုင်ဆိုင်လက်ရှိထားခဲ့သော ပိုင်းမြေအဆောက်အအုံများကို သားသမီးများအား နှုတ်ဖြင့်စီမံခွဲဝေ လက်ရောက်ပေးအပ်၍သော်လည်းကောင်း၊ ဝဇီယာဒ်နာမာ"မှာတမ်း"ပြုလုပ်၍သော်လည်းကောင်း အမွေအဖြစ်အပြီးအပိုင် ပေးကမ်းခဲ့ပြီးဖြစ်ကြောင်း၊ အမွေအဖြစ်နှုတ်ဖြင့် စီမံခွဲဝေလက်ရောက်ပေးအပ်ခြင်း၊ ဝဇီယာဒ်နာမာပြုလုပ်၍ ပေးကမ်းခြင်းများကို စာမှတ်စာတမ်းပြုလုပ်ထားရှိခဲ့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဇာလင်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၁၀၃၃၃/၂၆-၂-၂၀၁၅)**<br>**၁/၆၊ ကံဦးရပ်ကွက်၊**<br>**(လယ်ဝေးလမ်းဟောင်း)၊**<br>**နေပြည်တော်-ပျဉ်းမနား** | **ဦးအောင်သိန်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၆၁၉၇/၂၂-၅-၁၉၉၅)**<br>**အမှတ် ၃၇၈၊ ချယ်ရီလမ်း၊**<br>**သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့** |

| | | |
|---|---|---|
| **ဒေါ်ခင်မျိုးသွင် LL.B**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၀၀၃၁)**<br>**ရွှေပြည်ရန်နိုင်ရပ်၊**<br>**ပျော်ဘွယ်မြို့** | **ဒေါ်ပြည့်ဖြိုးလွင် LL.B**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၈၃၁၂)**<br>**ရွှေစည်းခုံ ၂ လမ်း၊**<br>**ရမည်းသင်းမြို့** | **ဒေါ်အေးချမ်းညိမ်း LL.B, LL.M**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၄၂၂၅၁)**<br>**မနော်ဟရီလမ်း၊ ဗ•မ•ကအနောက်၊**<br>**ရမည်းသင်းမြို့** |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မေတင့်
### အသက်(၈၂)နှစ်

မန္တလေးတက္ကသိုလ်၊ သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမာ၏မိခင်ဖြစ်သူသည် ၁၀-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများ နှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခများ**
**တွဲဖက်ပါမောက္ခနှင့် ဆရာ/ဆရာမများ**
**သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ထွန်းထွန်း(ခ)ထွန်းပု၏ ချစ်လှစွာသောဖခင်ကြီး ဦးငွေလှိုင် အသက်(၈၁)နှစ် (ရာသက်ပန်တိုက်) ဈေးလမ်း၊ ရုံးကြီးရပ်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) ညပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း ထွန်းထွန်းနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ နာရေးကို ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် မြနန္ဒာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကောင်းမွန်သော ဘုံဘဝသို့ တက်လှမ်းရောက်ရှိစေကြောင်း)

**မုံရွာ အထက(၁)၊ ၁၉၈၅ သူငယ်ချင်းများ Group**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြရီ (ထားဝယ်)
### အသက်(၇၆)နှစ်

ထားဝယ်သဟာယဂေါက်သီးရိုက်အဖွဲ့ (DFGG) မှ အဖွဲ့ဝင် ဦးကျော်မင်းမင်းလတ်၏မိခင် ဒေါ်မြရီ အသက်(၇၆)နှစ်သည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ထားဝယ်သဟာယဂေါက်သီးရိုက်အဖွဲ့(DFGG)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးတင်အောင်အေး
### မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)
### အသက်(၇၅)နှစ်

ဒေါ်ကျန်တင်(သူနာပြုဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးတင်ဦး(ညွှန်ကြားရေးမှူး၊ မြို့ပြ၊ တည်ဆောက်ရေးအဖွဲ့-၂၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒေါ်မိုးသူဇာအေးတို့၏ချစ်လှစွာသောဖခင် ဒေါက်တာဦးတင်အောင်အေး အသက်(၇၅)နှစ်သည် ၂၀-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။**ညွှန်ကြားရေးမှူးချုပ်နှင့်တံတားဦးစီးဌာနမိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဆရာဦးတင်မောင်စိုး
### ကထိက၊ ရူပဗေဒဌာန၊ ထားဝယ်တက္ကသိုလ်
### အသက်(၅၄)နှစ်

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၉၅နေ ဦးစိုးညွန့်-(ဒေါ်ဝင်းလှ)တို့၏သား၊ ဒေါ်သိန်းသိန်းဆွေ(ထ/ပြ၊ အထက-၃၊ ထားဝယ်မြို့)၏မောင်၊ ဦးလှမိုးထွန်း-ဒေါ်အေးအေးဆင့်(ကော့သောင်းစာတိုက်)၊ ဒေါ်ရီရီချို၊ ဒေါ်ရီရီစု၊ ဒေါ်စန္ဒာဆင့်၊ ဦးတင်ကိုနိုင်-ဒေါ်သီတာသောင်း၊ ဦးခင်မောင်စိုး-ဒေါ်တိုးတိုးဝေတို့၏အစ်ကိုသည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂- ၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟာဂျီဦးထွန်းအောင်
## (ခ)ရှာဟူလ်ဟမီးဒ်
### (Chairman-Gensecon Myanmar Pte.Ltd.)
### [Supervisor (Rtd.) ဂါးဒီးယန်းသတင်းစာတိုက်]
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၅၆၊ သိမ်ဖြူလမ်း၊ B.S.C College နေ [ဟာဂျီ ဦးအာဘတ်(စ်)-ဟာဂျီမ မရီယမ်ဘီ (ခ) ဒေါ်အေးစိန်] တို့၏သား၊ [ဟာဂျီ ဦးယာစင်-ဟာဂျီမ ဒေါ်မိမိကြီး(Principal-B.S.C College)] တို့၏သားသမက်၊ ဟာဂျီမဒေါ်မြင့်မြင့်စိန်(Vice Chairman-GMPL)၏ချစ်လှစွာသောခင်ပွန်း၊ မအေးအေးထွန်း-မောင်စိုးဝဏ္ဏ (Diamond Group Construction)၊ ဟာဂျီ အာကာထွန်း (ဇဝရက် စက္ကူနှင့် မင်ရောင်းဝယ်ရေး) တို့၏ဖခင်၊မောင်စိုးသူရိန်ထွန်း(အထက-၅၊ ဗိုလ်တထောင်-Grade-1)၊မစိုးရတီထွန်းတို့၏အဘိုးသည် ၂၁-၂-၂၀၁၇ ရက် နံနက် ၃း၅၈နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်ဆွလာသ် အပြီးတွင် ရေဝေးမွတ်စလင်မ်ဥယျာဉ်တော်၌ဒဖနာပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရှိန်မြင့် (ဒုရဲမှူး၊ ငြိမ်း)
### အပတ်စဉ်-သူရ(၁၃)
### အသက်(၆၇)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့၊ (၃)ရပ်ကွက်နေ (ဦးတင်-ဒေါ်သိန်းနု)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ အမှတ် ၄၀နေ (ဦးသောင်းရှိန်)-ဒေါ်ခင်တင့်တို့၏သားသမက်၊ ဒေါ်နီနီဝင်း၏ချစ်လှစွာသောခင်ပွန်း၊(ဒေါ်စိန်အေး)၊ ဦးပန်း၊ ဒေါ်သိန်းသိန်းဆွေတို့၏ချစ်လှစွာသောညီ/မောင်၊ (ဦးမောင်မောင်ကြည်)-ဒေါ်စိုးစိုးမာ၊ (ဦးစိုးဝင်း)-ဒေါ်မူမူအေး၊ (ဦးသူရိန်ဇော်ဝင်း)-ဒေါ်မော်မော်ဝေ၊ဦးကျော်ငွေအောင်-ဒေါ်သီတာရှိန်၊ ဦးကောင်းမြတ်ရှိန်-ဒေါ်သင်းသင်းဦး၊ ဦးဇင်ကိုလွင်-ဒေါ်နီလာရှိန်တို့၏အစ်ကို၊ တူ၊ တူမ ၁၆ယောက်တို့၏ဘကြီး/ဦးလေးသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ပေဂွန်ပန်း(ခ)ဒေါ်ရွှေတင် (ပုသိမ်)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၄၉လမ်း၊ အမှတ် ၉၁/၂ (မြေညီထပ်)နေ (ဦးယုံစွမ်း)၏ဇနီး၊ ဦးကျော်ဟုတ်-ဒေါ်မေလျှန်း၊ ဦးကျော်ခိုင်-ဒေါ်အေးအေးဆွေ၊ ဒေါ်ရီရီဝင်း-ဦးသန်းငွေ(ကျုံပျော်)၊ ဦးကျော်နိုင်-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃း၃၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းခင်
### အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရွာသာယာကျေးရွာ၊ (၃)ရပ်ကွက်နေ ဦးကိုကြီး(မူအုပ်ကျောင်းအုပ်)၏ဇနီး၊ ဦးစိန်အောင်၊ ဒေါ်သန်းမြင့်(ကျန်းမာရေးဆရာမကြီး၊ ငြိမ်း)၊ မင်းတိုင်ပင်ကျေးရွာနေ အရာခံဗိုလ်သန်းလှိုင်၊ ဒေါ်စိုးစိုး၊ ဦးချစ်ဆွေ၊ ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်ကြီးစန်းငွေ(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်အေးအေးသန်း၊ မောင်ဝင်းဖေမြင့်၊ ဦးဘိုစန်း၊ ဒေါ်ယဉ်ယဉ်စန်း (အလပြ၊ ငြိမ်း)၊ ဒေါ်ယဉ်ယဉ်အေးတို့၏မိခင်၊ မြေး ၁၈ယောက်၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၂-၂၀၁၇ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး

## ဒေါ်မြရီ (စမ်းရတနာရွှေဆိုင်)
### ထားဝယ်မြို့
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာ၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် ၃၆/စီနေ (ဦးညို-ဒေါ်ထွန်းရင်)တို့၏သမီး၊ ဦးကျော်သိန်း(ထားဝယ်)၏ဇနီး၊ (ဦးဝင်းနိုင်)-သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း(Win&San Diamond and Fine Jewellry)၊ ဦးဝင်းထွဋ်သန်း(Sky Flying Co., Ltd.)-ဒေါ်မာမာအေး (သိုက်စိန်ရတနာဆိုင်)၊ ဦးကျော်မင်းမင်းလတ်(ခ)ကိုစု(အမိပတိသိုက်ကုမ္ပဏီလီမိတက်၊ ထားဝယ်)-ဒေါ်ကေမာခိုင်(သိုက်စိန်ရတနာဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မချမ်းငြိမ်းဆု၊ မဖူးပွင့်ခိုင်၊ မချောခိုင်ခိုင်ဆက်၊ မပိုးစန္ဒီသန့်၊ ကိုစွမ်းသီဟအောင်-မယမင်းခင်၊ မကေစုရတီဇော်(Year 3/E-MISY)၊ မောင်ကျော်သံလွင်ဟိန်း(Year 1-MISY)၊ မောင်ဂေါင်ဦးစွမ်းတို့၏ ဘွားဘွားကြီးသည် ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၃နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး

## ဒေါ်မြရီ (စမ်းရတနာရွှေဆိုင်)
### ထားဝယ်မြို့
### အသက်(၇၆)နှစ်

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ကလောင်ဆွေလမ်း၊ အမှတ် ၃၃၁နေ (ဦးညို-ဒေါ်ထွန်းရင်)တို့၏သမီး၊ ဦးကျော်သိန်း(ထားဝယ်)၏ဇနီး၊ (ဦးဝင်းနိုင်)-သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း(Win & San Diamond and Fine Jewellry)၊ ဦးဝင်းထွဋ်သန်း(Sky Flying Co.,Ltd.)-ဒေါ်မာမာအေး(သိုက်စိန် ရတနာဆိုင်)၊ ဦးကျော်မင်းမင်းလတ်(ခ)ကိုစု (အမိပတိသိုက်ကုမ္ပဏီလီမိတက်၊ ထားဝယ်)-ဒေါ်ကေမာခိုင်(သိုက်စိန်ရတနာဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ ထားဝယ်မြို့နေ ဦးထွန်းရွှေ၊ ဒေါ်တင်ရီ(ရွှေဆိုင်)၏ညီမ၊ ဦးခင်မောင်ဦး၊ ဦးစံဝင်း-ဒေါ်ရီရီထွေး (ခ)မမိအေးတို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၃နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း (မန္တလေး)
### CDC 5035
### တကက(ရေ-၆၆၂၃)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ကျိုက်လတ်လမ်း၊ အမှတ် ၃၄၊(သုံးလွှာ)ခြေရင်းခန်းနေ (ဦးဘဟိန်-ဒေါ်စောရွှေ)တို့၏သား၊ (ဦးတင်မောင်ကြီး - ဒေါ်သန်းရီ)တို့၏သားသမက်၊ (ဒေါ်သန်းသန်းငွေ)၏ခင်ပွန်း၊ ဦးအောင်စိုးထွန်း-ဒေါ်ဝါဝါအောင်၊ ဦးသိန်းထူး-ဒေါ်ဆွေဆွေဝင်း၊ ဦးစိုးပိုင်ဝင်း-ဒေါ်သဇ္ဇာဦး၊ ဦးသောင်းအေး-ဒေါ်ချိုဇင်လတ်တို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည်၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်မြညွန့် (မြိတ်)
### အသင်းဝင်အမှတ်(၁၀၅၀)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်း၊ အမှတ် ၆၀၊ ပထမထပ်နေ ဦးစံဝင်း၏ဇနီးသည် ၁၇-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

## ဦးအောင်ထွန်း အသက်(၇၈)နှစ်
### ပအရာခံဗိုလ်(ငြိမ်း)

မုတ္တမ၊ ကျွဲခြံတောင်ပိုင်းနေ (ဦးစံညွန့်-ဒေါ်ခင်ဝဲ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် (၉၉/ ၈ B)နေ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်းဦးအေးထူး(ရုံးအုပ်၊ နယ်လှည့်စာရင်းစစ်ရုံး၊ တောင်ငူမြို့)-ဒေါ်မူမူအောင် (ဦးစီးအရာရှိ၊ ငြိမ်း)၊ မန္တလေးမြို့နေ ဦးအေးလတ်ထူး-ဒေါ်ရီရီလွင်၊ဒေါ်ခင်မာမြင့်၊ဒေါ်ခင်ဝင်းမြင့် (အထွန်း) (ဒုလဝကမှူး၊ စမ်းချောင်း၊ လဝကရုံး)၊ ဦးအောင်ကိုဝမ်း၊ ဦးရဲမင်းဦး-ဒေါ်တင်မျိုးမြတ်ထွန်းတို့၏ ဖခင်ကြီး၊ မောင်ဖြိုးဇင်အောင်၊ မဆုသီရိအေး၊ မောင်အောင်ခန့်သူ၊ မောင်ဇွဲထက်မြတ်၊ မအေးသီသီအောင်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၂-၂၀၁၇ရက်ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်သီဟစိုး(ခ)တုတ်တုတ်
### အသက်(၂၇)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပဲပုတ္တတန်း၊ အကွက် ၂၈၈နေ ဦးထွန်းမြင့်-ဒေါ်ခင်ညွန့်တို့၏တူ၊ ဦးဝင်းကို-ဒေါ်မာမာမြင့်တို့၏သား၊ မအေးမာဝင်း၏မောင်၊ မောင်ကိုမင်းမင်း၊မမြင့်သီတာ၊ မောင်နိုင်နိုင်ထွန်းတို့၏ အစ်ကိုသည် ၁၇-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင်အထက်ပါနေအိမ်မှတောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်း
### အသက်(၈၃)နှစ်

မုတ္တမမြို့နေ (ဦးစံငွေ-ဒေါ်မကြည်)တို့၏သား၊ မြင်းခြံမြို့နေ (ဦးလှကြီး-ဒေါ်အေးရင်)တို့၏သားသမက်၊ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းသန်း-ဒေါ်ခင်ခင်ငွေ၊ ဦးမျိုးမင်းသန်း၊ ဦးမင်းထွန်း-ဒေါ်တင်ဝင်းမွန်၊ဦးမင်းဟန်-ဒေါ်ဝင်းမင်းသန်း၊ ဒေါ်ခိုင်ခိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် ၁၅/C၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှထွန်း
### မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
### လ/ထ တိုင်းမန်နေဂျာ(ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ် ၃၂ (ပထမထပ်)နေ (ဦးသောင်းဖေ-ဒေါ်ငွေစိန်)တို့၏သား၊(ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊ ဦးသန်းထိုက်အောင်-ဒေါ်ဖြိုးသီရိထွဋ်တို့၏ချစ်လှစွာသောဖခင်၊ ခွန်းချိန်တေးထွဋ်@Trillion, Billion တို့၏အဘိုးသည် ၂၀-၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်မြဆွေ (မြင်းခြံမြို့)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၇)ရပ်ကွက်၊ တိုက် ၂၂၊ အခန်း ၂၂နေ ဦးခင်မောင်ဇော်၏ဇနီး၊ ကိုအောင်ဖြိုးဇော်၊ ဗိုလ်ကြီးငြိမ်းထိုက်ဇော်တို့၏ချစ်လှစွာသောမိခင်၊ မြင်းခြံမြို့နေ (ဦးဖေ-ဒေါ်သန်းစိန်)တို့၏သမီး၊ ဒေါက်တာလှဝင်းရွှေ၏ညီမ၊ (ဦးထွန်းအောင်ကျော်)၊ မတင်မာပြုံး၊ မတင်တင်ဝင်း၊ (ကိုအောင်ငွေတိုး)၊ ကိုအောင်ငွေစိုး-မရီရီချိုတို့၏အစ်မ၊ တူ၊ တူမ လေးယောက်တို့၏အဒေါ်သည်၂၀-၂-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၇ရက်မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထွန်း
### အသက်(၆၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ ၆လမ်း၊ အမှတ် ၃၂၃နေ (ဦးဘိုဒွေး-ဒေါ်သောင်းတင်)တို့၏သား၊(ဦးရွှေမြ-ဒေါ်ရွှေပုတ်)တို့၏သားသမက်၊ ဦးမောင်ဉာဏ်-ဒေါ်တင်စိန်၊ (ဦးစန်းလှိုင်)-ဒေါ်မြမြသန်းတို့၏မောင်၊ ဒေါ်စန်းစန်းမြင့်၏ ခင်ပွန်း၊ မဆွေဇင်ထွန်း၊ မဓေသူထွန်း၊ မမြင့်မိုရ်ထွန်းသာ(ခ)ယွန်းမျက်သွယ်တို့၏ဖခင်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၀း၄၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းထွေး (ချောက်မြို့)
### အသက်(၉၄)နှစ်

ချောက်မြို့၊ လမ်းမတော်နေ (ဦးတင်ထွန်း)၏ဇနီး၊ ဒေါက်တာဦးမြင့်ပို-ဒေါ်တင်ငွေးရွှေ၊ ဦးမြင့်ချို(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်မြမြသန်း၊ ဦးကျော်မြင့်ဦး-ဒေါ်ရီရီထွန်း၊ ဦးဝင်းအောင်မြင့်-ဒေါ်သန်းနှစ်၊ ဦးဇော်လွင်-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးသန်းထွန်း-ဒေါ်ဖြူဖြူထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၇ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ချောက်မြို့ မြေနီကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အင်ကြည် (ထားဝယ်)
### ဆန်းသစ်မုန့်တိုက်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၅၀(အထက်လမ်း)၊ အမှတ် ၁၅၀(မြေညီ)နေ (ဦးချမ်းလှိုင်-ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဦးစစ်ငွေ)၏ဇနီး၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းအေး၊ (ဦးဇော်မင်း)၊ ဦးဇော်လင်း-ဒေါ်ရီရီတင်၊ ဦးလှဇော်၊ ဦးစိန်ကျို-ဒေါ်ကြင်ကြင်စိုး၊ ဒေါ်က္ကန္ဒဝတီ၊ ဦးယုလှိုင်-ဒေါ်နီနီချိုတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးဖုကျဲန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်မင်း(ငြိမ်း) ရွှေဘို
### ကြည်း-၁၀၉၈၃
### အသက်(၈၀)

ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ လမ်းမတော်နေ(ဦးထူး-ဒေါ်မြရီ)တို့၏သား၊(ဒေါ်တင်လှလှ)၏ခင်ပွန်း၊ ဒေါ်ခိုင်ခိုင်မင်း (ထ-ခွဲ၊ အလက-၁)၊ ဦးရဲဝင်း-ဒေါ်စန္ဒာမင်း(လယ်ယာသုံးစက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးဝင်းတင့်-ဒေါ်ဖြူဖြူမင်း (ကထိက၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်မင်း(ငြိမ်း) ရွှေဘို
### ကြည်း-၁၀၉၈၃
### အသက်(၈၀)

ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊လမ်းမတော်နေ(ဦးထူး-ဒေါ်မြရီ)တို့၏သား၊(ဒေါ်တင်လှလှ)၏ခင်ပွန်း၊ (ဦးစိန်ဝင်း)-ဒေါ်ခင်တင့်(ဆည်မြောင်း၊ ငြိမ်း)တို့၏ညီ၊ (ဦးသောင်းဝေ)-ဒေါ်တော(မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)၊ ဒေါ်ခင်သိန်း(အထည်ဆိုင်)၊ ဦးကျော်အေး-ဒေါ်ငြိမ်းငြိမ်း(ကုန်သွယ်ရေး-၁၊ ငြိမ်း)၊ ဦးမြင့်ဆွေ-ဒေါ်မိုးမေ (မွတ္တာဆေးဆိုင်)၊ ဒေါ်လွင်လွင်မြင့်၊ ဦးခင်မောင်ဝင်း(တိ-ကု၊ ငြိမ်း)-ဒေါ်သက်သက်ထူးတို့၏အစ်ကိုသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမတစ်စု

## ဦးကံပိုင်
### အသက်(၇၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ တွင်းကြီးကျေးရွာနေ(ဦးစိုးမြ-ဒေါ်ချိတ်မိ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ငွေးမြ၏ခင်ပွန်း၊ ဦးကံငွေးဦး၊ ဦးကံငွေးလင်း(ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)-ဒေါက်တာတင်မြထွေး(ဇမ္ဗူသီရိမြို့နယ် ကုသရေးဦးစီးဌာနမှူး)၊ ဒေါ်ခင်သူဇာလင်း၊ ဒေါ်ခင်သူဇာထွေးတို့၏ဖခင်၊ မောင်ဇေလင်းမြတ်နှင့် မောင်အောင်ကောင်းမြတ်တို့၏အဘိုးသည် ၂၁-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်ခင်မမတင်
### အုပ်ချုပ်ရေးမှူး CAE ၊ ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်
### အသက်(၆၇)နှစ်

မန္တလေးမြို့နေ ဦးမောင်မောင်ကျော်-ဒေါ်ခင်စန်းမြင့်(CAE)၊ ဦးဝင်းထွန်းထွန်း(CAE )တို့၏ညီမ၊ ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာလင်းထွန်းထွန်း(ငြိမ်း၊ ဓာတ်မှန်ဌာန)-ဒေါက်တာမြင့်မြင့်ကြည်၊ မန္တလေးမြို့နေ ဒေါ်နှင်းနှင်းမော်(CAE )၊ ဒေါ်နုနုရီ(CAE)၊ ဦးကိုကိုလေး(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်သန်းမိတို့၏အစ်မ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၆၅×၆၆လမ်းကြား၊ အမှတ်(၁၂/B)၊ အေးချမ်းသာနေ ဦးတင်အေး (CAE) မြို့နယ်အခွန်ဦးစီးဌာနမှူး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သစ်သစ်အေး(CAE)၊ ဦးမျိုးမင်းအေး-ဒေါ်ကြင်ကြင်နွဲ့(CAE)၊ ဒေါက်တာထင်အောင်လင်း(အရိုးအထူးကုဆရာဝန်)-ဒေါက်တာထိုက်ထိုက်အေး(CAE)တို့၏မိခင်၊ မောင်အောင်ဘုန်းမြင့်(Grade - VII, CAE)၊ မထက်မြတ်မြင့်မိုရ်(PreKG Horizon )တို့၏ အဘွားသည် ၂၁-၂-၂၀၁၇ရက် နံနက် ၆း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနု အသက်(၅၁)နှစ်
### စာရင်းကိုင်(၁)
### မြန်မာအမျိုးသားလေကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်၊ ဧရာဝဏ်လမ်း၊ ကွေ့မအိမ်ရာ၊ တိုက် B၊ အခန်း ၀၀၁နေ (ဦးသောင်းရွှေ)-ဒေါ်ခင်စောတို့၏သမီး၊ ဦးရွှေမြလွင်-ဒေါ်ခင်မာလာ၊ ဦးမြင့်စိုး-ဒေါ်အေးအေးသောင်းတို့၏ညီမ၊ ဒေါ်မြင့်မြင့်ခိုင်(MEB-5)၊ ဦးသိန်းဇော်-ဒေါ်နန်းခက်ခက်ဦး(အလှသစ်အထည်ချုပ်လုပ်ငန်း)၊ ဦးမြတ်မင်းအောင်(ခ)ဦးဝင်းနိုင်(CB Bank)-ဒေါ်သက်သက်လှိုင်တို့၏အစ်မ၊ တူ၊တူမ လေးယောက်တို့၏ကြီးတော်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)ည ၁၀း၅၀နာရီတွင်ကွယ်လွန်သွားပါ၍၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဇော်မင်း
### အငယ်တန်းအင်ဂျင်နီယာ(၃)
### ကျောက်တော်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်နေ (ဦးဘိုကြီး) - ဒေါ်စောဟန်တို့၏သား၊ ဦးသက်တင်-ဒေါ်မိမိအောင်တို့၏မောင်၊ ဦးဇော်ဝင်း၊ ဦးသိန်းတန်တို့၏အစ်ကို၊ တာမွေမြို့နယ်၊ မန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၉၇နေ ဒေါ်မြမြစန်း(ဆောက်လုပ်ရေး)၏ခင်ပွန်း၊ မသဇင်၊ မောင်အောင်ကိုကိုမင်းတို့၏ ဖခင်သည် ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွင် အခြေခံမူရရှိစေရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူ (၈)ချက်ကို အဓိကထားဆွေးနွေးမည်

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ထန်တလန်မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ သုံးရက်တာ ပြုလုပ်မည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ၂၀၀၅ ခုနှစ်က ပြုလုပ်သည့် တိုင်းရင်းသားညီလာခံက သဘောတူချမှတ်ထားသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူ(၈)ချက်ကို အဓိကထား ဆွေးနွေးဖလှယ်မည်ဖြစ်ကြောင်း ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ (CNDJC) မှ သိရသည်။

ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Summit ParkView ဟိုတယ်၌ ပြုလုပ်သည့် ချင်းအမျိုးသားတပ်ဦး(CNF)၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)ဖြင့် ဖွဲ့စည်းထားသည့် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ (CNDJC) ၏ ပြောကြားချက်အရ သတင်းစာရှင်းလင်းပွဲတွင် သိရှိရခြင်းဖြစ်သည်။

ချင်းအမျိုးသားတပ်ဦး (CNF)၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရမ်းကုလ်ကျုံးက “ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် မျှော်လင့်တာက အသေးစိတ်မဖော်ပြထားတဲ့ အခြေခံမူအဆင့်လောက်တော့ ရချင်တယ်။ အဲ့ဒီလို ရလဒ်ထွက်ဖို့အတွက် ကျွန်တော်တို့က ကဏ္ဍအားလုံးကိုဆွေးနွေးရင် တော်တော်လေး ကျယ်ပြန့်သွားမယ်။ ကျွန်တော်တို့ လိုချင်တာကို ရနိုင်ပါ့မလား။ ဒါကြောင့် ကျွန်တော်တို့ အသေးစိတ်မသွားဘဲ အခြေခံကို

စာမျက်နှာ ၅ ကော်လံ ၄ ❋



ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်

# မလေးရှားနိုင်ငံက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ စစ်တွေမြို့သို့ရောက်ရှိ



**တင်ထွန်း(ပြန်/ဆက်)**

**စစ်တွေ ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ်အတွက် မလေးရှားနိုင်ငံအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများသည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စစ်တွေဖောင်တော်ကြီး ဆိပ်ခံတံတားသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများကို ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ထောက်ပံ့သွားမည်ဖြစ်သည်။ မလေးရှားနိုင်ငံအစိုးရက လှူဒါန်းသည့်ပစ္စည်းများမှာ ဆန်အိတ် ၆၀၀၀၊ ခေါက်ဆွဲ ၁၉၄၆ ဗာ၊ ရေသန့် ၉၇၅ ဗာ၊ သွားတိုက်ဆေး ဗာ ၁၀၀၊ သွားတိုက်တံ ၃၆ ဗာ၊ တဘက် ၉၅ ထုပ်၊ ပရုတ်ဆီ ၃၅ ဗာ၊ ဆပ်ပြာမှုန့် ၅၆၂ ဗာ၊ ဆပ်ပြာခဲ ၂၂ ဗာ၊ ဘီး ၈ ဗာ၊ အမျိုးသမီးလစဉ်သုံးပစ္စည်း ၁၃၉ ဗာ၊ မုတ်ဆိတ်ရိတ်ဓား ဗာ ၅၀၊ လက်သည်းညှပ် ကိုးဗာနှင့် ဖိနပ် အိတ် ၅၀ တို့ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွက် မလေးရှားနိုင်ငံအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများကို တွေ့ရစဉ်

## စလင်းမြို့နယ် လေးအိမ်စုကျေးရွာ၌ အသက် ၁၁၆ နှစ် ကိုးလနှင့် ဆယ်ရက်အရွယ်ရှိ အဘိုး ဦးမိုးအေး ယခုထက်ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာနေထိုင်လျက်ရှိ

စာမျက်နှာ - ၆

